# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (16-3-2015) (၈၁၄၆)


**မေတ္တာသည်သီတာရေစင်**

မေတ္တာတရားတည်ရှိရာ၊ ထွန်းကားရာအရပ်များ၌ မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှ မတူသောချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲဖြစ်၏။

ထို့ကြောင့် သီလကို ပန်းရန့်နှင့် နှိုင်း၏။

မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်
၄၁ ဒီဂရီစင်တီဂရိတ်

မကွေး
၄၀ ဒီဂရီစင်တီဂရိတ်

ဟသ်ာတ
၄၀ ဒီဂရီစင်တီဂရိတ်

ဘော်လခဲ
၄၀ ဒီဂရီစင်တီဂရိတ်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျီးနီကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုပြီး ရေပိုလွှဲနှင့် သဲထုတ်ရေတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းခွင်ဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်ပြီး လိုက်လံရှင်းလင်းတင်ပြကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က စီမံကိန်း ရှင်းလင်းဆောင်တွင် ကျီးနီကန် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းခွင်နှင့် စပ်လျဉ်းသည့်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

## လမ်းညွှန်ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ကျီးနီကန်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် တည်ရှိပြီး မြောက်ဘက်သို့ စီးဆင်းသွားသည့် စမုံချောင်းအားပိတ်၍ လည်းကောင်း၊ တောင်ဘက်သို့ စီးဆင်းသွားသည့် နဝင်းချောင်းအား ပိတ်၍လည်းကောင်း ကန်ပေါင်နှစ်ခုဖြင့် ရေဝေကုန်းတန်းတစ်ခုပေါ်တွင် တည်ဆောက်ခဲ့သည့် ကန်တစ်ကန်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျီးနီကန်ရေပိုလွှဲနှင့် သဲထုတ်ရေတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



* နိုင်ငံတော်က ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းမဆောင်ရွက်မီ ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၂၆၀၀ မှ ဧကပေ ၈၁၀၀ အထိ ပိုမိုသိုလှောင်နိုင်မည်ဖြစ်။
* နှစ်စဉ် မိုးစပါး ဧက ၂၅၀၀၊ နွေစပါး ဧက ၃၀၀ ခန့်သာ စိုက်ပျိုးရေပေးဝေနိုင်ရာမှ မိုးစပါး ၆၄၂၈ ဧကနှင့် နွေစပါး ဧက ၁၇၀၀ စုစုပေါင်း ၈၁၂၈ ဧက အားလုံး မိုးစပါးစိုက်ပျိုးရေ အပြည့်အဝပေးဝေရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ မြို့လူထုအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကန်အနီးအနားရှိ ဆည်ကြီးကျေးရွာနှင့် ညောင်အိုင်ကျေးရွာများမှ လူနေအိမ်ခြေများနှင့် မြေယာများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရည်ရွယ် ဆောင်ရွက်ခဲ့။




**ကြေးမုံ စာတည်းရှုထောင့် ၁၆-၃-၂၀၁၅၊ တနင်္လာနေ့**

# ဒေသဖွံ့ဖြိုး ကျေးလက်အကျိုး

သမိုင်းဦးဘုံမြေခေတ်ကတည်းက လူတို့သည် မိမိတို့ဘဝရပ်တည်ရှင်သန်ရေးအတွက် ရေကြည်ရာ မြက်နုရာဒေသများသို့ ပြောင်းရွှေ့အခြေချနေထိုင်လုပ်ကိုင်ခဲ့ကြသည့် အစဉ်အလာရှိသည်။ မျက်မှောက်ကာလအထိတိုင် ထိုအစဉ်အလာမှာ ရှိနေမြဲဖြစ်သည်။ များသောအားဖြင့် ကျေးလက်ကိုစွန့်ခွာပြီး မြို့ပြသို့တက်လာခဲ့သည်။ မြို့ပြတွင် မိမိတို့ တိုးတက်ရာတိုးတက်ကြောင်း အလုပ်အကိုင်များ လုပ်ကိုင်ကြကာ အခြေချနေထိုင်ခဲ့ကြသူများသည်။

ယင်းမှာ သဘာဝပင်ဖြစ်၍ အပြစ်ဆိုဖွယ်ရာမရှိ။ လူ့သဘာဝအရ တိုးတက်ရာတိုးတက်ကြောင်း ရှာဖွေကြမည်မှာ အမှန်ဖြစ်သည်။ မိမိမူရင်းနေထိုင်ရာဒေသမှာ နေချင်ဖွယ်လည်းကောင်း၊ လူမှုဘဝလိုအင်များလည်း အတန်အသင့်ပြည့်စုံ၊ ဝင်ငွေလည်းကောင်းနေပါက နေရာသစ်သို့ထွက်ခွာကြလိမ့်မည် မဟုတ်ချေ။ များသောအားဖြင့် မိမိနေရင်းဒေသကိုသာ ခင်တွယ်ကြသည်။ မိမိဒေသတွင်သာ ဓားမဦးချ နေထိုင်လုပ်ကိုင်လိုကြသည်။

ကျေးလက်ဒေသ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံပြီးမှ အခြားအလုပ်အကိုင်များ ဆက်စပ်ဖြစ်ထွန်းသည်။ တစ်သီးစိုက်ပြီး တွက်ခြေမကိုက်၍ နောက်တစ်သီး ဆက်မစိုက်နိုင်တော့ပါလျှင် အခြားအလုပ်အကိုင်သစ်ကို ရှာဖွေကြမည်မှာအမှန်ဖြစ်သည်။ ထို့ကြောင့် တစ်သီး၊ နှစ်သီး၊ သုံးသီး စိုက်နိုင်အောင် အားထုတ်ကြရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရန်မြေရှိသည်။ ထိုမြေတွင် စိုက်ပျိုးရန် ရေအလုံအလောက်ပေးနိုင်လျှင် သီးထပ် စိုက်နိုင်သည်။ အချို့နေရာတွင် စိုက်ပျိုးရေမလုံလောက်သောကြောင့် သီးထပ်မစိုက်နိုင်၊ သီးထပ်မစိုက်နိုင်သောကြောင့် ဝင်ငွေမတိုး၊ ဝင်ငွေမတိုးသောကြောင့် ဝင်ငွေတိုးမည့်ဒေသကို ရွှေ့ပြောင်းလုပ်ကိုင်ကြသည်မှာ သဘာဝပင်။ ထို့ကြောင့် သီးထပ်စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က အလေးထားလုပ်ကိုင်ပေးနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်ရက်က ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းနေသော အရှည် ၃၄ မိုင်ကျော်ရှိ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုင်ငံတော်သမ္မတကိုယ်တိုင် ကွင်းဆင်းကြည့်ရှုပြီး တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးငယ်များ ပညာတတ်ဖြစ်ရေး လမ်းညွှန်မှာကြားပေးခဲ့သည်။

ထိုဒေသများသည် ရေရှားသော ဒေသများမဟုတ်ပါ။ ရေမရှားသော်လည်း လယ်ယာမြေများ ရေကြီးနစ်မြုပ်တတ်သဖြင့် သီးထပ်မစိုက်နိုင်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးပါ ခက်ခဲလာသည်။ တစ်ဆက်တည်းတွင် အခြားလူမှုဘဝလိုအပ်ချက်များရှိခဲ့သည်။ ထို့ကြောင့် ပန်းလှိုင်မြစ်ကြောင်းဖွံ့ဖြိုးရေးကို နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြောင်းပြန်လည်တူးဖော်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်သောကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးစိုက်ပျိုးရေရရှိနိုင်မည်။ အလားတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်။ စိုက်ပျိုးရေးကောင်းမွန်မည်။ တံငါလုပ်ငန်းနှင့် အသက်မွေးနိုင်မှုတိုးလာမည်စသည့်အကျိုးကျေးဇူးများကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ ဒေသခံအိမ်ထောင်စု ၂၀၈၃၃ စုတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာတော့မည်။

အိမ်ထောင်စု နှစ်သောင်းကျော်၊ လူဦးရေ တစ်သိန်းနီးပါးသည် ပန်းလှိုင်မြစ်ကြောင်းဖွံ့ဖြိုးလာသဖြင့် မိမိအရပ် မိမိဒေသတွင် စိတ်လက်ချမ်းသာစွာဖြင့် မပြောင်းမရွှေ့အသက်မွေးမှုပြုနိုင်တော့မည်။ မိမိရပ်ရွာ၊ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကိုယ်တိုင် ကောင်းသောအသက်မွေးမှုများဖြင့် ကြိုးပမ်းအားထုတ်ကြရမည်မှာ မိမိတို့တာဝန်ဖြစ်သည်။ မိမိတို့အကျိုးပြုသော ပန်းလှိုင်မြစ်ကြောင်းကြီး ထာဝစဉ်ကောင်းမွန်နေစေရန် မိမိတို့အားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ။

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာ



**နေပြည်တော် မတ် ၁၅**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့်ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပရာ**(ယာပုံ)**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် တစ်ဦးချင်း အကြံပြုစာပေးပို့ထားသည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးအကြံပြုချက်များအား ကြားနာခဲ့သည်။

အဆိုပါ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ကော်မရှင်အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် တစ်ဦးချင်း အကြံပြုစာပေးပို့ထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့ ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက အမျိုးသားပညာရေးဥပဒေမူကြမ်းအပေါ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုအစိုးရကိုယ်စား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (သို့မဟုတ်) ၎င်းက တာဝန်ပေးသူတစ်ဦးက လက်ခံဆွေးနွေးပါရန် လွှတ်တော်သို့ လာရောက်အဆိုတင်သွင်းသည့်အခါ လွှတ်တော်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းတင်သွင်းသည့်အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်သို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်လိုအပ်ပါကြောင်း၊ လွှတ်တော်အတွင်း ဥပဒေကြမ်းရောက်ရှိရန်နှင့် ဥပဒေအတည်ပြုရန် လွှတ်တော်၏ သဘောထားဖြင့် ဆုံးဖြတ်ရပါကြောင်း၊ ဤဥပဒေကြမ်းသည် လေးလေးနက်နက်ဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တူညီသည်မှာ မြန်မာနိုင်ငံ၏ ပညာရေးစနစ် အဆင့်မြင့်ကောင်းမွန်စေလိုခြင်းပင်ဖြစ်ပါကြောင်း၊ တူညီသည့် ရည်မှန်းချက်များဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ရခြင်းအား ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် တစ်ဦးချင်း အကြံပြုစာပေးပို့ထားသည့် ဒေါက်တာသန်းဦး(ဥက္ကဋ္ဌ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့)၊ ဒေါ်ခင်ခင်ဆက် (ဒါရိုက်တာ၊ ရွှေနှင့်မြသတ္တုတူးဖော်ရေးကုမ္ပဏီ)၊ ဦးငွေတိုး (ဦးစီးအရာရှိ၊အမှတ်(၁)အခြေခံပညာဦးစီးဌာန)၊ ဦးဇော်ဖေဝင်း(ဥက္ကဋ္ဌ၊ ပန်းတိုင် ပညာရေးဖောင်ဒေးရှင်း)၊ ဦးဇော်သူရိန်ထွန်း(တာဝန်ခံ၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်)၊ ဦးတင်ဝင်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးမင်းဇော်(ဒုတိယဥက္ကဋ္ဌ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ)၊ ဦးမြင့်ဦး(သင်တန်းဆရာ၊ ပြည့်မော်ကွန်း ပညာပေးနည်းပြ)၊ ဒေါ်ယုယုခိုင်(မန်နေဂျင်းဒါရိုက်တာ၊ Zillion Successes Co.,Ltd.)၊ ဦးရှိန် (ဘဏ်ဥပဒေအကြံပေး)၊ ဦးဝင်းကိုကိုလတ်(ဥက္ကဋ္ဌ၊ မြန်မာ့အမျိုးသားရေးကွန်ရက်)၊ ဦးဝင်းမြင့်မောင်(အငြိမ်းစားပညာရေးဝန်ထမ်း)၊ ဦးဟန်ညွန့် (ဥပဒေပညာရှင်)၊ ဦးအောင်ကိုကိုထွေး(စီမံကိန်းညှိနှိုင်းရေးမှူး၊ အာဒရာမြန်မာ)နှင့် ဦးအောင်မြင့်(အငြိမ်းစားပညာရေးဝန်ထမ်း)တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့၏ သဘောထားအမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

**(သတင်းစဉ်)**



# ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၁၆**

မစ္စတာ ယာရိုစလပ် ဒိုလီဆက်ခ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ယာရိုစလပ်ဒိုလီဆက်ခ်အား ၁၉၅၆ ခုနှစ် မတ် ၁၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပရပ်မြို့ရှိ ချက်နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာမဟာဘွဲ့နှင့် ဗြိတိန်နိုင်ငံ မေလ်တန်ကိန်းစ်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကာလတွင် ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၏ စီမံကိန်းများတွင် ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ စတင်၍ ချက်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် နည်းပညာဆိုင်ရာဌာနတွင် ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲတာဝန်အထိလည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ရင်းနှီးမြှုပ်နှံမှုဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်အထိ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်တွင် ဆစ်ဒနီမြို့ရှိ ချက်သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်ဖြစ်လာခဲ့သည်။ ထို့နောက် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တိုင်ပေရှိ ချက်နိုင်ငံစီးပွားရေးနှင့် ယဉ်ကျေးမှုရုံးတွင် ရုံးအကြီးအကဲ(သံအမတ်ကြီးအဆင့်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာနပိုင် အဆောက်အအုံနှင့်ပစ္စည်းများ စီမံခန့်ခွဲရေးဆိုင်ရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ယာရိုစလပ် ဒိုလီဆက်ခ်သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**


ရွှေခိုးစည် သကြန်ခရီးစဉ်များ ကြိုတင်ဝယ်ယူနိုင်ပါပြီ
50% DISCOUNT အထူးခရီးစဉ်...
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဇွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်)ခရီးစဉ် 60000/-
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရောင်ပန်း၊ ကလော (၅)ရက်ခရီးစဉ် Mar 13,20,26
■ပန်းရွှေဝက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ မကွေးမြသလွန် ဘုရားစုံ (၃/၅)ရက်
■ပန်းရွှေဝက်တော် နှင့် အလောင်းတော်ကဿပ၊ မုံရွာ၊ မန္တလေး (၅)ရက်ခရီး
■ပန်းရွှေဝက်တော်နှင့် ပုဂံ(ဇွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (၅)ရက်ခရီးစဉ်
အပတ်စဉ် သောကြာ
■ပန်းရွှေဝက်တော် နှင့် ရဲမိုင်ပြည် (စစ်တွေ၊ မြောက်ဦး)၊ ငပလီ အထူးခရီးစဉ် Mar 20
■ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း (၅)ရက် ■ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
၂၅၅၊ ပန်းဆိုးတန်းလမ်း၊ အထက်လမ်း၊ ရန်ကုန်မြို့။ 373275, 0949219404, 708342

ဦးရဲမင်းပိုင် နွေသင်္ဂီတကျောင်းကြီး
(သချ်ာ)
၉တန်း၊ ၁၀တန်း (သီပွံ၊ ဝိပွံ) ဘာသာစုံ
၈တန်း (တိုင်းစစ်)ဘာသာစုံနှင့်
သချ်ာ၊ အင်္ဂလိပ်သီးသန့်
မတ်လ ၈ ဖွင့်
နေ့စဉ် ၁၂း၃၀ မှ ၃း၃၀
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတား၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။ ဖုန်း-၀၉-၅၃၁၆၁၁၃၀


## အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနလက်အောက်ရှိ အလုံမြို့နယ်၊ သိပ္ပံဈေးသစ်ကြီးတွင် မူလဆိုင်ခန်းအငှားချထားခြင်းခံရသူများအား ပြန်လည်နေရာချထားပေးရန်အတွက် ဌာနနှင့် ဈေးသူဈေးသားများ ပူးပေါင်းရေးဆွဲထားသည့်အကွက်ချပုံစံအား ၁၆-၃-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၅ရက်အထိ ယာယီဈေး ဈေးတာဝန်ခံရုံးတွင် သဘောတူ/မတူ လာရောက်လက်မှတ်ရေးထိုးပေးရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက သဘောတူ သည်ဟု မှတ်ယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဈေးများဌာန**

# ပြည်တွင်းရေးရာ

☆ ရွှေဖုံးမှ

နောက်ခံသမိုင်းအားဖြင့် ရှေးမြန်မာမင်းတစ်ပါးဖြစ်သော ပုဂံကျော်စွာမင်းသည် မြန်မာသက္ကရာဇ် ၆၆၅ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ရမည်းသင်းမြို့ကို တတိယအကြိမ် အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရာ၌ ကြာနီကန်ကို မြို့တည်ဆောက်ရာတွင် တစ်ပြိုင်တည်း ထည့်သွင်းဆောက်ရွက်ခဲ့ကြောင်း၊ ကြာနီကန်ဟူသည်မှာ နောင်အခါတွင် ကြေးနီကန် ယခုအခါ ကျိုးနီကန်ဟူ၍ ခေါ်တွင်နေသော ကန်တော်ကြီးပင် ဖြစ်ကြောင်း၊ သက်တမ်းအားဖြင့် ၇၁၂ နှစ်ရှိပြီဖြစ်ကြောင်း၊ တည်ဆောက်ခဲ့သည့် နှစ်ကာလကြာမြင့်ပြီဖြစ်ရာ ကန်တွင်း သဲနုန်းပို့ချမှု ဖြစ်ပေါ်လာပြီး တဖြည်းဖြည်း တိမ်ကောလာကာ ရေသိုလှောင်နိုင်မှုပမာဏလျော့နည်းလာခဲ့ကြောင်း သိရသည်။

ထို့အတွက် နိုင်ငံတော်က ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းမဆောင်ရွက်မီ ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၂၆၀၀ မှ ဧကပေ ၈၁၀၀ အထိ ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်စဉ် မိုးစပါး ဧက ၂၅၀၀၊ နွေစပါး ဧက ၃၀၀ ခန့်သာ စိုက်ပျိုးရေပေးဝေနိုင်ရာမှ မိုးစပါး ၆၄၂၉ ဧက နှင့် နွေစပါး ဧက ၁၇၀၀ စုစုပေါင်း ၈၁၂၉ ဧက အားလုံး မိုးစပါးစိုက်ပျိုးရေ အပြည့်အဝပေးဝေရန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မြို့လူထုအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကန်အနီးအနားရှိ ဆည်ကြီးကျေးရွာနှင့် ညောင်အိုင်ကျေးရွာများမှ လူနေအိမ်ခြေများနှင့် မြေယာများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်ရှိ ရင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)



ကျိုးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

ကျိုးနီကန် တည်နေရာပြပုံ



## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၆-၃-၂၀၁၅(တနင်္လာနေ့)**

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "အမေ့စကား"တရားတော် (ဆရာတော် ဘဒ္ဒန္တရေဝတ)
၈း၀၀ Cartoon Series (EnglishPlayground)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၃၅ Forever Music Tribute Jazz (ဒုတိယပိုင်း)
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၉၈)
၁၂း၃၀ ဓလေ့ရိုးရာ မမေ့သာ
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၅၃)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၄၉)
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၁)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၉၉)
၁၀း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၁း၂၀ World Of Knowledge (CIA Confidential 9-11)
၄း၄၅ နေပြည်တော်မြို့ရဲ့အထင်ကရ နေရာများဆီသို့ အလည်တစ်ခေါက်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းအား ဟောင်ကောင်လုပ်ငန်းရှင်များ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းအား မတ် ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဧည့်ခန်းမတွင် *i-Land Industrial Park Holding Pte Ltd* မှ *CEO Mr.Tam Chi Wah Teryi* ဦးဆောင်သောအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး ဘောနတ်ကြီးကျေးရွာ ကွင်းအမှတ်(၁၃၉၃) နောင်ကွမ်းကွင်းအနီးတွင် စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရန်အတွက် လာရောက်တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးထွန်းဝေ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပထမဆုံးသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 မြန်မာနိုင်ငံသို့ မတ် ၁၉ ရက်တွင် ရောက်ရှိမည်



**အမီဒါဘတ် မတ် ၁၅**

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လောင်စာအသုံးပြုကာ ခရီးဝေးပျံသန်းမှုများကို သရုပ်ဖော်ပြသရန် ကီလိုမီတာ ၃၅၀၀၀ ( ၂၂၀၀၀ မိုင်) ကွာဝေးသည့် ဒုတိယမြောက် ခရီးစဉ်ကို ပျံသန်းနေသော ပထမဆုံးသော ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ပြီးခဲ့သည့် မတ် ၁၁ ရက်က အိန္ဒိယနိုင်ငံ၌ ဆင်းသက်ခဲ့သည်။ အဆိုပါ Solar Impulse-2 လေယာဉ်သည် အိုမန်နိုင်ငံ မတ်စကပ်မြို့တော်မှ အာရေဗျပင်လယ်ကို ဖြတ်ကျော်ကာ ၁၅ နာရီနီးပါး ပျံသန်းမောင်းနှင်ပြီးနောက် အိန္ဒိယနိုင်ငံ အနောက်ပိုင်းမြို့တော် အမီဒါဘတ်သို့ ရောက်ရှိလာခဲ့သည်။

"ဒီလို နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်တစ်စင်းထဲမှာ ပျံသန်းမောင်းနှင်ရတာ အထူးအခွင့်အရေးတစ်ခုပါ" ဟု လေယာဉ်မှူး ဘတ်ထရန်ပက်ကာဒ်က လေယာဉ်ဆင်းသက်ပြီးနောက် သတင်းထောက်များကို ပြောကြားသည်။ တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှင့် ၁၀၀ ကြား (တစ်နာရီမိုင် ၃၀ မှ မိုင် ၆၀) နှုန်းဖြင့် ၂၅ ရက်နီးပါး ကမ္ဘာတစ်ပတ် ပျံသန်းနေသော အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့တော်မှ မတ် ၉ ရက်တွင် ခရီးစတင်ထွက်ခွာလာခဲ့သည့် Solar Impulse-2 လေယာဉ်ကို ပက်ကာဒ်နှင့် တွဲဖက်လေယာဉ်မှူး အန်ဒရီဘော့ချ်ဘတ်ဂ်တို့က တစ်လှည့်စီထိန်းချုပ်မောင်းနှင်မည်ဖြစ်သည်။ Solar Impulse-2 လေယာဉ် နောက်ထပ်ရပ်နားမည့်နေရာမှာ ၎င်း၏အစိုးရအဖွဲ့အတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် သန့်ရှင်းသော စွမ်းအင်မြှင့်တင်သုံးစွဲရေးဆောင်ရွက်နေသူ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ မဲဆန္ဒနယ်မြေဖြစ်သည့် ဗာရာဏသီမြို့တော်ဖြစ်သည်။

ဗာရာဏသီမြို့တွင် ရာသီဥတုဆိုးရွားမှုကြောင့် Solar Impulse-2 လေယာဉ်သည် အမီဒါဘတ်တွင် မတ် ၁၇ ရက်ထိ ဆက်လက်ရပ်နားနေမည်ဖြစ်ပြီး ဗာရာဏသီမြို့မှ မတ် ၁၈ တွင် စတင်ထွက်ခွာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ မန္တလေးမြို့သို့ မတ် ၁၉ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းရသည်။

မြန်မာနိုင်ငံမှတစ်ဆင့် Solar Impulse-2 လေယာဉ်သည် ပစိဖိတ်သမုဒ္ဒရာ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတောင်ပိုင်းကို မဖြတ်သန်းမီ တရုတ်နိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားမည်ဖြစ်ပြီး ဇူလိုင်လနှောင်းပိုင်းတွင် အဘူဒါဘီမြို့တော်သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။ Solar Impulse-2 လေယာဉ်မှာ မိသားစုစီးကားတစ်စင်းကဲ့သို့ ကီလို ၂၃၀၀ (ပေါင် ၅၁၀၀)မျှသာ အလေးချိန်ရှိသော်လည်း အကြီးမားဆုံးလေယာဉ်နီးပါး ကျယ်ပြန့်သော တောင်ပံတစ်ခုပါရှိသည်။ Solar Impulse-2 လေယာဉ်ဒီဇိုင်းရေးဆွဲမှုနှင့် တည်ဆောက်မှုမှာ ၁၂ နှစ် ကြာမြင့်ခဲ့သည်။ Solar Impulse-2 လေယာဉ်၏ ပထမပုံစံကို ၂၀၀၉ ခုနှစ်တွင် တရားဝင်စတင်ပြုလုပ်ခဲ့ပြီး လူလိုက်ပါမောင်းနှင်သည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်တစ်စင်း သွားရောက်သည့် အမြင့်နှင့် ခရီးအကွာအဝေးစံချိန်များ ချိုးခဲ့သည်။ **ရိုက်တာ။**

# အီဂျစ်က ဒေါ်လာ ၄၅ ဘီလီယံ ကုန်ကျမည့် မြို့တော်အသစ် တည်ဆောက်မည်

**ကိုင်ရို မတ် ၁၅**

အီဂျစ်အစိုးရက လက်ရှိမြို့တော် ကိုင်ရိုအရှေ့ဘက်တွင် မြို့တော်အသစ်တည်ဆောက်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ငါးနှစ်မှ ခုနစ်နှစ်အထိကြာမြင့်မည့် အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း အိုးအိမ်ဝန်ကြီး မော့စ်တာဖာမက်ဘူလီက ပြောသည်။

လာမည့်နှစ် ၄၀ အတွင်း ကိုင်ရိုမြို့၌ အဆမတန်တိုးပွားလာသော လူဦးရေပြဿနာကို ဖြေရှင်းရန် ရည်ရွယ်ပါသည်ဟု ၎င်းက ဆိုသည်။

အီဂျစ်နိုင်ငံ၏စီးပွားရေးကို ပြန်လည်သုံးသပ်သည့် ရင်းနှီးမြှုပ်နှံမှုညီလာခံတွင် ယင်းကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါညီလာခံက ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုနှင့် အကူအညီ ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိသော ကတိကဝတ်များရရှိရန် ဆောင်ရွက်နိုင်ခဲ့သည်။

ကိုင်ရိုမြို့၌ လူဦးရေတိုးပွားလာလျက်ရှိရာ ယခုအခါ ၁၈ သန်းရှိမည်ဟုခန့်မှန်းထားပြီး နှစ် ၄၀ အတွင်း နှစ်ဆခန့်ရှိလိမ့်မည်ဟု မျှော်လင့်ရသည်။




အီဂျစ်လွှတ်တော်၊ အစိုးရဝန်ကြီးဌာနများ၊ ရုံးများနှင့် နိုင်ငံခြားသံရုံးများသည် မြို့တော်အသစ်သို့ ရွှေ့ပြောင်းကြမည်ဖြစ်သည်။

မြို့တော်အသစ်၌ ကောလိပ်နှင့် ကျောင်းများ ၂၀၀၀ နီးပါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံ ၆၀၀ ကျော်တို့ ပါဝင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း တစ်သန်းကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးကန်ထရိုက်တာများက ပြောကြားသည်။ ယင်းမြို့တော်သစ်ကို ဧရိယာ ၂၇၀ စတုရန်းမိုင်ကျယ်ဝန်းသော မြေပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး လူဦးရေ ငါးသန်းနေထိုင်နိုင်မည်ဟု ဆိုသည်။

**ဘီဘီစီ။**

# တရုတ်နိုင်ငံ ဖူယန်မြို့တွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခတ်ရာ အိမ်ခြေ တစ်သောင်းကျော်ပျက်စီး

**ပေကျင်း မတ် ၁၅**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဖူယန်မြို့တွင် အင်အားအသင့်အတင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ အနည်းဆုံးလူ ၂ ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကာ နေအိမ် ၁၀၀၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အာဏာပိုင်များက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် လှုပ်ခတ်ခဲ့သည်။ ငလျင်၏ပြင်းအား ၄ ဒသမ ၇ ရစ်ချက်စ်တာစကေးရှိသည်ဟု အမေရိကန်ဘူမိဗေဒဆိုင်ရာလေ့လာရေးအဖွဲ့က ဆိုသည်။

လူဦးရေ ၁၀ သန်းခန့်ရှိသည့် ဖူယန်မြို့တွင် စိုက်ပျိုးရေးနှင့် ကျောက်မီးသွေးလုပ်ငန်းများကို အဓိကထားလုပ်ဆောင်သည်။ **သည်ဂါးဒီးယန်း။**



# ကြက်ဥရှစ်သန်းခိုးသော ကျူးဘားတာဝန်ရှိသူများအား ထောင်ဒဏ်ပေးမည်

**ဟာဗားနား မတ် ၁၅**

ကျူးဘားနိုင်ငံတွင် နိုင်ငံတော်ပိုင်ကုမ္ပဏီများမှ ကြက်ဥရှစ်သန်း ခိုးယူခဲ့ကြသည်ဟု အစွပ်စွဲခံရသော တာဝန်ရှိသူများကို ထောင်ဒဏ်အနှစ် ၂၀ အမိန့်ချမှတ်နိုင်ရန် အစိုးရရှေ့နေများက ကြိုးစားလျက်ရှိကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ အရှုပ်တော်ပုံကြောင့် နိုင်ငံတော်ဘဏ္ဍာတွင် ဒေါ်လာ ၃၅၀၀၀၀ ကျော် ဆုံးရှုံးခဲ့ရသည်ဟု အစိုးရပိုင်သတင်းစာ ဂရမ်မာက ဖော်ပြသည်။

တာဝန်ရှိသူ ၁၉ ဦးသည် စာရင်းလိမ်ခြင်း၊ ပြေစာအတုများပြုလုပ်ခြင်းနှင့် ကြက်ဥများကို မှောင်ခိုဈေးကွက်သို့ ခွင့်ပြုချက်မရှိဘဲပို့ခြင်း စသည့်အမှုများကို ကျူးလွန်ခဲ့ကြသည်ဟု ရှေ့နေများက စွပ်စွဲထားသည်။

သမ္မတရာအူးကက်စထရိုသည် ၂၀၀၉ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စတင်လှုပ်ရှားခဲ့ပြီး ခြစားသည့် အလေ့အကျင့်သည် ကင်ဆာရောဂါပမာ အမြစ်တွယ်လျက်ရှိပြီဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

၎င်းအရာရှိများကို မည်သည့်အချိန်တွင် တရားခွင်၌ စစ်ဆေးမည်ကိုမူ အာဏာပိုင်များက ပြောဆိုခြင်းမပြုပေ။ **ဘီဘီစီ။**

# ဆော်ဒီရှိ အနောက်နိုင်ငံသား ရေနံလုပ်သားများ အကြမ်းဖက်တိုက်ခိုက်ခံရနိုင်မှု သတိပေး

**ဒူဘိုင်း မတ် ၁၅**

ဆော်ဒီအာရေဗျနိုင်ငံရှိ အနောက်နိုင်ငံသား ရေနံလုပ်သားများကို စစ်သွေးကြွတို့က တိုက်ခိုက်လာဖွယ်ရှိသည်ဟု အမေရိကန်သံရုံးက မတ် ၁၄ ရက်တွင် သတိပေးလိုက်သည်။

မတ်လအစောပိုင်းမှ အစပြု၍ အကြမ်းဖက်အုပ်စုတစ်စုနှင့် မဟာမိတ်ပြုထားသော တစ်သီးပုဂ္ဂလတိုက်ခိုက်ရေးသမားများက အနောက်နိုင်ငံသား ရေနံလုပ်သားများကို ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်နိုင်လာဖွယ်ရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းပြည်နယ်ရှိ ရေနံကုမ္ပဏီများ၌ အလုပ်လုပ်ကိုင်နေကြသော အမေရိကန်နိုင်ငံသားများမှာလည်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု (သို့မဟုတ်) ပြန်ပေးဆွဲမှုနှင့် တွေ့ကြုံရနိုင်ကြောင်း အမေရိကန်သံရုံးက ပြောကြားသည်။ သို့ရာတွင် စစ်သွေးကြွအဖွဲ့များ၏ အမည်နာမများကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းပြည်နယ်၌ တင်းမာမှုများ ဖြစ်ပေါ်လာရခြင်းသည် အိမ်နီးချင်း ယီမင်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ လူမျိုးရေးဂိုဏ်းဂဏ တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်တက်လာခြင်း၏ အကျိုးဆက်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်နေသော အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့နှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **ရိုက်တာ။**

# ကေရှစ်ထောင်ကျော်အား စိုက်ပျိုးရေပေးဝေနိုင်တော့မည့် ကျီးနီကန်ကြီး

**ရေး - ကျော်သူထက်**
**ဓာတ်ပုံ - ရွှေကိုကိုလေး**

မြန်မာသက္ကရာဇ် ၆၆၅ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၃၀၃ ခုနှစ် ပုဂံကျော်စွာမင်းလက်ထက် ရမည်းသင်းမြို့ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်စဉ် ထည့်သွင်းတည်ဆောက်ခဲ့သည့် ကြာနီကန်၊ နောင်အခါ ကြေးနီကန်၊ ယခုအခါ ကျီးနီကန်ဟု ခေါ်တွင်နေကြသည့် ကန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် တည်ရှိပြီး သက်တမ်း ၇၁၂ နှစ် ရှိပြီဖြစ်သည်။

ယင်းကန်ကြီးသည် သက်တမ်းကာလကြာမြင့်ပြီဖြစ်၍ ကန်အတွင်း သဲနုန်းပို့ချမှု ဖြစ်ပေါ်လာပြီး တဖြည်းဖြည်းတိမ်ကောလာကာ ရေသိုလှောင်မှုပမာဏ လျော့နည်းလာသည့်အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီလတွင် ပြီးစီးရန်လျာထားပြီး ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျီးနီကန်ကြီး ပြန်လည်တူးဖော်မှုပြီးစီးပါက ရေသိုလှောင်မှုပမာဏ ဧကပေ ၈၁၀၀ အထိ သိုလှောင်နိုင်မည်ဖြစ်ပြီး နှစ်စဉ် မိုးစပါးဧက ၂၅၀၀ နှင့် နွေစပါးဧက ၃၀၀ ခန့်သာ စိုက်ပျိုးရေပေးဝေနိုင်ရာမှ မိုးစပါး ၆၄၂၉ ဧကနှင့် နွေစပါး ဧက ၁၇၀၀ စုစုပေါင်း ၈၁၂၉ ဧကအား စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြို့လူထုအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကန်အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် မြေယာများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ကျီးနီကန်ပြန်လည်တူးဖော်ခြင်းနှင့် ပတ်သက်၍ တာဝန်ယူတည်ဆောက်နေသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံများအား မေးမြန်းခဲ့ရာ အောက်ပါအတိုင်းဖြေကြားခဲ့သည်-


ဦးကိုကိုနိုင် (ဒုတိယညွှန်ကြားရေးမှူး /ဆည်မြောင်းဦးစီးဌာန)


ဒေါ်အမာတင် (ကံစွယ်ကျေးရွာ)


ဦးထွန်းကြည် (ရမည်းသင်းမြို့နယ် ရပ်မိရပ်ဖ၊ ကံစွယ်ကျေးရွာ)


ဦးကျော်ဝင်း (မြို့မိ မြို့ဖ၊ ရမည်းသင်း မြို့နယ် အမှတ်(၁)ရပ်ကွက်)


ဦးအောင်ငြိမ်း (ကံစွယ်ကျေးရွာ)

**ဦးကိုကိုနိုင်**
**(ဒုတိယညွှန်ကြားရေးမှူး /ဆည်မြောင်းဦးစီးဌာန)**

ကျီးနီကန်က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့တဲ့ နှစ်ဖက်ရပ်ဆည်ကန် အမျိုးအစားဖြစ်ပါတယ်။ မြောက်ဘက်ကို စီးဆင်းသွားတဲ့ စမုံချောင်းနဲ့ တောင်ဘက်ကို စီးဆင်းသွားတဲ့ နဝင်းချောင်းကို ပိတ်ပြီး ဆောက်လုပ်ထားတဲ့ နှစ်ဖက်ရပ်ဆည်ကန် အမျိုးအစားဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါမှာ ကန်အတွင်းမှာ သဲနုန်းပို့ချမှုတွေများလာတဲ့အတွက် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အားလုံးပြီးစီးသွားတဲ့ အခါမှာတော့ နှစ်ဖက်ရပ်ဆည်ကန်ကနေ သုံးဖက်ရပ် ဆည်ကန်ဖြစ်လာမှာ ဖြစ်ပါတယ်။ အကျယ်အဝန်းကတော့ တစ်မိုင်ခွဲပတ်လည် ကျယ်ဝန်းပါတယ်။ ရေဝပ်ဧရိယာ အကျယ်အဝန်းအနေနဲ့ကတော့ ၁၅၂၅ ဧက ကျယ်ဝန်းပါတယ်။ ဒီစီမံကိန်းကို ဆောင်ရွက်တဲ့နေရာမှာ ကုမ္ပဏီလေးခု၊ ဌာနတစ်ခု စုစုပေါင်း ငါးဖွဲ့ ဖွဲ့ပြီး ဆောင်ရွက်နေပါတယ်။

ကျီးနီကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် လုပ်ငန်းရဲ့ ၇၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီဖြစ်ပါတယ်။ ကျီးနီကန်ကြီးပြီးစီးသွားရင် သီးနှံစိုက်ပျိုးမှုအနေနဲ့ မိုးစပါးဧကခြောက်ထောင့်လေးရာကျော်အထိစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။

**ဒေါ်အမာတင် (ကံစွယ်ကျေးရွာ)**

အခုလို ကန်ကြီးကို ကောင်းကောင်းမွန်မွန်ဖြစ်အောင် ပြန်လည်ပြုပြင်ပေးနေတာ တွေ့ရတော့ တကယ်ပဲဝမ်းသာရပါတယ်။ အရင်တုန်းက ဒီမှာရေတော်တော်ရှားပါးတယ်။ အရင်ကကန်ကြီးရဲ့ ကန်ပေါင်တွေဆို ပွဲကျနေတာတွေ၊ ပြိုကျနေတာတွေ ရှိပါတယ်။

အခုလို ပြုပြင်လိုက်တော့ တော်တော်လေး ကောင်းလာတာကို တွေ့ရပါတယ်။ အရင်တုန်းကဆို ကျီးနီကန်ကြီးက တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်ဆို ရေကမရှိပါဘူး။ ရေမရှိတဲ့အချိန်ဆို ကျွန်မတို့ရွာမှာ တော်တော်လေး ခက်ခက်ခဲခဲဖြစ်ရပါတယ်။ ရွာမှာရှိတဲ့ စက်ရေတွင်း တစ်တွင်းထဲကနေ အတင်းလုယက်ခပ်သုံးနေရပါတယ်။ အချိန်နဲ့လိုက်ပြီး မရ ရအောင် လုခပ်ရတာပေါ့။ အခုလို ကျီးနီကန်ကြီးကို ရေပိုပြီးသုံးစွဲနိုင်အောင် ပြန်ပြီးတူးဖော်နေရတာလည်း တွေ့တယ်။ ကန်ကြီးပြီးရင် ရေကို အရင်ကထက် ပိုသုံးနိုင်တော့မယ့်အတွက် ရှေ့ဆို ရေအတွက် စိတ်အေးရပြီလို့ ထင်ပါတယ်။ ဆည်ကြီးကနေ ရေတွေအပြင် ဆည်တာပေါင်လမ်းလေးကိုလည်း အသုံးပြုခွင့်ရတော့မှာဖြစ်တဲ့အတွက်ပိုပြီးဝမ်းသာရပါတယ်။

အရင်ကဆို လမ်းမကောင်းတော့ ရွံ့တွေ၊ ဗွက်တွေနဲ့ ဖြတ်ပြီးသွားခဲ့ရတာပါ။ အခု တာပေါင်က လမ်းက ကားတွေတောင် မောင်းလို့ရတဲ့အတွက် ဆိုင်ကယ်တွေ၊ မြင်းလှည်းတွေလည်း နောက်ဆို ဒီလမ်းကိုအသုံးပြုပြီး မြို့ကို တက်ကြရမှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

**ဦးအောင်ငြိမ်း (ကံစွယ်ကျေးရွာ)**

ကျွန်တော်က တောင်သူအလုပ်လုပ်ပါတယ်။ လယ်ငါးဧကလောက်ရှိပါတယ်။ ရွာမှာက စပါးနဲ့ ငရုတ်ကို အဓိကထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေအတွက်ကို ဒီကျီးနီကန်ကြီးကနေယူပြီး သုံးစွဲခဲ့ရတာပါ။ ဒီကန်ကြီးက ကြာလည်းကြာပါပြီ။ ဒီကနေရတဲ့ ရေကလည်း လုံလောက်မှု မရှိပါဘူး။

တပေါင်း၊ တန်ခူးလောက်ဆို ရေကခန်းနေပါပြီ။ ရေကိုလုံလုံလောက်လောက် မသုံးရပါဘူး။ အခု ဒီကန်ကြီးကနေ စိုက်ပျိုးရေတွေ ပိုမိုပေးနိုင်အောင် နုန်းတွေကို ပြန်လည်တူးဖော်နေတာ တွေ့ရပါတယ်။ အခုလို ကန်ကြီးကို ပြုပြင်ပေးလို့ အနီးအနားက ရွာတွေအားလုံးရဲ့ ရေအခက်အခဲဖြစ်နေတာတွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ယုံကြည်ပါတယ်။

ကန်ကြီးရဲ့တာပေါင်မှာပါတဲ့ လမ်းကိုလည်း အသုံးပြုရမယ်ဆိုတော့ တကယ်ပဲကောင်းပါတယ်။ လမ်းပန်းဆက်သွယ်ရေးအတွက် အဆင်ပြေသွားတာပေါ့။ ကျေးဇူးလည်းတင်ပါတယ်။ မမျှော်လင့်ထားဘဲ အခုလို ဆည်ကြီးကနေ ရေအပြင် လမ်းပါအသုံးပြုခွင့်ရတော့မှာဖြစ်တဲ့အတွက် ဝမ်းလည်းသာပါတယ်။ ရေလုံလုံလောက်လောက် ဒီကန်ကြီးကနေ ရတော့မယ်ဆိုတော့ ဒီနားပတ်ဝန်းကျင် အားလုံးက ပြည်သူတွေအားလုံး စိတ်ချမ်းသာနေတာပေါ့။

**ဦးကျော်ဝင်း [မြို့မိ မြို့ဖ၊ ရမည်းသင်းမြို့နယ် အမှတ်(၁)ရပ်ကွက်]**

ဒီကန်တူးဖော်ပေးတာ အလွန်ပဲဝမ်းသာတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင်လည်း ဒီကန်ကြီးက ရေရှားပါးပါတယ်။ သစ်ဆုံဆည်ကနေ ရေချပေးမှ သုံးရပါတယ်။ မြို့ထဲမှာဆိုလည်း ကန်ရေတွေ သုံးနေရတဲ့ အခြေအနေတွေ ရှိပါတယ်။ အခု ဒီကန်ကြီးကနေ ရေသန့်စက်တွေနဲ့ လုပ်ပေးပြီး ရေပေးဝေပေးမယ်ဆိုတော့ ဝမ်းသာလို့မဆုံးပါဘူး။

ဒီကန်ကြီး တည်ဆောက်လာတာ ကုန်ထုတ်လမ်းတွေလည်း ပါလာတဲ့အတွက် ဒီကန်ကြီးရဲ့ တောင်ဘက်လမ်းတွေဆိုရင် ဒီတာပေါင်ကြီးပေါ်ကနေ ဖြတ်သွားမယ်ဆိုရင် အလွယ်တကူ သွားလာလို့ရလာတော့မှာပါ။ အရင်တုန်းကဆိုရင် ကျေးရွာထွက် ကုန်ပစ္စည်းတွေကို ဆိုင်ကယ်တွေနဲ့သယ်ရပါတယ်။ လှည်းနဲ့လည်း သယ်လို့မရပါဘူး။ ဆိုင်ကယ်နဲ့ဆိုတော့ သိပ်မဆံ့တဲ့အတွက် သယ်ယူစရိတ်တွေက ပိုများတာပေါ့။ အခုဆို သုံးဘီးတွေ၊ ထော်လာဂျီတွေနဲ့ ကန်အောက် ပေါင်လမ်းအတိုင်း သယ်လို့ရတော့မှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေ သက်သာလာတာပေါ့။

ဒီကန်ကြီးက ရမည်းသင်းမြို့နယ်အတွက် အများကြီးအထောက်အကူဖြစ်လာမယ့်ကန်ကြီးပါပဲ။ အရင်တုန်းကရေကို အခုလိုများများစားစား မြင်ရမယ့် အနေအထား မရှိပါဘူး။ မိုးရွာလို့ တောင်ပေါ်က ရေကျလာလည်း ကန်ကမထိန်းနိုင်တော့ လွှတ်လိုက်ရတယ်။ တောင်ကျရေတွေကို အခုလိုသာ ထိန်းနိုင်သွားမယ်ဆိုရင် နွေရော၊ မိုးရော ရေမပြတ်တဲ့ အခြေအနေဖြစ်ပြီး မြို့လည်း စည်ပင်သာယာလာမှာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတနဲ့ လွှတ်တော်ဥက္ကဋ္ဌတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**ဦးထွန်းကြည် (ရမည်းသင်းမြို့နယ်ရပ်မိရပ်ဖ၊ ကံစွယ်ကျေးရွာ)**

အရင်တုန်းက ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈ နှစ်တွေကဆိုရင် သုံးနှစ်လောက်ကို ဆက်တိုက်မိုးခေါင်ပြီးတော့ ဒီကန်ကြီးရဲ့ အလယ်မှာ လှည်းတောင် ဖြတ်မောင်းတာမျိုး ဖြစ်ဖူးပါတယ်။ မိုးတော်တော်ခေါင်ပြီး အဲဒီလောက်ထိ ရေရှားဖူးပါတယ်။ ကျီးနီကန်ကြီးက ဖေဖော်ဝါရီနောက်ပိုင်း မိုးမရွာခင်ကာလတွေအကြား ရေပြတ်ပါတယ်။

အရင်တုန်းက ကန်ကြီးက တာပေါင်ကလည်းနိမ့်တယ်၊ အမြင်ကလည်း သိပ်မကောင်းပါဘူး။ အခုလို ပြန်လည်တူးဖော်လိုက်တော့ ကန်ကြီးရဲ့ ရေဝပ်ဧရိယာကလည်း ပိုနက်လာတယ်။ တာပေါင်လည်း သပ်သပ်ရပ်ရပ် ဖြစ်သွားပါတယ်။ ပြီးတော့ တာပေါင်တင်မကဘဲ ဘေးက ကုန်ထုတ်လမ်းတွေလည်း ပါလာတယ်ဆိုတော့ တောင်သူတွေအတွက် မြို့နဲ့ ဆက်သွယ်ရေးလည်း ကောင်းသွားပါတယ်။

သီးနှံစိုက်ပျိုးဖို့အတွက်လည်း ရေတစ်နှစ်ပတ်လုံးရမယ်လို့ မျှော်လင့်ထားပါတယ်။ ဒီလိုကန်ကောင်းကောင်းကြီး ဖြစ်လာလိမ့်မယ်လို့ ထင်မထားတဲ့အတွက် ဝမ်းသာလို့မဆုံးပါဘူး။ အခု ကန်ကြီး တူးဖော်တဲ့လုပ်ငန်းဆောင်ရွက်နေတာလည်း မြင်နေရတယ်။ ပြီးတော့မယ့်အခြေအနေလည်း တွေ့နေရတဲ့အတွက် တစ်မြို့လုံးက ကျေနပ်ဝမ်းသာနေကြပါတယ်။



ပဲခူးမြို့အတွင်း စည်းကမ်းပျက်ယာဉ်များအား အရေးယူဆောင်ရွက်နေသော်လည်း ပုံပါအတိုင်း စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းနှင့် ကုန်များအား အန္တရာယ်ဖြစ်အောင် စည်းကမ်းမဲ့စွာ တင်ဆောင်မောင်းနှင်နေခြင်းများကို တွေ့ရစဉ်။

**အောင်ကြီး(ပဲခူး)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်းဆောင်ရွက်

**ပုသိမ်ကြီး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ANTHER ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဇီးချိုကုန်း-ဆင်ရွာကြီးလမ်း အရှည် ၅၆၅၅ ပေအား ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့က မတ် ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လေရှီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**လေရှီး မတ် ၁၅**

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ထိန်းဖာရုံအုပ်စု မော်ဒွန်ပိုင်ကျေးရွာ ဆွမ်းတက်အင်းရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို လေရှီးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့်တာဝန်ရှိသူများ မတ်လ ပထမပတ်က သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။ အဆိုပါရေနုတ်မြောင်းသည် ထိန်းဖာရုံအုပ်စုအတွင်းရှိ လယ်မြေဧက ၁၆၀ ကို အကျိုးပြုမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(လေရှီးပြန်/ဆက်)**

# ၃၈ ဖြာ မင်္ဂလာနှင့် စပ်လျဉ်း၍...

လူမွန်(ပခုက္ကူ)

ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အရပ်ဒေသအသီးသီးတို့၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ မင်္ဂလာသင်တန်းများ၊ ဓမ္မစကူးလ်များ စသည်ဖြင့် ဘာသာရေး အခြေခံ သင်ကြားပေးရာဌာနများ အလွန်တိုးပွားများပြားလာသည်ကို ကြည်နူး ဝမ်းမြောက်ဖွယ် ကြားမြင်တွေ့သိနေရပါသည်။

ယင်းကဲ့သို့ ဘာသာရေးအခြေခံများ သင်ကြားပေးရာ သင်ခန်းစာတို့၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ၃၈ ဖြာ မင်္ဂလာတရားတော်သည် မပါလျှင်မဖြစ်သော သင်ခန်းစာတစ်ခုဖြစ်ပါသည်။ သို့ဖြစ်သည့် အတိုင်းလည်း သင်ရိုးညွှန်းတမ်းစာအုပ် စာစောင်တို့၌ မင်္ဂလသုတ်ပါဠိတော်နှင့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာတို့ကို ထည့်သွင်းရိုက်နှိပ် ဖော်ပြထားကြပါသည်။

စာအုပ်၊ စာစောင်များ ရိုက်နှိပ်ကြရာ၌ ပါဠိဘာသာရော၊ ကဗျာဘာသာရပ်ပါ နှစ်မျိုးလုံးကျွမ်းကျင်နိုင်နင်းသော ပညာရှင်က အထူးအာရုံစိုက် ကြီးကြပ်ပြင်ဆင်ရိုက်နှိပ်မှသာ ပါဠိအမှန်၊ ကဗျာအမှန်ဖြစ်နိုင်ပါသည်။ ခေတ်အဆက်ဆက် ပုံနှိပ်တိုက်အသီးသီးက ရိုက်နှိပ်ခဲ့ကြရာ၌ မှန်သည်လည်းရှိ၊ မှားသည်လည်းရှိ ဖြစ်ခဲ့ရပေသည်။ ပုံနှိပ်ရာတွင် ကြီးကြပ်ပြင်ဆင်ပေးသော စာပြင်ဆရာ (Proof Reader) ၏ အရည်အချင်းအလျောက်၊ စေ့စပ်သေချာမှုအလျောက် မှန်ခြင်း၊ မှားခြင်းတို့ရှိလာရသည်။

ပါဠိပါဌ်သားဖြစ်စေ၊ ကဗျာကာရန်ဖြစ်စေ ချွတ်ချော်မှားယွင်း ရိုက်နှိပ်ထားသော စာအုပ်တို့ကို သင်ယူခဲ့ကြရသူများ၌ အမှားများ စွဲကပ်နေတတ်သည်။ မှားယွင်းချွတ်ချော်နေသောစာအုပ်တို့ကို ကူးယူကိုးကားပြုစုထားသော စာအုပ်တို့၌လည်း ဆင့်ကဲဆင့်ကဲ မှားကြရပြန်သည်။ ထို့ကြောင့် စာအုပ်စာပေပြုစုမည့်သူများအနေဖြင့် သာသနာရေးဦးစီးဌာနကရိုက်နှိပ်သော ကျမ်းဂန်များနှင့် မြန်မာစာအဖွဲ့က ရိုက်နှိပ်သော စာအုပ်များကိုသာ အဓိက ထားကိုးကားသင့်ပါသည်။ သံသယရှိပါက ညှိနှိုင်းတိုက်ဆိုင်ကြရမည်လည်း ရှိပါသည်။

သာဘာရေး အခြေခံသင်တန်းတို့အတွက် ရိုက်နှိပ်ထားသော **သင်တန်းလက်စွဲ**စာအုပ်များ၌ ပါဠိဖြစ်စေ၊ ကဗျာဖြစ်စေ မှန်ကန်မှုရှိဖို့ အလွန်လိုအပ်ပါသည်။ ယင်းစာအုပ်တို့၌ မှားယွင်းနေမှုကို အမှန်သို့ ရောက်ရှိအောင် ပြင်ဆင်နားလည်နိုင်ရန် လူများစုအတွက် ခက်ခဲပေသည်။ စာအုပ်ထဲက အမှားကို မှားမှန်းသိနိုင်သူက အလွန်နည်းပါးလှပေမည်။

သင်ရိုးညွှန်းတမ်းစာအုပ်၌ မှားနေလျှင် သင်ပြပို့ချမည့်သူလည်း မှားမည်။ သင်ယူကြရသော တပည့်များလည်း အမှားကိုခံယူရရှိကြမည် ဖြစ်ပေသည်။ သို့အတွက် အထက်ကဖော်ပြခဲ့သော မင်္ဂလသုတ်ပါဠိနှင့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာတို့၌ မှားယွင်းရိုက်နှိပ်တတ်သော ပါဠိစကားလုံး၊ ကဗျာစကားလုံးတို့ကို ဖော်ပြပေးပါမည်။ မည်သည့်စာအုပ်၌ မည်သို့ရှိသည်ဟု ညွှန်ပြနေလျှင် ပြီးဆုံးနိုင်ဖွယ် မရှိသောကြောင့် စာအုပ်စာတမ်း အမည်နာမတို့ကို ဖော်ပြမနေတော့ပါ။

၃၈ ဖြာမင်္ဂလာကို သင်ကြားပို့ချပေးရသော ဆရာ ဆရာမတို့အနေဖြင့် မိမိတို့အသုံးပြုမည့်စာအုပ်တို့၌ တိုက်ဆိုင်စိစစ်မှတ်သားသင့်ကြောင်းကိုလည်း အကြံပြုလိုပါသည်။ ဗဟုသုတဖြစ်စေခြင်းငှာ လတ်တလော ထုတ်ဝေသော စာအုပ်များမှသာမက ရှေးကထုတ်ဝေသော စာအုပ်များမှ တွေ့ရှိဖူးသည်တို့ကိုပါ တစ်ပေါင်းတည်းဖော်ပြလိုက်ပါသည်။

### မင်္ဂလသုတ္တ ပါဠိတော်၌ ဂရုပြုရန်

"ဒွါဒသ"ဟု 'သ' ကြီးဖြင့်မှားတတ်သည်။ "ဒွါဒသ"ဟု သငယ်ဖြင့် ရေးရသည်။ ဒသ =တစ်ဆယ်၊ ဒွါ=နှစ်၊ ဒွါဒသ =တစ်ဆယ့်နှစ်ဖြစ်သည်။

"ဝိဟာရတိ"ဟု ဟရေးချဖြင့်မှားတတ်သည်။ "ဝိဟရတိ"ဟု ဟ၌ ရေးချ မပါဘဲ ရေးရသည်။

"ဗာလာနံ"ဟူသော စကားလုံးကိုပင် 'ဗ'၌ ရေးချမပါဘဲ "ဗလာနံ" ဟု ရိုက်နှိပ်ထားသော ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ စာအုပ်ကိုတွေ့ရ၏။ ၂၀၁၃ ခုနှစ်မှာ ထုတ်ဝေသောစာအုပ်ဖြစ်သည်။ ဆရာကြီးသာ ရှိနေသေးလျှင် ပုံနှိပ်မှားအတွက် စိတ်ညစ်ရှာပေလိမ့်မည်။ ဗရေးချဖြင့် "ဗာလာနံ" ဟုသာ ရေးရသည်။

"ပဋိရူပ"ဟူ၍ ရှေးကစာအုပ်အချို့၌ ဋ္ဌ-လုံးကြီးတင်-ဋ္ဌိဖြင့် ရှိနေတတ်သည်။ မူကွဲဟု မှတ်သားနိုင်သည်။ အမှားမဟုတ်သော်လည်း တ-လုံးကြီးတင်-တိဖြင့် "ပတိရူပ" ဟုသာ ရေးသားသင့်သည်။

"အတ္တသမာ ပဏီဓိ" ဟူ၍ မ နှစ်လုံးဆင့်မဟုတ်ဘဲ 'သမာ' ဟု ရှိနေတတ်သည်။ မ နှစ်လုံးဆင့်ဖြင့် 'သမ္မာ'ဟု ရေးရသည်။

"ဗာဟုသစ္စဉ္စ" ကိုရေးရာတွင် 'ဗ'၌ ရေးချမပါဘဲ "ဗဟု"ဟူ၍ မှားယွင်းသည်လည်းရှိသည်။ 'ဗ'၌ ရေးချထည့်လျက် "ဗာဟုသစ္စဉ္စ" ဟု ရေးသားရသည်။ ထို့ပြင် သ,ငယ်ဖြင့်ရေးသော ဗာဟုသစ္စဉ္စဟုရှိသကဲ့သို့ သကြီးဖြင့်ရေးသော ဗာဟုသစ္စဉ္စလည်းရှိသည်။ မူကွဲဖြစ်၍ မှားခြင်း၊ မှန်ခြင်းကိုမပြောလိုပါ။ သကြီးဖြင့်ရေးသော ဗာဟုသစ္စဉ္စကို ရေးရန်ပြောလိုပါသည်။

"ပုတ္တဒါရသ"ဟု သငယ်ဖြင့်မှားတတ်သည်။ သကြီးဖြင့် "ဒါရဿ" ဟု ရေးရသည်။

"မဇ္ဇပါန စ သံယမော"ဟု 'န'၌ ရေးချမပါဘဲ တွေ့ဖူးသည်။ န၌ ရေးချဖြင့် "မဇ္ဇပါနာ"ဟု ရေးရသည်။

"အာရတိ ဝိရတိ" ဟု တ-လုံးကြီးတင်၌ ဆန်ခတ်မပါဘဲ တွေ့ရှိဖူးသည်။ တ-လုံးကြီးတင်ဆန်ခတ်ဖြင့် "အာရတီ ဝိရတီ" ဟုသာ ရေးသားရသည်။

"ဓမ္မသဝဏံ"ဟု ဏကြီးသေးသေးတင်ဖြင့်ရေးသည်ကိုလည်း တွေ့ရှိရသည်။ န-သေးသေးတင်ဖြင့် "ဓမ္မသဝနံ" ဟုသာရေးသားရသည်။

"အရိယာ သစ္စာန" ဟု ယ-ရေးချဖြင့် တွေ့ရတတ်သည်။ ယ ၌ ရေးချ မပါဘဲ 'အရိယ' ဟုသာရေးရသည်။

"သဗ္ဗတ္ထ မပ္ပရာဇိတာ" ဟု မ,နောက် ပ နှစ်လုံးဆင့်လျက် 'မပ္ပ'ဟု ရှိတတ်ကြသည်။ များစွာရှိသည်။ ပ နှစ်လုံးမဆင့်ရဘဲ 'မ ပရာဇိတာ' ဟု သာရေးရသည်။

အထက်ဖော်ပြပါတို့သည် ကျွန်တော့်အနေဖြင့် ကြံဆရေးဖွဲ့ခြင်း မဟုတ်ပေ။ စာပေကျမ်းဂန်တို့၌ မျက်ဝါးထင်ထင်တွေ့မြင်မိသော အရာတို့ ဖြစ်သည်။ အချို့သော စာလုံးပေါင်းတို့သည် အမှားစင်စစ်မဟုတ်သော်လည်း ရေးထုံးညီညွတ်ရေးအတွက် မူကွဲတို့ကို ရှောင်ကြဉ်ကြလျက် ယခု ဖော်ပြပါအတိုင်း ရေးသားကြရမည်ဖြစ်ပါသည်။

### ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာတို့၌ ဂရုပြုရန်

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာများသည် အရေးအဖွဲ့ပုံစံ၊ ဆိုဟန်၊ အသံ၊ အတိုအရှည်ပမာဏ စသည်ဖြင့် အဘက်ဘက်က အလွန်ကောင်းမွန်သော ကဗျာများဖြစ်ပါသည်။ ယနေ့အထိ ဆရာကြီး၏ ကဗျာများကသာ ထိပ်ဆုံးကရပ်တည်နေပါသည်။ ဆရာကြီး၏ ကဗျာများကို ရိုက်နှိပ်ထားပြီး ဆရာကြီး၏ကလောင်အမည်ကို ဖော်ပြပေးခြင်းမပြုသော စာအုပ်တို့ကို တွေ့ရသည့်အခါ ကျွန်တော်စိတ်ပျက်မိပါသည်။ စာမူကိုသုံးလျှင် မူလစာရေးသူအမည်ကို ဖော်ပြပေးရခြင်းသည် စာပေစည်းကမ်းတစ်ရပ်ဖြစ်သည်ကို အလေးဂရုပြုသင့်ကြပါသည်။

ဆရာကြီး၏ မင်္ဂလာကဗျာများကို ရိုက်နှိပ်ဖော်ပြထားသည်တို့မှ ကျွန်တော်တွေ့မိသမျှ အမှားတို့ကိုညွှန်ပြလျက် အမှန်ကိုဖော်ပြပေးပါမည်။

စာဖတ်သူတို့အနေဖြင့် မိမိလက်ဝယ်ရှိ တစ်အုပ်၊ နှစ်အုပ်မျှကို လေ့နံဓားထစ် ခံယူမထားသင့်ပေ။ ယခု ကျွန်တော်ဖော်ပြပေးသော အာဘော်တို့ကို ဘဝင်မကျရှိခဲ့သော် စာပေကျမ်းဂန်စုံလင်အောင် တိုက်ဆိုင်ကြည့်ခြင်း၊ ပြည့်စုံကြွယ်ဝသော ပညာရှင်တို့အား ဆွေးနွေးမေးမြန်းခြင်း ပြုသင့်ပါသည်။ ယင်းသို့ပြုလုပ်ပြီး ကျွန်တော်မှားယွင်းနေသည်ဆိုပါက တုံ့ပြန်ရှင်းလင်းနိုင်ခွင့် လူတိုင်းမှာရှိပါသည်။

ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာများကို ၁၂ ပုဒ်တွေ့မိပါသည်။ "အသေဝနာစ ဗာလာနံ"သည် အပုဒ်စဉ်(၁)ဖြစ်ပြီး၊ "ဖုဋ္ဌဿ လောကဓမ္မေဟိ" သည် အပုဒ်စဉ် (၁၀)ဖြစ်သည်။ အပုဒ်စဉ် (၁၁) "မင်္ဂလာပြုကျင့်ရကျိုး"နှင့် အပုဒ်စဉ် (၁၂) "နိဂုံးကဗျာ"ဟု တွေ့မိပါသည်။ ဆရာကြီး၏ ကဗျာများထဲမှ အမှားတွေ့ရတတ်သည်တို့ကို အပုဒ်အစဉ်လိုက် ပြဆိုသွားပါမည်။ (စာရှည်မည်စိုး၍ မှားသောစာအုပ်တို့ကို ဖော်ပြမနေတော့ပါ။)

အပုဒ်(၁)၌ "ရှောင်သွေလွှဲလို့" ဟု ဟထိုးမပါဘဲ မှားကြသည်။ လ,ဝဆွဲ, ဟထိုး,နောက်ပစ် 'လွှဲ'ဟု ဟထိုးထည့်ပြီးရေးရသည်။ ဟထိုးမပါ သော 'လွဲ' သည် ဖြစ်ခြင်းပြကြိယာဖြစ်သည်။ ဟထိုးပါသော 'လွှဲ' သည် ပြုခြင်းပြကြိယာဖြစ်သည်။ ဤနေရာ၌ ရှောင်သွေခြင်းကိုပြုလုပ်ရန် ဆိုလိုသည်ဖြစ်၍ ဟထိုးပါသော 'လွှဲ' ကိုသာရေးသားရသည်။

အပုဒ်(၂)၌ "ရှေးကတင်ကူး ပြုခဲ့ဖူးသည့်"ဟု "တင်ကူး"ဖြင့် မှားတတ်သည်။ "တင်ကူး"ဟုရေးလျှင် အသံပျက်သည်။ "ရှေးကတင်ကြို" ဟုသာ ရေးသားရမည်။ "ကြိုတင်"ဟု မရေးရပါ။

အပုဒ် (၄)၌ "မြင်းမိုရ်ရွှေတောင်" ၌ 'မြင့်'ဟု အောက်မြစ်ဖြင့် မှားကြသည်။ ဝစ္စနှစ်လုံးပေါက်ဖြင့် 'မြင်းမိုရ်' ဟုရေးရသည်။

အပုဒ်(၅)၌ "ဆွေမျိုးတွေကို ပစ်မထားနဲ့" ဟုမှားကြသည်။ "ပြင်ပမထားနဲ့"ဟု ရေးသားရမည်။ အဓိပ္ပာယ်အားဖြင့် မခြားနားသော်လည်း ကဗျာအနေဖြင့် အသံကာရန်ကွာခြားသည်။ "ပြင်ပမထား = သင်္ဂဟတရား" ဟု နဘေကာရန် ယူထားသည်။

"သယ်ပိုးဆောင်ရွက်စေ" ဟု "ဆောင်ရွက်" ဖြင့် မှားတတ်သည်။ "ရွက်ဆောင်"ဟုသာရေးသားရမည်။ အဓိပ္ပာယ်တူသော်လည်း အသံပြေပြစ်မှု မတူခြင်းကြောင့်ဖြစ်သည်။

"သန့်ရှင်းပြစ်မျိုး"ဟု 'ရှင်း' ဖြင့် မှားတတ်ကြသည်။ 'စင်' ဖြင့် "သန့်စင်ပြစ်မျိုး" ဟု ရေးရမည်။ သို့မှသာ အသံပြေပြစ်သည်။

အပုဒ်(၈)၌ "ဝတ်စားနေထိုင် ရန်ခပ်သိမ်း"ဟု ရှိတတ်သည်။ 'ဝတ်စား' ဟုမသင့်ပေ။ "စားဝတ်နေထိုင်"ဟု ရေးမှ ပြေပြစ်သည်။

အပုဒ်(၉)၌ "လောကီအာရုံ စည်းစိမ်ယစ်လို့" ဟု မှားကြသည်။ "ဇိမ်ယစ်မူးလို့" ဟု ရေးသားရမည်။ အဓိပ္ပာယ်အားဖြင့် တူညီသော်လည်း ကဗျာ၌ ကာရန် (အသံ)ပျက်သည်။ "မူး" နှင့် "ကြူး" ကာရန်စပ်ထားသည်ကို သိရမည်။

"အပျော်မကြူးနဲ့ ခြိုးခြံလေ"၌ 'ကျူး'ဟု ယပင့်ဖြင့်မှားကြသည်။ 'ကြူး' ဟု ရရစ်ဖြင့်သာ ရေးသားရမည်။

အပုဒ်(၁၀)၌ "တစ်လှည့်စီလဲ အမြဲနေ" ၌ "တစ်လှည့်စီလဲ"ဟု မှားကြသည်။ "တစ်လဲစီလှည့်" ဟုသာရေးသားရမည်။ အဓိပ္ပာယ်တူသော် လည်း အသံပြေပြစ်မှုမတူညီပါ။ ကဗျာတို့၌ အဓိပ္ပာယ်သာမက ကာရန် (အသံ) ကလည်း အရေးကြီးပါသည်။

"သောကကိုထိန်း ရမ္မက်သိမ်း"၌ မ,နှစ်လုံးမဆင့်ဘဲ 'ရမက်'ဟု မှားကြသည်။ "ရမ္မက်" ဟု မနှစ်လုံးဆင့်ရေးရသည်။

အပုဒ်(၁၂)၌ "သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို ပျက်ပြားနေကြ ကမ္ဘာမြေ" ဟူ၍ "ကို" ဖြင့်မှားတတ်ကြသည်။ "မင်္ဂလာတရားတို့"ဟု "တို့" ဖြင့် ရေးသားရမည်။ "ကို"နှင့် "တို့" မတူကြောင်းအများသိသော်လည်း မှားရိုက်ထားကြသည်ကို မကြာခဏ တွေ့ရသည်။

"သုံးဆယ်ရှစ်ဖြာ" ဟူ၍ 'ဆယ်'၌ အောက်မြစ်မပါလျှင် မှားသည်။ ဆယ်၌အောက်မြစ်ထည့်၍ 'သုံးဆယ့်ရှစ်ဖြာ'ဟုရေးမှ မှန်ကန်သည်။

ဖော်ပြပါအမှားတို့သည် ပညာရှင်များအတွက် ခက်ခဲနက်နဲလွန်း၍ မှားကြခြင်းမဟုတ်ဘဲ "သတိမမူ ဂူမမြင်" ဆိုသကဲ့သို့ မှားယွင်းနေကြခြင်း ဖြစ်ပါသည်။ သို့သော် 'ဋ္ဌ' ဖြင့်ရေးသော 'ပဋိရူပ' နှင့် 'တ' ဖြင့်ရေးသော 'ပတိရူပ' မူကွဲ၊ သကြီးဖြင့်ရေးသော "ဗာဟုသစ္စဉ္စ" နှင့် သ,ငယ်ဖြင့် ရေးသော "ဗာဟုသစ္စဉ္စ" မူကွဲစသည်တို့၌ မည်သည့်အရေးအသားကို မူတည်ထားရမည်ဆိုသည်ကို ပါဠိပါရဂူများသာ ညှိနှိုင်းဆုံးဖြတ်ရမည့် အရာဖြစ်ပါသည်။ ကျွန်တော်သည် စာပေသုတေသီ အဆင့်မျှသာဖြစ်ပြီး အများအတွက် အဆင်ပြေစေရန် စေတနာဖြင့်ရေးသားပေးခြင်းသာ ဖြစ်ပါ၏။

စာပေအရာ၌ ဆိုလိုရင်းအဓိပ္ပာယ်တို့ မှန်ကန်မှုရှိရန် အရေးကြီးသကဲ့သို့ အရေးအဖွဲ့ သတ်ပုံသတ်ညွှန်းတို့ မှန်ကန်မှုရှိရန်လည်း အရေးကြီးကြောင်း သတိပြုကြပါရန် အကြံပြုရင်း တို့စကား၊ တို့စာ၊ မြတ်နိုးပါဟုလည်း တိုက်တွန်းလိုက်ရပါသတည်း။ ။

ပါဠိပါဌ်သားဖြစ်စေ၊ ကဗျာကာရန်ဖြစ်စေ ချွတ်ချော်မှားယွင်း ရိုက်နှိပ်ထားသော စာအုပ်တို့ကို သင်ယူခဲ့ကြရသူများ၌ အမှားများ စွဲကပ်နေတတ်သည်။ မှားယွင်းချွတ်ချော်နေသောစာအုပ်တို့ကို ကူးယူကိုးကားပြုစုထားသော စာအုပ်တို့၌လည်း ဆင့်ကဲဆင့်ကဲ မှားကြရပြန်သည်။ ထို့ကြောင့် စာအုပ်စာပေပြုစုမည့်သူများအနေဖြင့် သာသနာရေးဦးစီးဌာနကရိုက်နှိပ်သော ကျမ်းဂန်များနှင့် မြန်မာစာအဖွဲ့က ရိုက်နှိပ်သောစာအုပ်များကိုသာ အဓိကထားကိုးကားသင့်ပါသည်။ သံသယရှိပါက ညှိနှိုင်းတိုက်ဆိုင်ကြရမည်လည်း ရှိပါသည်။

ပြည်တွင်းရေးရာ



အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ် နစ်မြုပ်သည့်နေရာပြမြေပုံ




# တောင်ကုတ်-စစ်တွေ အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ်နစ်မြုပ်မှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ မတ် ၁၅**

မတ် ၁၂ ရက် ည ၉ နာရီတွင် တောင်ကုတ်ဆိပ်ကမ်းမှ ထွက်ခွာခဲ့သော တောင်ကုတ်-စစ်တွေ ပြေးဆွဲသည့် အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ်သည် မတ် ၁၃ ရက် ည ၈ နာရီခွဲခန့်တွင် မြေပုံမြို့နယ် ပေသုန်ကျွန်းနှင့် မြောက်ကျွိန်ကျွန်းအနီးအရောက် ကျောက်ဆူးကြိုးချသည့်နေရာ သင်္ဘောဦးဘက်ပိုင်းမှ ပွင့်ထွက်ကာ ရေများဝင်လာသဖြင့် သင်္ဘောလုံခြုံရေးလိုက်ပါလာသည့် ရဲဒုတပ်ကြပ်လှကျော်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် သုံးဦးသည် ရေယာဉ်ဝန်ထမ်းများ၊ ခရီးသည်များပူးပေါင်းကာ စက်အား၊ လူအားဖြင့် ရေများ စုပ်ထုတ်ခဲ့သော်လည်း ရေဝင်အားများ၍ သင်္ဘောတိမ်းစောင်းနစ်မြုပ်ခဲ့သည်။

သင်္ဘောနစ်မြုပ်သည့်သတင်းရလျှင်ရချင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်မှုတွင် မတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီထိ သံဃာ နှစ်ပါးအပါအဝင် ကျား ၁၀၄ ဦး၊ မ ၆၅ ဦး ပေါင်း ၁၆၉ ဦး ကယ်တင်နိုင်ခဲ့ပြီး သံဃာ တစ်ပါးအပါအဝင် ကျား လေးဦး၊ မ ၃၂ ဦး ပေါင်း ၃၆ ဦးတို့၏ အလောင်းများအား ဆယ်ယူရရှိပြီး ခန့်မှန်းပျောက်ဆုံးသူ ၁၃ ဦးခန့်ရှိနေသေးကြောင်းနှင့် ၎င်းတို့မှာ နစ်မြုပ်နေသော အောင်တံခွန် (၃) သင်္ဘောအတွင်း ကျန်ရှိနေနိုင်သဖြင့် ရေငုပ်ကျွမ်းကျင်သူများဖြင့် ရှာဖွေကယ်ဆယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသက်ရှင်လျက်ကယ်ဆယ်ရရှိသူများအား နေရပ်ပြန်နိုင်ရေး၊ စားသောက်နေရာချထားရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆယ်ယူရရှိသော အလောင်းများအား ကျောက်ဖြူဆေးရုံသို့ပို့ဆောင်ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာ မိသားစုအသီးသီးတို့ထံ ပြန်လည်အပ်နှံပေးလျက်ရှိကြောင်း သိရသည်။

အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ်နစ်မြုပ်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

| စဉ် | အကြောင်းအရာ | ကျား | မ | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မော်တော်ပေါ်ပါရှိ | ၁၂၀ | ၉၇ | ၂၁၈ | ရဲတပ်ဖွဲ့ဝင်(၃)ဦး၊ သံဃာ(၃)ပါး |
| ၂။ | ကယ်ဆယ်ရရှိ | ၁၀၄ | ၆၅ | ၁၆၉ | ရဲတပ်ဖွဲ့ဝင်(၃)ဦး၊ သံဃာ(၂)ပါး |
| ၃။ | အလောင်းရ | ၄ | ၃၂ | ၃၆ | သံဃာ(၁)ပါး၊ ကလေးမ(၁)ဦး |
| ၄။ | ရှာဖွေဆဲ | ၁၃ | | ၁၃ | |

**(သတင်းစဉ်)**



# အင်းစိန်မြို့နယ်၌ အနုကြမ်းစီးသူတစ်ဦး ဖမ်းဆီးရမိ၊ နှစ်ဦးထွက်ပြေး

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အမှတ်----- နေအိမ်တွင် မတ် ၁၁ ရက် ညနေ ၆ နာရီခွဲခန့်က အနုကြမ်းစီးမှုတစ်ခုဖြစ်ပွားခဲ့သည်။

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အမှတ်---- နေအိမ်တစ်အိမ်တွင် အိမ်ရှင်နှစ်ဦးရှိနေစဉ် မန္တလေးသို့ ခရီးသွားနေသည့် အိမ်ရှင်၏ညီမ ဒေါ်စိုးစိုးတင်က မီးစက်ပြင်ရန် လွှတ်လိုက်သည်ဟုဆိုကာ အမျိုးသားသုံးဦး ရောက်ရှိလာသဖြင့် နေအိမ်အတွင်းသို့ ပေးဝင်ခဲ့ရာ အိမ်အတွင်းသို့အရောက်တွင် လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလုယက်သူများ နေအိမ်အနောက်ဘက်မှ ထွက်ပြေးမည်ပြုစဉ် ကိုအောင်ဆန်းမိုးက တွေ့ရှိပြီး အကူအညီတောင်း၍ ဝိုင်းဝန်းဖမ်းဆီးရာ အိမ်ရှင်အား ကြိုးဖြင့်တုပ်ခဲ့သူ သက်ထွဋ်(ခ)ကိုသက်(၃၈)နှစ် မြောင်းတကာစံပြကျေးရွာ မှော်ဘီမြို့နယ်နေသူအား ဖမ်းဆီးရမိပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည့်အတွက် အင်းစိန်မြို့မရဲစခန်းက အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**


EASY GO TRAVEL & TOURS အဆင့်မြင့်ခရီးသွားလုပ်ငန်း
၂၀၁၅ ခုနှစ်မဟာသင်္ကြန်ခရီးစဉ်များ
ပုဂံ၊ ပုပ္ပါး၊ ရွှေစက်တော်၊ မကွေး၊ မင်းဘူး ၄ည ၅ရက် 12 Apr
ပုဂံ၌ဟိုတယ်(၁)ည၊ ရွှေစက်တော် တည်းခိုဆောင်(၁)ည၊ စား(ငြိမ်း)
မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ထားဝယ်ရှင်ကိုးရှင် ၅ည ၆ရက် 12 Apr
ဟိုတယ်(၃)ည၊ အစားအသောက်(ငြိမ်း)
လွိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ၅ည ၆ရက် 12 Apr
ဟိုတယ်(၄)ည၊ အစားအသောက်(ငြိမ်း)
လွိုင်ကော်သီးသန့်ခရီးစဉ် ၃ည ၄ရက် 26 Mar
ဟိုတယ်(၁)ည၊ အစားအသောက်(ငြိမ်း)
◆ ငွေဆောင်ကမ်းခြေအပန်းဖြေသင်္ကြန်ရက် စားရိတ်ငြိမ်း(၂)ည (၃)ရက်ခရီးစဉ်
◆ ချောင်းသာကမ်းခြေတွင် အခက်အခဲမရှိ သင်္ကြန်ရက်အပန်းဖြေနိုင်ရန်ဟိုတယ် အခန်းများစီစဉ်ပေးပါသည်။
နှင့် Package Order တို့ကိုစည်းသည်များစိတ်တိုင်းကျညှိနှိုင်းစီစဉ်ပေးပါမည်။
ခရီးစဉ်တိုင်းတွင် အဆင့်မြင့်အဲယားကွန်းလေအိတ်ကား၊ ဟိုတယ်၊ စားသောက်ဆိုင် စားရိတ်ငြိမ်းဖြင့် စီစဉ်ပေးထားပြီး အထူးဝန်ဆောင်မှုအနေဖြင့် အမှတ်တရမှတ်တမ်းတင်ခွေ၊ ကံစမ်းမဲ၊ ဂိမ်းအစီအစဉ်နှင့် လမ်းခရီးလိုအပ်သောနေရာ၌ ကုသိုလ်ယူအလှူဒါနပြုနိုင်ရန် စီစဉ်ပေးထားပါသည်။
Tel : 09 - 449011566, 449011577, 30330800, 420278588, 73198845



ဦးအောင်ဟန်းကျော်
ရေးပြောဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
▪ 392468 09517184



စိန်ဝင်း နှင့် ရောင်းရင်းများ
မဟာသင်္ကြန်
မန်းရွှေစက်တော်နှင့်
ခရီးစဉ်အားလုံး ဧပြီ ၁၁၊ ၁၂၊ ၁၃ ထွက်မည်။
ကျိုက်ထီးရိုး(နေ့စဉ်)၊ ချောင်းသာ(နေ့စဉ်)
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၈၇၃၊ ၂၅၅၅၅၃၊ ၃၈၉၆၁၁၊ ၀၉၅၁၁၃၇၂၄၅

# နေပြည်တော်သို့ KIO ၏ ငြိမ်းချမ်းရေး ပထမခြေလှမ်း

**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**

**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)တို့ (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ၌ ယခုလ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။**


ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း
သမ္မတရုံးဝန်ကြီးဌာန


ဦးလှမောင်ရွှေ
(အကြီးတန်းအကြံပေး)


ဒေါက်တာလဂျာ
(အထွေထွေအတွင်းရေးမှူး)


ဗိုလ်ချုပ်ဂွမ်မော်
(ဒုတိယစစ်ဦးစီးချုပ်)

ယင်းဆွေးနွေးပွဲမတိုင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သောအဖွဲ့နှင့် KIO လွတ်မြောက်ရေးအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒေါက်တာလဂျာ ဦးဆောင်သောအဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူအချို့၏ ပြောကြားချက်များကို ဖော်ပြလိုက်ရပါသည်။

**“စစ်ရေးကြောင့် ဖြစ်ပွားတဲ့ ဆိုးရွားမှု၊ ဆုတ်ယုတ်မှုကိစ္စတွေကို ကာကွယ်ကြဖို့ နည်းလမ်းတွေ ပြောကြတာပါ”**
**ဒေါက်တာလဂျာ (အထွေထွေအတွင်းရေးမှူး)**
**ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)**

ဒီမနက်ပိုင်းမှာ ဒုတိယသမ္မတနဲ့ ခေါင်းဆောင်တွေရယ်၊ ကျွန်တော်တို့ ကေအိုင်အိုဗဟိုအဖွဲ့အစည်းနဲ့ မိတ်ဆက်သဘောနဲ့ ပထမဆုံးတွေ့ဆုံတာပါ။ ကျွန်တော်တို့ ပြောကြတာတော့ လက်နက်ကိုင်ပဋိပက္ခလျှော့ချရေးနဲ့ တိုက်ခိုက်မှုတွေ ဘယ်လိုကာကွယ်မလဲဆိုတဲ့ နည်းလမ်းတွေ ရှာကြဖို့ ပြောကြပါတယ်။ စစ်ရေးကြောင့်ဖြစ်ပွားတဲ့ ဆိုးရွားမှု၊ ဆုတ်ယုတ်မှုကိစ္စတွေကို ကာကွယ်ကြဖို့ နည်းလမ်းတွေ ပြောကြတာပါ။ ဆွေးနွေးမှုတွေတော့ မရှိသေးဘူး။ အခြားတိုင်းရင်းသားတွေနဲ့ အတူတကွ တာဝန်သိမှု၊ တာဝန်ယူမှုနဲ့ ပါဝင်ခဲ့တဲ့အကြောင်းတွေကိုလည်း ပြောခဲ့ပါတယ်။ အဖြေကောင်းတွေရရှိဖို့ အားနည်းချက်တွေကို လက်ခံပြီး အားကောင်းလာအောင် ပြုပြင်ဆောင်ရွက်ကြရမယ်။ ယုံကြည်မှုအပိုင်းကိုလည်း တည်ဆောက်နိုင်ကြမှာပါ။

**“ပဋိပက္ခတွေ ဖြစ်နေရင် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုဖို့က အဟန့်အတား အကန့်အသတ်တွေဖြစ်နိုင်ပါတယ်”**
**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း**
**သမ္မတရုံးဝန်ကြီးဌာန**

ဒီနေ့ပွဲဟာ ရန်ကုန်မှာလုပ်မယ့် ပွဲရဲ့ ရှေ့ပြေးပါ။ ရန်ကုန် MPC မှာ ၁၇ ရက်မှာ လုပ်ပါမယ်။ NCCT နဲ့ UPWC စာချုပ်ချုပ်ဆိုတာ (၇) ကြိမ်မြောက် အစည်းအဝေးပဲဖြစ်ပါတယ်။ အဲဒီအစည်းအဝေးအတွက် ကေအိုင်အေအဖွဲ့က လိုင်ဇာကနေ မန္တလေး၊ မန္တလေးကနေ နေပြည်တော်၊ နေပြည်တော်ကနေ ရန်ကုန်ကိုသွားမှာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ကေအိုင်အေအဖွဲ့နဲ့ Bilateral ဆွေးနွေးပွဲဖြစ်ပါတယ်။ ကြုံကြိုက်လို့ လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ တွေ့ဆုံဖို့ ကြိုတင်စီစဉ်ပြီး လုပ်ကိုင်ခဲ့တာပါ။ တစ်ဖွဲ့ချင်း တစ်ဖွဲ့ချင်းနဲ့ Bilateral တွေကလည်း လိုအပ်ပါတယ်။ NCCT အတွက်ဆွေးနွေးပွဲတွေကတော့ တိုင်းရင်းသားလက်နက်ကိုင် ၁၆ ဖွဲ့နဲ့ ဆွေးနွေးတာ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ပဋိပက္ခတွေ လျှော့ချရေးအကြောင်းပါပဲ။ ပဋိပက္ခတွေ ဖြစ်နေရင် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုဖို့က အဟန့်အတားအကန့်အသတ်တွေဖြစ်နိုင်ပါတယ်။

**“ယခုလိုကေအိုင်အိုအဖွဲ့ လာရောက်တွေ့ဆုံတာ ထူးခြားသလို အဓိပ္ပာယ်လည်း ရှိပါတယ်”**
**ဦးလှမောင်ရွှေ(အကြီးတန်းအကြံပေး)**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)**

ဒီနေ့မှာ နိုင်ငံတော်အစိုးရရဲ့ကိုယ်စား ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်တဲ့အဖွဲ့နဲ့ တိုင်းရင်းသားအဖွဲ့တွေထဲကကေအိုင်အေအဖွဲ့က လာရောက်တွေ့ဆုံတာပါ။ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် ဩဂုတ်လက ဖိတ်ခေါ်ပြီးနောက်ပိုင်းမှာ တိုင်းရင်းသားအဖွဲ့တွေ နေပြည်တော်မှာ တွေ့ဆုံခဲ့တာ ရှိပါတယ်။ ဒီနေ့ ကေအိုင်အေအဖွဲ့နဲ့ တွေ့ဆုံမှုကလည်း ထူးခြားတဲ့ တွေ့ဆုံမှုပါ။ ကေအိုင်အိုနဲ့ လွန်ခဲ့တဲ့ ၁၇ နှစ်က အပစ်အခတ်ရပ်ခဲ့တာရှိပေမယ့် ၂၀၁၁ ခုနှစ်မှာ ပဋိပက္ခတွေ ပြန်ဖြစ်လာပါတယ်။ ဒီလိုအချိန်မျိုးမှာ လာရောက်တွေ့ဆုံနိုင်တာ ကောင်းပါတယ်။ ရန်ကုန်မှာ လာမယ့် ၁၇ ရက်မှာဆွေးနွေးဖို့ အဓိက (၈) ချက်ပဲရှိပါတယ်။ ဒါတွေကို နှစ်ဖက်သဘောတူညီချက်ရခဲ့ရင် ပြည်သူတွေလိုချင်တဲ့ ငြိမ်းချမ်းရေးကို နောက်တစ်ဆင့်သွားနိုင်ဖို့အတွက် လက်မှတ်ရေးထိုးနိုင်မှာပါ။ ဒါကြောင့်မို့ ဒီဆွေးနွေးပွဲမတိုင်မီ နှစ်ရက်အလိုမှာ ယခုလိုကေအိုင်အိုအဖွဲ့ လာရောက်တွေ့ဆုံတာ ထူးခြားသလို အဓိပ္ပာယ်လည်း ရှိပါတယ်။

**“တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်အောင်မြင်ဖို့လိုအပ်တယ်”**
**ဗိုလ်ချုပ်ဂွမ်မော်( ဒုတိယစစ်ဦးစီးချုပ်)**
**ကေအိုင်အိုလွတ်မြောက်ရေးအဖွဲ့**

ဒီမနက်ကတော့ အဓိက ဒုတိယသမ္မတနဲ့ တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်၊ အဓိကအနေနဲ့ (၇) ကြိမ်မြောက် NCCTနဲ့ UPWC တို့တွေ့ဆုံဖို့ သွားရင်းနဲ့ နေပြည်တော်မှာ ဒုတိယသမ္မတက လက်ခံတွေ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီး ဆောင်ရွက်မယ့် NCA မှာ ဘယ်လိုအောင်မြင်အောင် လုပ်ဆောင်ကြမလဲဆိုတဲ့ အပိုင်းကို သဘောထားချင်းဖလှယ်တာဖြစ်ပါတယ်။ သဘောတူညီချက်အနေနဲ့ကတော့ အချက်အလက်အပေါ်မဟုတ်ဘဲ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်အောင်မြင်ဖို့ လိုအပ်တယ်။ နှစ်ဖက်စလုံးက အောင်မြင်အောင် ကြိုးစားကြမယ်ဆိုတဲ့ သဘောထားကို ဖလှယ်ကြတာဖြစ်ပါတယ်။ လောက်ကိုင်ကိစ္စကတော့ ကျွန်တော်တို့ KIOနဲ့ တိုက်ရိုက် မပတ်သက်ပါဘူး။ လောက်ကိုင်မှာရှိနေတဲ့ ကိုးကန့်အဖွဲ့ကတော့ ကျွန်တော်တို့ NCCTရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က နိုင်ငံရေးအရ လက်တွဲခေါ်ဖို့ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ စစ်ရေးမှာတော့ လောက်ကိုင်ဒေသတွေမှာ ပါဝင်ဖို့ မရှိပါဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တွေ့ချင်ပါတယ်။ ခေါင်းဆောင်တွေ တွေ့ဖို့ အားမယ်ဆိုရင်တော့ တွေ့ဖို့လည်း မျှော်လင့်ပါတယ်။

---

**○ ပြည်ထောင်စုသမ္မတမှ**

အဖွဲ့တစ်ဖွဲ့သည်လည်းကောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများနှင့် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်တို့သည်လည်းကောင်း အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးကြည့်ရှုလျက်ရှိပါသည်။ လိုအပ်မည့် အသေးစိတ်စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

အထက်ပါဖြစ်စဉ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးကို ပျက်ပြားစေလိုသော ကိုးကန့်သောင်းကျန်းသူများ၏ ပါဝင်မှုရှိ၊ မရှိကိုလည်း စိစစ်ဖော်ထုတ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအချင်းချင်း သံတမန်လမ်းကြောင်းမှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့တပ်မတော်မှလည်း နှစ်နိုင်ငံတပ်မတော်များအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်လျက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၅ ရက်**

---

## မြန်မာအသင်း နှစ်ပွဲဆက်နိုင် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၆ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအုပ်စု(က) နောက်ဆုံးပွဲကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပသည်။

မြန်မာ- ခုနစ်ဂိုး
အိန္ဒိယ-ဂိုးမရှိ

မြန်မာအသင်းမှာ သီရိလက်ာနှင့် အိန္ဒိယအသင်းတို့ကို ဂိုးပြတ်အနိုင်ယူကာ ခြေစစ်ပွဲဒုတိယအဆင့်သို့ တက်ရောက်မည်ဖြစ်သည်။ အိန္ဒိယအသင်းမှာ ပွဲအစပိုင်းသာ မြန်မာအသင်းကို ခြေရည်တူကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားကာ ဂိုးပြတ်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်မြန်မာအသင်းမှာ သီရိလက်ာအသင်းနှင့်ပွဲမှ လူစာရင်းအတိုင်း ပွဲထွက်လာခဲ့ပြီး အိန္ဒိယအသင်းကို ရင်ဆိုင်ခဲ့သည်။ အိန္ဒိယအသင်းမှာ ပွဲအစပိုင်းတွင် မြန်မာအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သော်လည်း အဖွင့်ဂိုး ပေးလိုက်ရပြီး နောက်ပိုင်းတွင်ပြိုဆင်းသွားကာ ခုနစ်ဂိုးအထိပေးခဲ့ရခြင်းဖြစ်သည်။ ပွဲအစ ရှစ်မိနစ်တွင် ရီရီဦး၏ ဖြတ်တင်ဘောမှတစ်ဆင့် ခင်မိုးဝေက ခေါင်းတိုက်ကာ မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင်မြန်မာအသင်း စိတ်ကြိုက်ဖိကစားသွားပြီး ၁၄ မိနစ်တွင် ခင်မာလာထွန်း၊ ၂၁ မိနစ်တွင် နော်အားလိုဝါးဖော၊ ၂၇ မိနစ်တွင် ရီရီဦးတို့က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် သန်းသန်းထွေးနှင့် ဝင်းသီဂီထွန်းတို့ဝင်လာပြီးနောက်ပိုင်း မြန်မာအသင်းကစားပုံပိုကောင်းလာခဲ့သည်။ ၆၁၊ ၇၆ မိနစ်များတွင် ရီရီဦးက နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး နောက်ဆုံးဂိုးကို ပွဲပြီးခါနီးတွင် ဝင်းသီဂီထွန်းက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲအုပ်စု(က)ပွဲစဉ်များအပြီးတွင် အိမ်ရှင်မြန်မာအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ပထမနေရာရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားသည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်တို့နှင့်အတူ ပထမအဆင့်မှ တက်လာသည့် အသင်းသုံးသင်းတို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်**

---


# mitv

MYANMAR INTERNATIONAL
Programme Schedule
(16-3-2015)(Monday)

(16-3-2015 07:00am ~ 17-3-2015 07:00am)MST
News
Marketable Goods (Myanmar Arts & Handicrafts)
Ywar Thit's Monhinkhar
News
Hanlin, A Treasure Trove Of The Ancient Pyu City
Telented Musicians
News
Lawka Nandar Wildilife Sanctuary And Its Rare Star Tortoises
Products Of Myanmar- Kachin Traditional Knife
News
Youth Filmmaker
Caves of Myanmar


---

## အိမ်မဲတွင် တရားမဝင်အမဲသားများ သိမ်းဆည်းရမိ

**အိမ်မဲ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျိုက်ပိကျေးရွာအုပ်စု ဂျီးစုကျေးရွာ အနောက်ဘက် လယ်ကွင်းအတွင်း၌ မတ် ၁၄ ရက် နံနက် ၃ နာရီခန့်တွင် တရားမဝင်အမဲသားများ သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

တရားမဝင် အမဲသားများ ဖမ်းဆီးရေးနှင့် နွားအရှင်များ မြို့နယ်ကျော်မထွက်ရှိရေး အထူးအဖွဲ့မှ သတင်းအရ သွားရောက်ဖမ်းဆီးရာ ငွေကျပ်သိန်း ၃၀၊ ဟာဝေးလက်ကိုင်ဖုန်းနှစ်လုံး၊ နစ်ဆန်းယာဉ်အမှတ် FF/... အဖြူရောင်ပေါ်တွင် ပိုင်ရှင်မဲ့အသား ပိဿာချိန် ၃၃၀၊ အနီးဝန်းကျင်တွင် ပိုင်ရှင်မဲ့အမဲသား ၄၀၃ ပိဿာ စုစုပေါင်းအမဲသား+အရိုး ၇၃၃ ပိဿာ သိမ်းဆည်းရမိခဲ့သည်။

**ဇော်ထက်(အိမ်မဲ)**



## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကချင်လွတ်မြောက်ရေးအဖွဲ့မှ ဒေါက်တာ လဂျာခေါင်းဆောင်သောအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ကချင် လွတ်မြောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာလဂျာအပါအဝင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီးလဖိုင်လ၊ ဗိုလ်မှူးကြီး ခွန်နောင်၊ ဗိုလ်မှူးကြီး ဇော်တောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ယခု နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်မှ စပြီး ငြိမ်းချမ်းရေးရယူရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လာသည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးလာခဲ့ပြီး ယခုဆိုလျှင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဦးတည်ဆွေးနွေးလာခဲ့သည်မှာ ခုနစ်ကြိမ်ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

ယခုလို ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် အခက်အခဲများစွာရှိပါကြောင်း၊ ဆွေးနွေးပွဲများ စတင်ကျင်းပချိန်တွင် ယုံကြည်မှုအားနည်းခြင်းကြောင့် ပြည်တွင်း၌ မကျင်းပနိုင်ဘဲ ပြည်ပသို့ သွားရောက်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုဆိုလျှင် ပြည်တွင်း၌ ကျင်းပနိုင်သည့်အတွက် တိုးတက်မှုရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ပိုင်းတွင် ပြည်တွင်း၌ သွားရောက်လည်ပတ်ချင်သည့် ဒေသများသို့ညှိနှိုင်းပြီး သွားရောက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ နှစ်ပေါင်း ၆၀ ကျော် ပေးဆပ်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိရန် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရပါကြောင်း။

အခြေအနေကောင်းတစ်ခုကိုရရှိစေရန် ကြိုးစားရာတွင် များစွာခက်ခဲသော်လည်း ပျက်ပြယ်သွားရန်မှာ လွယ်ကူပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပျက်ပြားသွားပါက ဦးစွာဒုက္ခရောက်ကြရသူများမှာ ပြည်သူများသာ ဖြစ်ပါကြောင်း၊ ယခုခေတ် ယခုအခါတွင် ကိုင်တွယ်အသုံးပြုကြသည့် လက်နက်များမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ အချိန်မရွေး ဒုက္ခပေးနိုင်သည့် လက်နက်များ ဖြစ်ပါကြောင်း၊ မှားသည် မှန်သည်မှာ ငြင်းဆိုဖွယ်ရာဖြစ်သော်လည်း ဒုက္ခရောက်ကြရသူများမှာ ပြည်သူများသာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် စိတ်ရှည်သည်းခံ၍ ရေရှည်ကိုမျှော်ကိုးပြီး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုဆိုလျှင် အားလုံးပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် လက်တစ်ကမ်းတွင်သာ ရှိနေပြီဖြစ်သည့်အတွက် အနည်းငယ်ကြိုးစားရုံဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိတော့မည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ယခုလက်ရှိရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို အမိအရဆုပ်ယူပြီး ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကေအိုင်အိုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက မိမိတို့အဖွဲ့သည် ကေအိုင်အိုဗဟိုအဖွဲ့၏ တာဝန်ပေးချက်အရ နေပြည်တော်သို့ ပထမဆုံးအကြိမ် လာရောက်ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ယခုလိုလာရောက်ခြင်းသည် ရလဒ်ကောင်းများအတွက် အဓိကထား လက်တွေ့ဖော်ဆောင်နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့၏ သဘောထားရပ်တည်မှုကိုလည်း ၂၀၁၅ ခုနှစ် ပြည်ထောင်စုနေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းထုတ်ပြန်ကြေညာချက်မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီး အောင်မြင်စေရန်ပင်ဖြစ်ပါကြောင်း၊ ယခုဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို မည်သူကမျှ မလိုလားကြပါကြောင်း၊ ယင်းကိုသင်ခန်းစာယူပြီး ဆက်လက်၍ ပဋိပက္ခများမဖြစ်စေရန် မည်သို့ကာကွယ်သွားမည်၊ နောင်ကိုမည်သို့ဆက်သွားမည်၊ ဖြစ်ပြီးသားကိစ္စရပ်များကို မည်ကဲ့သို့ ကုစားသွားရမည်ဆိုသည်တို့ကို ဆွေးနွေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ စစ်ရေးကိစ္စရပ်များကို ဖြေရှင်းရာတွင် ယုံကြည်မှုကို ပိုမိုခိုင်မာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မကြာခင်ဆွေးနွေးမည့် (၇)ကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမှ ပြည်သူများ လိုလားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကို အချိုးအကွေ့ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ဒေါက်တာလဂျာဦးဆောင်သည့် အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကချင်လွတ်မြောက်ရေးအဖွဲ့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်တွင် ရောက်ရှိနေသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့် အဖွဲ့ဝင်များအား ယနေ့ညပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(အပေါ်ပုံ)**

ညစာစားပွဲတွင် ရှေးဦးစွာ ဒုတိယသမ္မတက ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအားရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယသမ္မတက ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ညစာစားပွဲသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လူမှုဖူလုံရေးအဖွဲ့က အကျိုးခံစားခွင့်များကို တလုံးတခဲတည်းထုတ်ပေးခဲ့

**ရန်ကုန် မတ် ၁၅**

လူမှုဖူလုံရေးအဖွဲ့တွင် လစဉ်ပင်စင်ထုတ်ယူနေသူများနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များအား ငွေလုံးငွေရင်းတလုံးတခဲတည်းထုတ်ပေးခြင်း အခမ်းအနားကို မတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်၊ လူမှုဖူလုံရေးရုံးချုပ် သုတေသနနှင့် စီမံကိန်းဌာနမှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းတို့ တက်ရောက်၍ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်သမားများ၏ ကျန်ရစ်သူ ပင်စင်ငွေနှင့် နာရေးစရိတ်၊ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်များအပြင် အမြဲမသန်စွမ်းမှုပင်စင်ငွေများကို သက်ဆိုင်ရာမိသားစုနှင့် ကာယကံရှင်များကို ငွေလုံးငွေရင်းတစ်လုံးတစ်ခဲတည်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်တွေတုန်းက ဒီလိုထိရောက်တဲ့ထောက်ပံ့မှုတွေ မလုပ်ပေးနိုင်ခဲ့ဘူး။ ဥပဒေအသစ်စတင်ကျင့်သုံးတော့မှ အကျိုးခံစားခွင့်တွေကို မြန်မြန်ဆန်ဆန် ပေးနိုင်ခဲ့တဲ့အပြင် ငွေကြေးနှုန်းထားတွေလည်း များများပေးလာနိုင်တယ်။ ဒါဟာ ဝမ်းနည်းအားငယ်နေတဲ့ မိသားစုအတွက်တော့ စိတ်အားနည်းနည်းပဲဖြစ်ဖြစ် ပြန်လည်ဖြည့်စွမ်းပေးနိုင်မှာပါ"ဟု ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ပြောသည်။

ယင်းသို့ လူမှုဖူလုံရေးအဖွဲ့မှ အကျိုးခံစားခွင့်ငွေကြေးများကို ထုတ်ပေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ အမြဲတမ်းမသန်စွမ်းမှုပင်စင်ထုတ်ယူနေသူ အလုပ်သမား ၄၁ ဦးအတွက် ငွေလုံးငွေရင်းစုစုပေါင်း ကျပ် ၅၈၉ သိန်းကျော်နှင့် ကျန်ရစ်သူမိသားစုပင်စင် အလုပ်သမား ၃၆ ဦးအတွက် ငွေလုံးငွေရင်း စုစုပေါင်း ကျပ် ၃၄၄ သိန်းကျော်ကို ထုတ်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ ၁၃ ဦးအတွက် ငွေလုံးငွေရင်းစုစုပေါင်း ကျပ်သိန်း ၃၅၉ ကျော်တို့ကို ကျန်ရစ်သူအကျိုးခံစားခွင့်အဖြစ် သက်ဆိုင်ရာမိသားစု အသီးသီးကို ဥပဒေနှင့်အညီ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(၀၃၇)**

သူ့အတွေး သူ့အမြင်

မြစ်မခဘောဘီ

# မိဘအချစ်၊ မိဘမေတ္တာ

ကျွန်မသည် နေ့စဉ်သတင်းစာကို နေ့တိုင်းဖတ်ရှုတတ်သော အလေ့အကျင့်ရှိပါသည်။ သတင်းစာဖတ်သည့်အခါတွင် နာရေးသတင်းနှင့် တချို့မိဘများ သားသမီးများကို စွန့်လွှတ်ကြောင်း သတင်းမျိုးကို ရွေးချယ်၍ ဖတ်ရှုမိပါသည်။ ရံဖန်ရံခါ တချို့သော မိဘများသည် သားသမီးတစ်ဦးမက နှစ်ဦးလောက်အထိ အမွေပြတ်စွန့်လွှတ်တတ်ကြပါသည်။ ဤသို့သော သားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းသတင်းကို သတင်းစာ၌ ထည့်သည့်မိဘများ၏ ရင်တွင်း၌ စိတ်မကောင်းဝမ်းနည်းမှုတွေ၊ သားသမီးများ၏ ဒုက္ခအပေါင်းကို ခံစားရသည်မှာ ဆက်လက်မခံစားနိုင်သောကြောင့် လူသိရှင်ကြားဖြစ်အောင် အသိပေးလိုသဖြင့်သတင်းစာ၌ထည့်၍ ကြော်ငြာကြခြင်းဖြစ်မည်ထင်ပါသည်။

မိဘတိုင်းသည် သားသမီးများအပေါ်တွင် ပရဟိတစိတ်ဖြင့် ချစ်ကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စိတ်လေးထားပေးကြသည်။

အမိဝမ်းတွင်း ပဋိသန္ဓေလွယ်ထားရကတည်းက သားသမီးအပေါ် မေတ္တာထားကာ အပူ၊ အစပ်၊ အဖန်၊ အခါး၊ အချိုအငန် စသည့်အရသာပါသော အစားအစာများကို ချင့်ချိန်စားသောက်ကြရသည်။ အနေအထိုင်တွင် ပဋိသန္ဓေအတွက် ထိခိုက်စေမည့် အနေအထိုင်ကို ရှောင်ကြရပေသည်။ မိဘများသည် သားသမီးများကို အမိဝမ်းတွင်းရှိစဉ်ကပင် မေတ္တာနှင့် စောင့်ရှောက်ကြပေသည်။

မွေးဖွားလာပြီးနောက်ပိုင်း ငိုလိုက်ရင် ဘာလို့များငိုတာပါလိမ့်။ နို့ဆာလို့လား၊ ခြင်ကိုက်လို့လား၊ ဗိုက်နာလို့လား စသည်ဖြင့် ကရုဏာလေးနှင့် သနားတတ်ကြသည်။ ကိုယ့်သားသမီးဖျားနာနေတယ်ဆိုရင် ကိုယ့်သားသမီးရဲ့ အဖျားတွေ အဖေသာ ယူလိုချင်တယ်၊ အမေသာ ယူလိုက်ချင်တယ်နှင့် သားသမီးတို့၏ ဒုက္ခကို ဝေမျှခံစားပေးချင်ကြသည်။ ဖျားနာခြင်း အမြန်ပျောက်အောင်ဆုတောင်းပေးကြသည်။ ကုသပေးကြသည်။

ကိုယ့်သားသမီးလမ်းလျှောက်တတ်ပြီဆိုလျှင်လည်း ဝမ်းသာပြီး မုဒိတာစိတ်လေးဖြစ်မိသည်။ ကိုယ့်သားသမီး ဉာဏ်ထက်မြက်တယ်၊ ပညာထူးချွန်တယ်ဆိုလျှင်လည်း ဝမ်းသာလို့။ အားကစားတော်တယ်၊ အနုပညာကောင်းတယ်ဆိုလျှင်လည်း ဝမ်းသာပြီး မုဒိတာပွားမိပါသည်။

အရွယ်ရောက်လာလို့ ကိုယ့်သားသမီးတွေ ပညာလည်းတတ်၊ စီးပွားလည်းပြည့်စုံ၊ ကိုယ့်လက်ကိုယ့်ခြေနှင့် လုပ်ကိုင်နိုင်ပြီး ဘဝအလယ်မှာ မျက်နှာမငယ်ဘဲ ရပ်တည်နိုင်ပြီဆိုလျှင်လည်း မိဘများမှာ မုဒိတာစိတ်လေးဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

ကိုယ့်သားသမီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည်ဆိုလျှင်ဖြင့် ဥပေက္ခာလေးနှင့် လျစ်လျူရှုလိုက်ကြသည်။ သားလေး၊ သမီးလေးများသွားလိုရာ သွားနိုင်ပြီ။ ကိုယ်က ဘာမှစောင့်ရှောက်စရာ မလိုတော့ဘူးဟု မိဘများက စိတ်အေးချမ်းသာစွာဖြင့်၊ စောင့်ရှောက်မှုကင်းမဲ့စွာဖြင့် စိတ်လွှတ်လိုက်ကြသည်။ လျစ်လျူရှုလိုက်ကြသည်။ လျစ်လျူရှုကြသည်ဆိုရာ၌လည်း သူ့ထိုက်နှင့်သူ့ကံဟုသဘောမျိုးမဟုတ်ဘဲ တာဝန်ကျေအောင် ပြုစုစောင့်ရှောက်လိုက်ပြီးသည့်အတွက် ကိုယ်ကဘာမျှ ကြောင့်ကြမနေခြင်းဖြစ်သည်။ ဤသည်ကား ပြည့်စုံသော သူတွေအတွက်ထားသော မိဘများ၏ ဥပေက္ခာစိတ်မျိုးဖြစ်သည်။

တချို့သောသားသမီးများမှ မိဘများက မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေပေးပြီး သားသမီးတို့၏ ကောင်းကျိုးကို ဆောင်ရွက်ပေးသော်လည်း သားသမီးများဘက်မှ မိဘများဖြစ်စေချင်သော ကောင်းကျိုးတွေဖြစ်မလာသည်ကို တွေ့ရသည်။ ဤသို့သော သားသမီးများအတွက် သူ့ထိုက်နှင့်သူ့ကံပဲလို့ ဥပေက္ခာထားလိုက်ရသည်။

မိဘများက သားသမီးများကို လိမ္မာယဉ်ကျေးအောင်၊ ဉာဏ်ထက်မြက်အောင်၊ ပညာထူးချွန်အောင်၊ လုပ်ရည်ကိုင်ရည်ရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုစုစောင့်ရှောက်ကြပေသည်။

မိဘများဘက်က မေတ္တာနှင့်ဘယ်လောက်ပဲ စောင့်ရှောက်ပါစေ သားသမီးများဘက်က ဖြစ်ချင်သလိုဖြစ်မလာဘဲ၊ လိမ္မာယဉ်ကျေးမှုလည်း မရှိ လုပ်ရည်ကိုင်ရည်လည်း အားနည်းကြသည်။ မိဘများဘက်က သားသမီးများကို လူကောင်းတစ်ယောက်ဖြစ်စေချင်သည်။ ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ် ရပ်တည်နိုင်သော ပုဂ္ဂိုလ်များအဖြစ် သားသမီးများက ကြိုးစားအားထုတ်မှုမရှိကြသဖြင့် အရွယ်ရောက်လာသော သားသမီးများကို မိဘများက စိတ်တိုင်းမကျဖြစ်ကာ သားသမီးအဖြစ်မှ စွန့်လွှတ်မှုတွေမြင်ကြရသည်။

ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာယာပျော်ရွှင် ချမ်းမြေ့သော မိသားစုလေးတစ်စုဖြစ်ရန်အတွက် မိဘများက သားသမီးများအပေါ် လိုအပ်သလို ပံ့ပိုးမေတ္တာထားချစ်ကြသလို၊ သားသမီးများဘက်ကလည်း မိဘများအပေါ် အလေးထားချစ်မြတ်နိုး၍ သားသမီးများ လျှောက်လှမ်းကြရမည့် ပန်းတိုင်ဆီသို့ မယိမ်းမယိုင်ဘဲ မိဘများဖြစ်စေချင်သည့် ဆန္ဒနှင့်ထပ်တူဖြစ်အောင် သော်လည်းကောင်း၊ အနည်းဆုံး မိမိခြေထောက်ပေါ် ရပ်တည်နိုင်သည့်အဆင့်အထိ ကြိုးစားသင့်ကြပေသည်။ ဤသို့ သားသမီးများဘက်က တာဝန်ကျေစွာ ကြိုးစားအားထုတ်ပေးမည်ဆိုလျှင် မည်သည့်မိဘများက သားသမီးများကို စွန့်လွှတ်ချင်စိတ်များဖြစ်ပေါ်လာကြတော့မည် မဟုတ်ပေ။ ။

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီ တပ်မတော် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## ရန်ကုန် - မန္တလေး အမှတ်(၅)အဆန်/(၆)အစုန် လူစီးအမြန်ရထားတွင် အထက်တန်းတွဲအသစ်များ အစားထိုးပြေးဆွဲ

**မန္တလေး မတ် ၁၅**

မြန်မာ့မီးရထားမှ ခရီးသည်များ သက်သောင့်သက်သာ အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းနိုင်ရန်အတွက် ရန်ကုန်-မန္တလေးအမှတ်(၅)အဆန်/(၆)အစုန် လူစီးအမြန်ရထားတွင် ယခင်ခရီးသည် ၄၀ ဦးတင်ဆောင်သည့် အထက်တန်းတွဲများ အစား ခရီးသည်များ ပိုမိုလွတ်လပ်ကျယ်ဝန်းပြီး သက်သာချောင်ချိစွာ ခရီးသည် ၃၀ စီးနင်းလိုက်ပါနိုင်သည့် အထက်တန်းတွဲများဖြင့် မတ် ၁၅ ရက်မှ စတင်၍ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



“မြန်မာ့မီးရထားအနေနဲ့ ခရီးသည်တွေ သက်သောင့်သက်သာ စီးနင်းနိုင်အောင် တွဲတွေကိုပြုပြင်ပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေပါတယ်။ တွဲပေါ်မှာထိုင်ခုံအသစ်နဲ့ ထိုင်ခုံအစွပ်သစ်တွေအပြင် ရေအိမ်ကိုလည်း အနောက်တိုင်းပုံစံနဲ့ ကောင်းမွန်သန့်ရှင်းအောင်လုပ်ဆောင်ထားတယ်။ ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ပြောင်းလဲလုပ်ဆောင်ပေးနေတာဖြစ်ပါတယ်” ဟု တိုင်းအမှတ်(၃) မန္တလေး အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)ဦးအေးချိုကပြောသည်။

အဆိုပါတွဲသစ်များကို မြစ်ငယ်(လူစီးတွဲနှင့်ကုန်တွဲပြင်စက်ရုံ)မှ အသစ်တည်ဆောက်ပြီး ခရီးသည်များ သက်သာချောင်ချိစွာ စီးနင်းနိုင်ရေးအတွက် ရန်ကုန်-မန္တလေးပြေးဆွဲနေသည့် အမှတ် (၅)အဆန်/(၆)အစုန်၊ (၃)အဆန်/(၄)အစုန်၊ (၁၁)အဆန်/(၁၂)အစုန်ရထားများတွင် ထိုင်ခုံအသစ်များတပ်ဆင်ထားသည့် သန့်ရှင်းသပ်ရပ်သော တွဲသစ်များဖြင့် ဆက်လက်၍လဲလှယ်ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ဆွေတော်မျိုးတော်များက တော်ဝင်ကုန်းဘောင် လူမှုအဖွဲ့ ဖွဲ့စည်းမည်

**မန္တလေး မတ် ၁၅**

ကနောင်မင်းသား၊ မင်းတုန်းမင်းနှင့်သီပေါမင်းတို့၏ မျိုးဆက်လူငယ်များက အနွယ်တော်များ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအကူအညီပေးနိုင်ရန်အတွက် တော်ဝင်ကုန်းဘောင်လူမှုအဖွဲ့အစည်း (Royal Kone Baung Society) ကို တည်ထောင်သွားမည်ဖြစ်ကြောင်း မင်းတုန်းမင်းတရားကြီး၏ တီတော် ထိပ်တင်နှင်းက ပြောသည်။

မတ် ၈ ရက်က မန္တလေးမြို့ရှိ ကုန်းဘောင်မင်းဆက် သီပေါမင်း နောက်ဆုံးစိုးစံရာ မြနန်းစံကျော်ရွှေနန်းတော်တွင် ကျင်းပသည့် မင်းတုန်းမင်း၏ ဆွေတော်မျိုးတော်များ၏ ပထမအကြိမ် စုပေါင်းဆွမ်းကပ်အမျှအတန်းပေးဝေပွဲတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ကုန်းဘောင်မင်းဆက် အနွယ်တော်လူငယ် ခုနစ်ဦးက အဆိုပါအဖွဲ့ စတင်ဖွဲ့စည်းရန် စီစဉ်နေကြခြင်းဖြစ်ပြီးသက်ကြီးဆွေတော် မျိုးတော်များကို ထောက်ပံ့ ကန်တော့ကြမည့်အပြင် ပရဟိတ လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြမည်ဖြစ်သည်။ နေရာအနှံ့သို့ ရောက်ရှိနေထိုင်ကြသည့် ဆွေတော်မျိုးတော်စာရင်း ကောက်ယူခြင်းကိုလည်း ဆောင်ရွက်ကြမည်ဖြစ်ကာ အသင်းအဖွဲ့ စည်းမျဉ်းနှင့်အညီဖွဲ့စည်းသွားမည်ဖြစ်သည်။

ဆွေတော်မျိုးတော်များ၏ ပထမအကြိမ် စုပေါင်းဆွမ်းကပ်လှူဒါန်းပွဲတွင် တော်ဘုရား(သီပေါမင်းတရားကြီး မြေးတော်)၊ ခေါင်ဘုရားတော် (ပျဉ်းမနားမင်းသားကြီးမြေးတော်)၊ ထိပ်တင်ဆွေ(ပျဉ်းမနားမင်းသားကြီး မြေးတော်)၊ ထိပ်တင်မွန်(ဟင်္ဂမော် ထိပ်ခေါင်တင်မင်းသမီးမြေးတော်)၊ တင်တင်ညွန့်(လင်းပင်မင်းသားကြီး မြစ်တော်)၊ ရန်အောင်မြင်ခေါင်ခေါင်လေး(ရန်အောင်မြင်မင်းသမီး မြေးတော်)၊ ထိပ်တင်မကြီး(ညောင်အုပ်မင်းသားကြီး မြစ်တော်)တို့အား ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန်းဆွေ (ထားဝယ်မောင်သန်းဆွေ)က ဂါရဝပြုကန်တော့ကြောင်း သိရသည်။

(ဝဝ၂)

## မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ နှစ်ပတ်လည်စာမူဆုရရှိသူများစာရင်းကြေညာ

၂၀၁၄ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ နှစ်ပတ်လည်ဆုရရှိသူများနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

**မြဝတီရောင်စုံဓာတ်ပုံ**

၂၀၁၄ ခုနှစ်အတွက် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မျိုးမင်းကြွယ်(ရွှေတောင်ကြား)က ပထမ၊ အာကာထွန်းကျော်က ဒုတိယ၊ ဦးထွန်းဝေက တတိယ၊ အထူးဆုများအဖြစ် မြင့်သန်း(ငွေကြွယ်မင်း)၊ ကိုကိုဆန်နီ(သိင်္ဂီရွှေရည်)၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် ရဲထွန်း(Image Palace) တို့က အသီးသီးရရှိကြသည်။

**မြဝတီမဂ္ဂဇင်း**

၂၀၁၄ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းရွှေရိုးက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ပုလောစိုးနံ့သာ၏ “ပြည်ထောင်စုအလှ ထာဝရတည်စေ”က လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို တက္ကသိုလ်မြတ်သူ၏ “အမျိုးသားသစ္စာဖောက် သမိုင်းကြောင်း”က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို မနုဿကျော်ဝင်း၏ “ဒုတိယခရီးသည်”က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မောင်မိုးယံ၏ “မေယုကို စုတ်တံချီ၍ လွမ်းမောမိသည်”က လည်းကောင်း အသီးသီးရရှိကြသည်။

**ငွေတာရီမဂ္ဂဇင်း**

၂၀၁၄ ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းသူရမိုးက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ခက်လှိုင်းကျော်၏ “ရေခပ်လမ်း”ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ကို(တက္ကသိုလ်)၏ “ကိုလိုနီခေတ်က ဇာတိမာန်ကဗျာများ”က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို မြတ်နိုးဆု(တမာမြေ)၏ “စူးနစ်တွယ်တာနှောင်ဖွဲ့လို့သာ” က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ဘုန်းရဲနိုင်(ဂန့်ဂေါ)၏ “နဂါးမျက်စောင်း”က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီမဂ္ဂဇင်းတာဝန်ခံစာတည်း ဖုန်း- ၀၉-၃၀၃၆၇၅၆၂၊ ငွေတာရီမဂ္ဂဇင်းတာဝန်ခံစာတည်း ဖုန်း- ၀၉-၃၀၀၈၁၀၁၈ နှင့် မြို့တွင်း (၃၂) လမ်း ရုံးခွဲ ဖုန်း- ၀၉-၃၂၄၉၈၇၁၄ တို့သို့ ကြိုတင်ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့် နေရာနှင့် ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(မြဝတီ)**



# ပညာရှင်များ မွေးထုတ်ပေးရာ သန့်လျင်သားဖွားသင်တန်းကျောင်း

**ရန်ကုန် မတ် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သန်လျင်သားဖွားသင်တန်းကျောင်းသည် ၁၉၅၄ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘက်စုံသားဖွားဆရာမများကို နှစ်စဉ်မွေးထုတ်ပေးသော သင်တန်းကျောင်းတစ်ကျောင်းဖြစ်သည်။

အဆိုပါ သင်တန်းသည် သင်တန်းကာလ နှစ်နှစ် ဒီပလိုမာ သင်တန်းဖြစ်ပြီး လက်ရှိသင်တန်းသားဦးရေ ၈၁ ဦး သင်ကြားပေးလျက်ရှိကြောင်း၊ ပထမနှစ် ၄၃ ဦး၊ ဒုတိယနှစ် ၃၈ ဦးအား သင်ကြားပေးလျက်ရှိရာ ပထမအကြိမ် ဘက်စုံသားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး သင်တန်းသား ၃၅ ဦးအား သင်တန်းဆင်း ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်နိုင်ခဲ့သည်။ ယင်းသင်တန်းသို့ တက်ရောက်လိုသူများသည် အသက် (၂၅)နှစ်အောက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာသုံးဘာသာအမှတ်စာရင်းဖြင့် ဆေးသိပ္ပံပညာဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုလျက်ရှိရာ ရွေးချယ်ခံရပါက အဆိုပါသင်တန်းသို့ တက်ရောက်ခွင့်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# မကွေးမြို့တွင် ရောဝတီအဆင့်မြင့် ဥယျာဉ်အိမ်ရာ စီမံကိန်းစတင်ဆောက်လုပ်နေ၊ အရစ်ကျဝယ်ယူနိုင်

**မကွေး မတ် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ အိမ်ထောင်စုဝင်မိသားစုများ၊ ကျေးလက်ဒေသများမှ ပုဂ္ဂိုလ်များအတွက် လုံခြုံမှုရှိပြီး နေထိုင်မှုအဆင့်မြင့်သော ကိုယ်ပိုင်အိမ်ရာတိုက်ခန်းများ၊ မြေကွက်များနှင့်လုံးချင်းတိုက်များကို သင်တင့်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် မကွေးရောဝတီအိမ်ရာ စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဝတီအဆင့်မြင့် ဥယျာဉ်အိမ်ရာစီမံကိန်း၏ ရည်ရွယ်ချက်မှာလူတိုင်းနေထိုင်ရေးအတွက် လိုအပ်သော မြေနေရာ၊ ခြံဝင်း၊ လမ်း၊ ရေ၊ မီး၊ တိုက်တာအဆောက်အအုံများကို အဆင့်မြင့်မြင့်အသင့်နေထိုင်နိုင်ရန်အတွက် သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်ရည်ရွယ်ဆောက်လုပ်နေကြောင်း သိရသည်။ မကွေးမြို့ ဖန်ခါးမြေဂေါက်ကွင်းအရှေ့ဘက်ကပ်လျက်ဘုန်းကြီးကျောင်းလမ်း အမှတ် (၄၀) ဧရိယာ ၄ဒသမ ၅၀ ဧကရှိ မြေကွက်၊ ရန်ပယ် အထက -၃၊ MEG စက်သုံးဆီအရောင်းဆိုင်တို့နှင့် နီးပြီး မကွေး-နတ်မောက် ကားလမ်းမှ အလွယ်တကူ ဝင်ရောက်နိုင်သော နေရာဖြစ်ကြောင်း၊ အလျား ပေ ၆၀၊ အနံပေ ၅၀ ရှိပြီး မြေကွက်ကိုးကွက် ၈၇၆ စတုရန်းပေရှိသော အိပ်ခန်းများပါဝင်သည့် လေးခန်းတွဲ ငါးထပ်တိုက်ခြောက်လုံး ကျောချင်းကပ်တိုက်ခန်းများဖြစ်၍ စတုရန်းပေ ၁၂၂၀ ရှိသော နှစ်ခန်းတွဲ ငါးထပ်တိုက်သုံးလုံးပါဝင်ကြောင်း၊ မြေလျှင်ဒဏ်ခံနိုင်သည့် သံကူကွန်ကရစ် အရည်အသွေးမီ အဆောက်အအုံများဖြစ်ကြောင်း၊ ဝါရင့်အင်ဂျင်နီယာများဖြင့်ဆောက်လုပ်နေကြောင်းသိရသည်။ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများအသုံးပြုရန် ဓမ္မာရုံ၊ ဈေးဆိုင်၊ ရေကူးကန်၊ အခန်းတိုင်းတွင် ကားရပ်နားရန်နေရာ၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ မီးစက်၊ တယ်လီဖုန်းလိုင်း၊ TV လိုင်း၊ လုံခြုံရေး၊သန့်ရှင်းရေး၊ အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကွန်ကရစ်လမ်းများ၊ ရေထုတ်စနစ်များထားရှိကြောင်း၊ အိမ်ရာစီမံကိန်းအတွင်းရှိ တိုက်များကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အပြီးတည်ဆောက်၍ အခန်းများအပ်နှံရန်စီစဉ်ထားကြောင်း၊ မြေကွက်များနှင့် တိုက်ခန်းများ တစ်လလျှင် တစ်ကြိမ် ၂၄ ရစ်ပေးသွင်းစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ မြေကွက်ပိုင်ဆိုင်မှုမှာမြေကွက်များကိုဂရန်ဖြင့်ပိုင်ဆိုင်ပြီး တိုက်ခန်းများမှာ အခန်းပိုင်စနစ်ဖြစ်၍ မြေနှင့်တိုက်ခန်းများလွှဲပြောင်းရောင်းချနိုင်ကြောင်း၊ ယခု တိုက်ခန်းပေါင်း ၃၀ကျော်နှင့် မြေကွက်သုံးကွက် ရောင်းချပြီးကြောင်း၊ နောက်မကျစေရန် အမြန်ဆုံးရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ယင်းမကွေးရောဝတီအဆင့်မြင့် ဥယျာဉ်အိမ်ရာစီမံကိန်းတိုက်ခန်းဈေးနှုန်းမှာ မြေညီထပ် သိန်း ၂၈၀၊ (A1၊ A2၊ A3၊ A4) တစ်လလျှင် ၁၁၆၆၆၇၀ ပေးသွင်းရန်၊ ပထမထပ် (B1၊ B2၊ B3၊ B4) ၂၇၅ သိန်း (တစ်လလျှင် ၁၁၄၅၈၃၅ ပေးသွင်းရန်၊ ဒုတိယထပ် (C1၊ C2၊ C3၊ C4)သိန်း ၂၇၀ တစ်လလျှင် ၁၁၂၅၀၀၀ ပေးသွင်းရန်၊ တတိယထပ် (D1၊ D2၊ D3၊ D4) ၂၆၅ သိန်း (တစ်လလျှင် ၁၁၀၄၀၇၀)ပေးသွင်းရန်၊ စတုတ္ထထပ် (E1၊ E2၊ E3၊ E4) သိန်း ၂၆၀(တစ်လလျှင် ၁၀၈၃၃၃၅) ပေးသွင်းရန်၊ မြေကွက်အမှတ်(၁) မှ ၉ အထိ တစ်ကွက်လျှင် ကျပ်သိန်း ၅၀၀ တစ်လလျှင် ၂၀၈၃၃၃၅ ပေးသွင်းဝယ်ယူနိုင်ပါကြောင်း၊မကွေးမြို့ ကမ္ဘောဇဘဏ်နှင့်ဆက်သွယ် ဝယ်ယူနိုင်ကြောင်း၊ ငွေစာရင်းနံပါတ်မှာ ၀၂၄၁၁၁၀၀၀၆၈၃၀ ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းဝယ်ယူရန် မကွေး ရောဝတီအိမ်ရာစီမံကိန်း အမှတ် (၄၀) ဘုန်းကြီးကျောင်းလမ်း၊ ဖန်ခါးမြေဂေါက်ကွင်းအရှေ့ဘက်၊ ချမ်းမြေ့သာယာရပ်၊ မကွေးမြို့ ဖုန်း ၀၉-၅၃၄၀၉၈၃၊၀၉-၅၃၄၀၉၈၄၊ ၀၉-၄၃၀၂၆၄၈၈၊ ၀၆၃-၂၇၆၈၅၊ မကွေးရောဝတီစီမံကိန်းရုံး ဗိုလ်ချုပ်လမ်းနှင့် နတ်မောက်လမ်းထောင့် လက်နှစ်ဖက်စားသောက်ဆိုင်အနီး မကွေးမြို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ မိသားစုကဲ့သို့တိုင်ပင်ဆွေးနွေးဝယ်ယူနိုင်ကြောင်း မကွေးမြို့ ရောဝတီအဆင့်မြင့်ဥယျာဉ်အိမ်ရာ စီမံကိန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ခင်သန်းဦး(ဖန်ခါးမြေ)**

# ကမ်းခြေအလှ အကျည်းမတန်စေဖို့ ထိန်းသိမ်းစို့

တစ်နေ့ ရုံးသုံးရက်ကလည်း ပိတ်၊ ကလေးတွေအတန်းတင်စာမေးပွဲကလည်း အပြီးမို့ စာရေးသူတို့ မိသားစုတစ်သိုက် ချောင်းသာကမ်းခြေကို အပန်းဖြေခရီးထွက်ခဲ့ကြပါသည်။ ချောင်းသာကမ်းခြေသည် ရန်ကုန်မြို့မှ ၁၄၈ မိုင်အကွာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အနောက်ဘက် ၃၅ မိုင်အကွာ၊ ရွှေသောင်ယံမြို့နယ်ခွဲတွင် တည်ရှိနေသော မိသားစုများအပန်းဖြေချင်စရာ၊ ပြည်သူအများနားခိုချင်စရာ စိတ်ကြည်လင်လန်းဆန်းစေမည့် ကမ်းခြေတစ်နေရာပင်ဖြစ်သည်။

ချောင်းသာကမ်းခြေသည် ကမ်းခြေအရှည် နှစ်မိုင်ခန့်ရှည်လျားပြီး ငွေဆောင်ကမ်းခြေကဲ့သို့ ကမ်းခြေတစ်လျှောက် ဖြောင့်တန်းမနေသော်လည်း အချို့နေရာများတွင် ကျောက်ဆောင်အလှများဖြင့် ကွေ့ဝိုက်ကာရှိနေခြင်းကြောင့် ကမ်းခြေကတစ်မျိုးတစ်ဖုံလှပနေပေသည်။ ရေမျက်နှာပြင်ကြည်လင်သန့်ရှင်းပြီး ညီညာပြန့်ပြူးသော သဲသောင်များ၊ သဘာဝအုန်းတောများ ပေါက်ရောက်နေခြင်းကြောင့်လည်း ချောင်းသာကမ်းခြေအလှကို ထပ်ဆင့်ကာ ပနံတင့်နေပေတော့သည်။ ရာသီဥတုသင့်တင့်မျှတပြီးသဘာဝပင်လယ် လေကောင်းလေသန့်များကို ရရှိနေခြင်းကြောင့်လည်း နံနက်စောစောနှင့် ညနေပိုင်းတို့တွင် သက်ကြီးရွယ်အိုများအတွက် ကမ်းခြေတစ်လျှောက် လမ်းလျှောက် အပန်းဖြေကာ လေကောင်းလေသန့်များကို ရှူရှိုက်ခြင်းဖြင့် ကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေနိုင်သည်။

ထို့ပြင် ချောင်းသာကမ်းခြေသည် ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွင် ရှိနေခြင်း၊ သွားလာရေးမခက်ဘဲ နေ့ချင်းပေါက်ခရီးရောက်နိုင်ခြင်း၊ ငွေကြေးသက်သာကာ ခရီးစရိတ်အကုန်အကျသက်သာခြင်းများကြောင့် ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသည်များပါ လွယ်လင့်တကူ သွားရောက်နိုင်သောကမ်းခြေတစ်နေရာလည်းဖြစ်ပေသည်။ ချောင်းသာကမ်းခြေတွင် ငွေကြေးတတ်နိုင်သူများ တည်းခိုနိုင်သော မက်စ်မြန်မာ၊ နယူးချောင်းသာ၊ သီရိဂိုးဒင်းဘိစ်၊ ရွှေဟသ်ာစသော ဟိုတယ်ကြီးများရှိသကဲ့သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့်လူတန်းစားမရွေး တည်းခိုနိုင်သည့် "ရွှေညော့သည်" "ပင်လယ်ပြာ"စသည့် လုံးချင်းတည်းခိုခန်းများ၊ အခန်းတွဲတည်းခိုခန်းများတွင်လည်း အပန်းဖြေလာရောက်ကြသူများ စိတ်ချမ်းသာစွာ တည်းခိုနိုင်သော တည်းခိုခန်းများကိုလည်း ပင်လယ်ကမ်းခြေအနီး ရေချိုးဆင်းရာနေရာတစ်ဝိုက် ဆောက်လုပ်ထားခြင်းကို တွေ့ရှိနိုင်ပေသည်။

ချောင်းသာပင်လယ်ကမ်းခြေတွင် လာရောက်အပန်းဖြေသူတို့ မဖြစ်မနေသွားရောက်ဖူးမြော်ကြည်ညိုချင်စရာ ပင်လယ်ကမ်းခြေရှိ ကျောက်တစ်လုံးစေတီ၊ ချောင်းသာကျေးရွာ စကားဝါတောင်ရှိနဂါးကိုးကောင်ဝိုင်းရံထားသော နဂါးရုံဘုရား၊ ကျောက်မောင်နှမစေတီတော်၊ အောင်မင်္ဂလာကျွန်း (ဖိုးကုလားကျွန်း)ရှိ ဆုတောင်းပြည့်စေတီတော်များနှင့် လှေလာစရာပင်လယ်ပြင်ရှိ သဲဖြူကျွန်း၊ ကျောက်မောင်နှမစေတီအနီးရှိ ရေသူမကျောက်ရုပ်၊ ချောင်းသာကျေးရွာ ပင်လယ်ကမ်းခြေရှိ ငါးအလှမွေးမြူရေးကန်အတွင်းမှ ကြယ်ငါး၊ ကနုကမာကောင်များ၊ ကျောက်ပုစွန်ကြီးများ၊ လိပ်ကြီးများ၊ ရေနဂါးငယ်များကိုလည်း လှေလာတွေ့ရှိနိုင်မည်ဖြစ်သည်။ ထို့အပြင်ပင်လယ်ကမ်းခြေတစ်လျှောက် အပန်းဖြေသူများအတွက် လေးယောက်စီးစက်ဘီး၊ နှစ်ယောက်စီး စက်ဘီး၊ တစ်ယောက်စီး စက်ဘီး၊ ဆိုင်ကယ်များ၊ မြင်းအလှများ၊ နွားအလှနှင့် လှည်းယာဉ်ငယ်များ၊ ရှပ်ပြေးယာဉ်များ၊ ရေပေါ် ဆိုင်ကယ်များ၊ နှစ်ယောက်စီးလှေများ၊ ဗောကွင်းမျိုးစုံတို့ကိုလည်း ငှားယူစီးနင်းနိုင်ကြောင်း တွေ့ရှိရပေသည်။

ချောင်းသာပင်လယ်ကမ်းခြေသည် လူတန်းစားမရွေး သင့်တင့်မျှတသော ဈေးနှုန်းဖြင့် တည်းခိုနိုင်သည့် တည်းခိုခန်းများရှိခြင်း၊ ခရီးစရိတ်သက်သာစွာဖြင့် နေ့ချင်းပေါက်ခရီးရောက်နိုင်ခြင်း၊ လှေလာအပန်းဖြေစရာနှင့် ဖူးမြော်ကြည်ညိုဖွယ်ရာကောင်းသော စေတီဘုရားများရှိနေခြင်းများအပြင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သော ဒေသထွက် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်မျိုးစုံတို့ရှိနေခြင်းကြောင့် ဤဒေသ ဤကမ်းခြေကို အားလပ်ရက်များတွင် အပန်းဖြေသွားရောက်သင့်ပါသည်။ သို့သော် ချောင်းသာကမ်းခြေတစ်လျှောက် လမ်းလျှောက်အပန်းဖြေသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ အရှိန်ပြင်းစွာ မောင်းနှင်သွားလာနေကြသော ဆိုင်ကယ်များကြောင့် တစ်နေ့မဟုတ်တစ်နေ့နေ့တွင် အန္တရာယ်များကြုံလာနိုင်သကဲ့သို့ အပြန်ခရီးတွင်လည်း ကားကြီးများ ရပ်နားစရာနေရာမရှိ လမ်းမဘေးတွင်ရပ်ထားခြင်း၊ မက်စ်မြန်မာဟိုတယ်အဝင်ပေါက်အနီး ကားကြီးများ လမ်းနှင့်နေရာမဆံ့ ကွေ့ပတ်နောက်ဆုတ်နေခြင်းနှင့် လမ်းမဘေးတွင် မဆင်မခြင်ရပ်ထားသော ကိုယ်ပိုင်ယာဉ်ငယ်များ၊ ဆိုင်ကယ်များက ခရီးသွားပြည်သူများအတွက် စိတ်မချမ်းမြေ့စရာဖြစ်ရပါသည်။

သို့ပါ၍ ချောင်းသာကမ်းခြေ၏ အလှကို အရုပ်ဆိုးအကျည်းမတန်စေရန်အတွက် ချောင်းသာကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်ကြပါလျှင် ချောင်းသာကမ်းခြေအလှသည် အကျည်းတန်အရုပ်ဆိုးတော့မည် မဟုတ်ကြောင်း စေတနာထား ရေးသားလိုက်ရပါတော့သည်။ **အေးသန်း(စိန်တုံးကြီး)**



အခွန်ဘဏ္ဍာပြည့်ပါမှ လှပသာယာ တို့ပြည်မြန်မာ

# ရွှေနန်းတော်ကို အပေါ်စီးမှ မြင်ရသည့်မြင်ကွင်း ခရီးသွားဧည့်သည်များအားဆွဲဆောင်



**မန္တလေး မတ် ၁၅**

မန္တလေးမြို့တွင် ခေတ်မီအဆောက်အအုံများစွာကြား ရှေးခေတ်အဆောက်အအုံများနှင့် သာသနိကအဆောက်အအုံများမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ အထူးသဖြင့် နန်းတော်၏အလှကို နန်းမြင့်မျှော်စင်နှင့် မန္တလေးတောင်ပေါ်မှ မြင်တွေ့ရသော အပေါ်စီးမှ မြင်ကွင်းအလှသည် နိုင်ငံတကာခရီးသွားဧည့်သည်များကိုသာမက ပြည်တွင်းမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်စေသည်။ ရွှေနန်းတော်ကြီးမှာ အရှေ့စမုခ်ဆောင်၊ မြေနန်းစနုဆောင် မဝင်ခင်မှာပင် ရှေးခေတ်အမြောက်ကြီးများက ခံ့ထည်စွာတည်ရှိနေပေသည်။ နန်းဆောင်ပေါ် စတင်တက်လိုက်သည်မှစကာ ရှေးခေတ်သို့ပြန်လည် ရောက်ရှိသွားသည့်အလားခံစားနိုင်ပေသည်။ မြနန်းစံကျော်ရွှေနန်းတော်ကြီးသည် ခံ့ထည်စွာတည်ရှိပြီး နန်းဆောင် ၁၁၄ ဆောင်ရှိသည့်အနက် အသုံးပြုမှုပေါ်မူတည်ကာ မင်းခန်းတော်အဆောင်အသီးသီးကို သတ်မှတ်ထားခဲ့သည်။

ဘုရင်မင်းမြတ် နေ့၊ ညမပျက်စံမြန်းသော မှန်နန်းဆောင်ကြီး၏ ဝဲ၊ ယာအရှေ့ပိုင်းရှိ အရှေ့ပိုင်းဆောင်များသည် ခံ့ထည်ကာ အရှေ့ပိုင်းမင်းခန်းတော်ဆောင်များ ဖြစ်နေပေသည်။ အဆောင်ပေါင်း ၃၂ ဆောင်ရှိပြီး အမည်အသီးသီးပေးထားသည်။ ထိုအဆောင်များမှာ အရှေ့စမုခ်ဆောင်၊ မြေနန်းစနုဆောင်၊ လက်ဝဲမြေနန်းပွဲတက်ဆောင်၊ လက်ယာမြေနန်းပွဲတက်ဆောင်၊ မြေနန်းပြာသာဒ်တော်ကြီး၊ ဇေတဝန်စနုဆောင်၊ ဇေတဝန်ဆောင်၊ ဖြဲတိုက်စနုဆောင်၊ ဖြဲတိုက်ဆောင်၊ လေသာကူး စနုဆောင်၊ ညီလာခံစနုဆောင်၊ ဗောင်းတော်ဆောင်၊ မြောက်ထားဝယ်ဆောင်၊ တောင်ထားဝယ်ဆောင်၊ လက်ဖက်ရည်တော်ဆောင်၊ ရွှေတိုက်ဆောင်၊ အစည်းအဝေးအုတ်တိုက်ဆောင်၊ နန်းမြင့်မျှော်စင်၊ ကန်ငယ်အုတ်တိုက်၊ ရွှေနန်းတော်ကလေး၊ တောင်စမုခ်ဆောင်၊ တောင်ရေစက်သွန်းပြာသာဒ်ဆောင် အုတ်တိုက်နန်းတော်မှအစ နာမည်အသီးသီးမှည့်ခေါ်ကာ အဓိပ္ပာယ်များကိုပါ ရေးပြရှင်းပြထားသည်ကို စိတ်ဝင်စားဖွယ်တွေ့နိုင်ပေသည်။

လှပသောနန်းတော်ကြီးအတွင်း ပလ္လင်တော်ရှစ်ခန်းထားရှိပုံ ညီလာခံကျင်းပချိန် ပလ္လင်တော်ပေါ်ထိုင်သည့် ရုပ်တုပုံသဏ္ဌာန်တို့မှာ စိတ်ဝင်စားဖွယ်ရာသမိုင်းဝင်နေရာပင်ဖြစ်သည်။ မြင်ရခဲသောမြင်ကွင်းများဖြစ်သလို ရှေးခေတ်သမိုင်းနှင့် ရှေးခေတ်အသုံးအဆောင်များကိုလေ့လာရင်း ကိုယ်တိုင် ရှေးခေတ်၏နေထိုင်မှုတို့ကို ခံစားနိုင်ပေသည်။ လက်ရှိအချိန်တွင် မန္တလေးမြို့၏ သမိုင်းဝင်နေရာများတွင် ရွှေနန်းတော်ကျုံးမြို့ရိုးနှင့်တကွ မန္တလေးမြို့အလှကို အပေါ်စီးမှ ရှုကြည့်ရင်း နေဝင်ဆည်းဆာအလှကို ကြည့်ရှုနိုင်သည့် မန္တလေးတောင်ပေါ်မှမြင်ကွင်းတို့ကို စိတ်ဝင်စားလေ့ရှိကြသည်။ အထူးသဖြင့် လှပသော မြန်မာ့ဟုမှတ်ချက်ပြုခံရမှုများပြား၍ ခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်ကြကြောင်း ဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်ပြောကြားသည်။

**(တိမ်တမန်)**

# ရေခေတ္တပြတ်တောက်မည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)အနေဖြင့် တောင်ဥက္ကလာပမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်များ ရေအားပိုမိုရရှိစေရန်အတွက် မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်ရုံရှေ့ရှိ ထပ်ဆင့်ရေတွန်းစက်ရုံ တည်ဆောက်မည့်နေရာ၌ မိန်းပိုက်လိုင်းများဆက်သွယ်ခြင်းလုပ်ငန်းများကို မတ် ၁၇ ရက် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပါ မတ် ၁၇ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ ရပ်ကွက်အချို့နှင့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်တို့၌ ရေခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ သိရသည်။

**(ကြေးမုံ)**

# ရွှေတိဂုံစေတီတော်၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှစတင်ကာ စေတီတော်ရင်ပြင်ရာဟုထောင့် အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပမည်ဖြစ်သည်။ သွေးလှူဒါန်းလိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အလှူငွေနှင့် အားဖြည့်အာဟာရဒါန လှူဒါန်းလိုသူများသည် စေတီတော်ဂေါပကအဖွဲ့ရုံးနှင့် စေတီတော်ရင်ပြင်၌ ဖွင့်လှစ်ထားသည့်အလှူခံမဏ္ဍပ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

# စာပေဟောပြောပွဲပြုလုပ်မည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် မြန်မာနှစ်သစ်အကြို ရသစာပေဟောပြောပွဲကို မတ် ၂၀ ရက် (စနေနေ့) ည ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် နွယ်သာကီလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပြုလုပ်မည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့က စာပေဆိုင်ရာများ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ပဲခူး မတ် ၁၅**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဗန္ဓုလလမ်း YMCA ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းက လူမှုဝန်ထမ်းလုပ်ငန်းကြီးရှစ်ရပ်အကြောင်း၊ ဦးစီးအရာရှိ ဒေါ်ဝါဝါဝင့်ကျော်က ECCD Policy အကြောင်း၊ ဦးစီးမှူး ဒေါ်နုနုရီက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်း၊ Save The Children မှ ဒေါ်ဂျူလိုင်မိုးပွင့်က Children Association Conflict အကြောင်း၊ ဦးနေဝင်းအောင် (KMSS) က Case Management စီမံကိန်းအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မေခိုင်ဇင်သိန်းက Child Law ပါပြဋ္ဌာန်းချက်များ အကြောင်းတို့ကို အသီးသီးဟောပြောဆွေးနွေးကြကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ပဲခူးမြို့၌ အတာရေအိုးများ ရောင်းအားကောင်း

**ပဲခူး မတ် ၁၅**


ပဲခူးမြို့ ဘဏ္ဍာကုန်းကျေးရွာသည် တစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှု မြေအိုးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြရာ သောက်ရေအိုး၊ အလှပန်းအိုးများ၊ မြေအိုးအကြီး၊ အသေး လက်လီလက်ကား ရောင်းချပေးနေသည့် ပင်ရင်းလုပ်ငန်းဖြစ်ပြီး ပဲခူးမြို့၏ အိုးလုပ်ငန်းအများဆုံး လုပ်ကိုင်ထွက်ရှိရာ ကျေးရွာလည်း ဖြစ်သည်။

နှစ်စဉ် တန်ခူးလရာသီ အတာသင်္ကြန်ရောက်ချိန်တွင် မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာမပျက် နှစ်သစ်အကြို အတာမြေအိုးများ အရောင်းသွက်ပြီး အတာမြေအိုး တစ်လုံးလျှင် ငွေကျပ် ၄၀၀၊ လက်ကားဈေး ငွေကျပ် ၃၀၀ ဖြင့် ရောင်းပေးပြီး လက်ကားဝယ်သူများထံ အရောက်ပို့ပေးကြောင်း သိရသည်။

"ယခုနှစ်မှာ ခါတိုင်းနှစ်တွေထက် ပဲခူးမြို့တွင်းနဲ့ အမြို့မြို့အနယ်နယ်တွေကို ပိုမိုပြီးပေးပို့ရောင်းချလာရကာ ရောင်းအားလည်း ကောင်းလာပါတယ်။ အဲဒီလိုရောင်းအားကောင်းလာတာဟာ မြန်မာတို့ရဲ့ ရှေးထုံးအစဉ်အလာကို လူတိုင်းလူတိုင်း ပိုပြီးအလေးထားလာကြလို့ဖြစ်ပါတယ်" ဟု မြေအိုးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(၅၈၇)**

▼



# လယ်ယာလုပ်သားရှားပါးသော်လည်း နွေစပါးရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့အခြောက်ခံစက်များ အသုံးပြုမှုများလာ၍ အဆင်ပြေ

**ရန်ကုန် မတ် ၁၅**

ကျေးလက်ဒေသမှ ရန်ကုန်အပါအဝင် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများရှိလာသဖြင့် ကျေးလက်ဒေသများတွင် လုပ်သားရှားပါးမှုဖြစ်ပေါ်နေသည်။ သို့သော် မြစ်ဝကျွန်းပေါ်ဒေသ နွေစပါးရိတ်သိမ်းရာတွင် ယခုအခါ ကျပ်သိန်း ၂၀၀ ဝန်းကျင်တန်ဖိုးရှိသော ရိတ်သိမ်းခြွေလှေ့စက်များကို အငှားလုပ်ကိုင်နိုင်သဖြင့် အဆင်ပြေနေကြသည်။ တစ်ဧကလျှင် စက်ငှားရမ်းအသုံးပြုခ ကျပ် ၄၅၀၀၀ ဝန်းကျင်ရှိရာ လယ်ယာလုပ်သား ငှားရမ်းလုပ်ကိုင်မှု ကုန်ကျစရိတ်နှင့် ကွာခြားမှုမရှိကြောင်း ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စုမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

ရိတ်သိမ်းခြွေလှေ့စက်ကြောင့် ကောက်ရိုးရရှိမှုနည်းသော်လည်း ကျေးလက်ဒေသများတွင် လုပ်ငန်းခွင်ဝင် ကျွဲ၊ နွားများ နည်းပါးလာသဖြင့် ကျွဲစာ၊ နွားစာလိုအပ်ချက် ယခင်ထက်နည်းလာသည်။ ဆန်ကြိတ်ခွဲရာတွင် အကျိုးအကြေနည်းရန် မောင်းညိုရိတ်သိမ်းမှုရှိသည်။ ရိတ်သိမ်းခြွေလှေ့စက်ကျစပါးများကို ဆန်စက်များတွင် အခြောက်ခံစက်များအသုံးပြု၍ အခြောက်ခံကြသည်။ ပေ ၃၀ × ၁၂ ပေ အကျယ်အဝန်းရှိပြီး အမြင့် ၁၀ပေခန့်ရှိသော အခြောက်ခံလှန်းကွင်းများတွင် စပါးတင်း ၂၀၀ ဝန်းကျင်ကို စပါးထု တစ်ပေခွဲထိဖြန့်လှန်း၍ ပျမ်းမျှငါးနာရီကြာ အခြောက်ခံစက်အသုံးပြု၍ အခြောက်ခံလေ့ရှိသည်ဟု ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ ဆန်စက်ပိုင်ရှင် ဦးစန်းအောင်က ဆိုသည်။

ရိတ်သိမ်းခြွေလှေ့စက်ကျစပါး တင်း ၁၀၀ လျှင် အခြောက်ခံစက်ဖြင့် လှန်းပြီးပါက ၁၀ တင်းဝန်းကျင်လျော့လေ့ရှိရာ ခြွေလှေ့စက်ကျစပါးတင်း ၁၀၀ ဈေးနှုန်းသည် အခြောက်ခံပြီး စပါး တင်း ၁၀၀ ဈေးနှုန်းထက် ပျမ်းမျှ ၅၀၀၀၀ ကျပ်ခန့်နည်းလေ့ရှိသည်ဟု သိရသည်။

တရုတ်နယ်စပ်အပို့များလာ၍ သီးထပ် ပခန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၄၂၀၀၀၀ မှ ကျပ် ၄၅၀၀၀၀ နှုန်းသို့ မြင့်တက်လာသည်။ ပခန်း သီးထပ်ဆန်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ နှုန်းထိဈေးမြင့်၍ စပါးဈေးမြင့်လာခြင်းဖြစ်သည်။ သို့သော်ရန်ကုန်တွင် နယ်ပို့ကုန်ကားရှားသည်ဆိုကာ ရန်ကုန်-မူဆယ်ကားခကျပ် ၉၅၀၀၀ ဝန်းကျင်မှ မတ် ၁၄ ရက်တွင် ကျပ် ၁၀၄၀၀၀၊ ကျောင်းကုန်းဖရဲသီး မူဆယ်ပို့ကားခ တစ်တန် ကျပ် ၁၂၀၀၀၀ သို့မြင့်တက်လာသည်။ ဆန်ပို့ကားခများဈေးမြင့်လာ၍ ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းအနည်းငယ်ကျလာရာ မတ် ၁၄ ရက်တွင် ပခန်း သီးထပ် ဆန်တစ်အိတ် ကျပ် ၁၈၁၀၀ နှုန်းသာရှိလာသည်။ မိုးမနောသုခဆန်မှာ တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀ ဝန်းကျင်ရှိသည်။ ယခင်နှစ်ဈေးနှုန်းများထက် ဈေးမြင့်နေခြင်း၊ စက်သုံးဒီဇယ်ဈေး ကျဆင်းနေခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုမှုများလာခြင်းတို့ကြောင့် လယ်ယာလုပ်ကိုင်သူများ လယ်ယာလုပ်သားရှားပါးသော်လည်း အဆင်ပြေစွာလုပ်ကိုင်နိုင်ပြီး ဝင်ငွေပိုမိုရရှိလာသည်ဟု ကျောင်းကုန်းမြို့နယ်မှ လယ်ယာလုပ်ကိုင်သူများက ဆိုသည်။

**(မောင်စေအောင်)**

ပြည်တွင်းရေးရာ

# သီလဝါစီးပွားရေးဇုန်တွင် အလုပ်လုပ်ကိုင်ကြမည့်လုပ်သားများ သွားလာရေး အဆင်ပြေစေရန် ရထားပြေးဆွဲရေးလုပ်ငန်း သက်္ကြန်မတိုင်မီပြီးစီးမည်



**သန်လျင် မတ် ၁၅**

သီလဝါစီးပွားရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သီလဝါ Special Economic Zone များနှင့် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ Dry Port များ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ သီလဝါ စီးပွားရေးဇုန်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ဝန်ထမ်းများအပါအဝင် လုပ်သားများအတွက် ရန်ကုန်-တိုးကြောင်ကလေး-ကွေ့မ-အုတ်ဖိုစု-သီလဝါဘူတာလမ်းပိုင်းရှိ တိုးကြောင်ကလေး-ကွေ့မလမ်းပိုင်းနှင့် အုတ်ဖိုစု-သီလဝါလမ်းပိုင်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ အဆိုပါရထားလမ်းပိုင်းကို အသုံးပြုပြီး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဟု သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ မြန်မာ့မီးရထားရုံးချုပ်၏ ညွှန်ကြားမှုနှင့်အတူ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစေရန်နှင့် ရထားသံလမ်းများ ကြံ့ခိုင်စေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရထားသံလမ်းဆက်ကြောင်းများ ဆွဲညှိခြင်း၊ ကွန်ကရစ် ဇလီဖားတုံးအသစ်များ တိုးမြှင့်ထည့်သွင်းခြင်း၊ လမ်းခင်းကျောက်များ ကျင်းအလိုက်ထည့်သွင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ တစ်ရက်လျှင် ခရီးစဉ် အသွားအပြန် လေးခေါက် ပြေးဆွဲပေးနေသည့် ရန်ကုန်-တိုးကြောင်ကလေး-ကွေ့မ-အုတ်ဖိုစု-သီလဝါဘူတာ ရထားပြေးဆွဲရာလမ်းကြောင်းရှိ ရထားသံလမ်းခရီးအရှည် ၇ ဒသမ ၉၁ မိုင်ရှိသော အုတ်ဖိုစုဘူတာနှင့် သီလဝါဘူတာကြားရှိ လမ်းပိုင်း ရထားသံလမ်းတစ်လျှောက် သံလမ်းများ ဆွဲညှိခြင်းနှင့် ကွန်ကရစ်ဇလီဖားတုံးများအား ယခင်သံလမ်းအရှည် ၃၉ ပေ ဆက်ကြောင်း တစ်ဆက်လျှင်ကွန်ကရစ်ဇလီဖားတုံး ငါးတုံးနှုန်းသုံးစွဲရာမှ ယခုအခါ ၁၆ တုံးနှုန်းအပြည့် တိုးမြှင့်ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ကွန်ကရစ်ဇလီဖားတုံး စုစုပေါင်း ၁၁၀၉၈ တုံး ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အားလုံးဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇) မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်သန်းက "အုတ်ဖိုစု-သီလဝါဘူတာလမ်းပိုင်းကြား ဘူတာရပ်စခန်းခြောက်နေရာရှိပါတယ်။ ဒီလမ်းပိုင်းက မတ်လကုန်ရင် ဆောင်ရွက်ပြီးစီးပါပြီ။ သင်္ကြန်မတိုင်မီ အားလုံးဆောင်ရွက်ပြီးစီးသွားမှာပါ။ ရန်ကုန် မြို့ပတ်လမ်းပိုင်းမှာက တစ်နာရီကို မိုင် ၃၀ နှုန်း ပြေးဆွဲနိုင်ပေမယ့် ဘူတာချင်းနီးကပ်နေလို့ ၂၅ မိုင်နှုန်းပဲပြေးဆွဲတာပါ။ မြို့ပတ်လမ်းပိုင်းကိုလည်း ဒီထက်မက အရှိန်နှုန်းမြှင့် ပြေးဆွဲပေးလို့ရပါတယ်။ ဒီဘက်လမ်းပိုင်းမှာကတော့ ရထားဘူတာက တစ်နေရာနဲ့ တစ်နေရာ ဝေးတယ်လေ။ ဒါကြောင့် တစ်နာရီကို မိုင် ၃၀ နှုန်းပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်လိုက်တာပါ" ဟု ရှင်းပြသည်။

အဆိုပါ ကွေ့မ-အုတ်ဖိုစု ရထားလမ်းပိုင်းအတွက် မတ်လကုန်တွင် ကွန်ကရစ် ဇလီဖားတုံးများ လဲလှယ်ပြီးသည်နှင့် တစ်ပြိုင်တည်း ကျန်ရှိကျောက်များဖြည့်ကာ လမ်းပက်ကင်ရိုက်ခြင်းများကို လက်ရှိ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ တိုးကြောင်ကလေး-ကွေ့မဘူတာ ရထားလမ်းပိုင်းနှင့် အုတ်ဖိုစု-သီလဝါဘူတာ ရထားလမ်းပိုင်းအတွက်လည်း ရထားလမ်းပိုင်းများ မြှောက်မ၍ ပက်ကင်ရိုက်ခြင်း၊ ကျောက်ဖြည့်ခြင်းလုပ်ငန်းများနှင့် လက်ရှိလမ်းပြုပြင်မှုအရ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ရထားလမ်းပိုင်းများအားလုံး အချောသပ် ဆောင်ရွက်နေခြင်းတို့ကို သင်္ကြန်ကာလမတိုင်မီ အားလုံးဆောင်ရွက်ပြီးစီးတော့မည်ဖြစ်၍ တိုးကြောင်ကလေး-ကွေ့မ-အုတ်ဖိုစု ရထားလမ်းပိုင်းအား တစ်နာရီလျှင် ၁၅ မိုင်နှုန်းအစား မိုင် ၃၀ နှုန်းသို့ တိုးမြှင့်ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း၊ အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်းမှာ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နောက်ပိုင်းကာလတွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အဆိုပါ ရထားလမ်းပိုင်း တစ်လျှောက်တွင် ကွန်တိန်နာတင်ရထားများ ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

**စိုးဝင်း(MLA)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၅**

၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ခရိုင်အဆင့် ဆင့်ပွားသင်တန်းကို မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် မတ် ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် ခရိုင်ရုံးမှ ဒုရဲအုပ်နှင့် အထက်အရာရှိများ အပါအဝင် စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး မော်လမြိုင်ခရိုင်ဥပဒေအရာရှိ ဒေါ်မိုးယုသွယ်၊ ခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးကျော်မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းတင်နှင့် ရဲမှူး ခင်မောင်လွင်တို့က ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်မှု အားနည်းချက်/အားသာချက်၊ ရွေးကောက်ပွဲမတိုင်ခင်ကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲကျင်းပပြီးကာလများတွင် စိန်ခေါ်မှုများ၊ ဖြစ်ပွားလာနိုင်သည့်အဆိုးဆုံးအခြေအနေ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တိုင်းရင်းသားလူမျိုးများ ကွဲပြားမှုကြောင့် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များနှင့် ဘာသာရေး၊ ကိုးကွယ်ယုံကြည်မှု မတူကွဲပြားမှုကြောင့်ဖြစ်ပေါ်လာနိုင်သောကိစ္စရပ်များ၏ စိန်ခေါ်မှုများ၊ ဖြစ်ပွားလာနိုင်သည့် အဆိုးဆုံးအခြေအနေ၊ ကာကွယ်နိုင်သည့်နည်းလမ်းများစသည့် သင်ခန်းစာများကို သင်ကြားပို့ချသွားခဲ့သည်။ အလားတူ မွန်ပြည်နယ်ရှိ သထုံခရိုင်တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းကို ပို့ချခဲ့ပြီး ပြည်နယ်အဆင့်အနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ရွေးကောက်ပွဲကာလအတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးသတိအမြဲရှိ၍ ဘက်လိုက်မှုကင်းရှင်းကာ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီအောင် အဘက်ဘက်မှ ကြိုတင်လေ့လာပြင်ဆင်ထားဖို့လိုကြောင်း" ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းတင်က ပြောသည်။ **(ဆက်နေမင်းအောင်)**



ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သန်လျင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး ဦးဆောင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များက သန်လျင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ စာစစ်ဌာနများ၌ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။ **တင်မောင်ဝေ(သန်လျင်)**

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို) နှစ်ပတ်လည်စည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် မတ် ၁၅**

မြန်မာစာပေမချို့တဲ့၊ မယိုယွင်းစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာစာရေးထုံး မှန်ကန်စေရေး၊ ပိုမိုတိုးတက်စည်ပင်ဖွံ့ဖြိုးလာစေရေး၊ မြန်မာစာပေ ချစ်မြတ်နိုးသူများ ပူးပေါင်းပါဝင်လက်တွဲလုပ်ဆောင်ရေးစသည့် ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို) နှစ်ပတ်လည်အစည်းအဝေးကို မတ် ၇ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းသူ အသင်းသားများက "မြန်မာစာပေချစ်မြတ်နိုးသူများ" တေးသီချင်းသီဆို၍ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သဘာပတိ စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဓိကအသုံးများသော မိခင်မြန်မာစာပေကို အသုံးအစွဲမှန်မှန်ကန်ကန် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၃-၂၀၁၄ ခုနှစ် အမှုဆောင်ဟောင်းများနုတ်ထွက်ကြပြီး ၂၀၁၅-၂၀၁၆ ခုနှစ် အမှုဆောင်သစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဂုဏ်ထူးဦးသိန်းနိုင်၊ အတွင်းရေးမှူး ဦးအောင်စိုးဦးတို့ပါဝင်သော အမှုဆောင် ၂၃ ဦးအား အများသဘောတူ ရွေးချယ်တင်မြှောက်ကြသည်။ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းသို့ စေတနာရှင်များ၊ အလှူရှင်များက မြန်မာစာပေဖွံ့ဖြိုးစည်ပင်ရေးအတွက် လှူဒါန်းသော အလှူငွေများ လက်ခံရယူပြီး ဂုဏ်ပြုလွှာများပေးအပ်သည်။

ဥက္ကဋ္ဌသစ်ဂုဏ်ထူးဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **စိန်ရွှေလှိုင်**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ရှောင်တခင်စစ်ဆေး

**နေပြည်တော် မတ် ၁၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်ဌေးနှင့်အဖွဲ့သည် မြို့တွင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်၊ နေပြည်တော်ယာဉ်ထိန်းအဖွဲ့ဝင်များနှင့် အတူ မြို့တော်ခန်းမရှေ့တွင် ရှောင်တခင်စစ်ဆေးရာ ယာဉ်မောင်းလိုင်စင်မပါသူ ၁၇ ဦး၊ ယာဉ်လိုင်စင် (ဗွီးတက်) မပါသူ ၂၇ ဦး တို့ကို အရေးယူခဲ့သည်။




ယခင်ကလည်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှူးအနေဖြင့် ရှောင်တခင် စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ပြီး နောင်တွင်လည်း မကြာခဏ ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၇)

# ရှေ့မှန်လုံယာဉ်မှဆင်းသည့် အမျိုးသမီးအား နောက်မှန်လုံယာဉ် ဝင်တိုက်

**ပဲခူး မတ် ၁၅**

ပဲခူးမြို့နယ် အမှတ်(၃) ရဲစခန်းအပိုင် ရန်ကုန်-ပဲခူးကားလမ်း မိုင်တိုင်အမှတ် (၄၆/၁)လမ်းလယ်ကျွန်းအမှတ်(၀၅၇)တွင် မတ် ၁၄ ရက် ညနေပိုင်းက မြန်စတားစက်ရုံမှ ပဲခူးမြို့တွင်းသို့ ယာဉ်မောင်း ငြိမ်းချမ်းမောင်းနှင်လာသည့် ၇က/. . . . ဒေဝူး(ကပရ) အဖြူရောင်ယာဉ်မှာ စက်ရုံအလုပ်သမားများ ဆင်းရန်အလယ်ကျွန်းနံဘေးသို့ ကပ်ကာ ရပ်လိုက်စဉ် ၎င်း၏နောက်မှလားရာတူ အင်းလေး ရှူးဖိနပ်စက်ရုံဘက်မှ ဖြိုးဝေ (၃၀)နှစ် နယ်မြေ(၈) ဉဿာမြို့သစ်နေသူ မောင်းနှင်လာသည့် 3B/. . . . မှန်လုံယာဉ်က အရှိန်မထိန်းနိုင်ဘဲ ရှေ့ယာဉ်ပေါ်မှဆင်းလာသည့် မအေးအေးမာ (၃၃)နှစ် သီးသန့် (၂၄) ဉဿာမြို့သစ် (၈)



ရပ်ကွက်နေသူအား တိုက်မိခဲ့ရာ ဦးခေါင်းကွဲကြေ၊ ဗိုက်ပွင့်ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်သေဆုံးခဲ့သဖြင့် ပဲခူးမြို့ အမှတ်(၃)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ကြီး(ပဲခူး)**

# လယ်ဝေး၊ လားရှိုးနှင့် ဖားကန့်မြို့နယ်တို့တွင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ကောင်စီနယ်မြေရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက်က လယ်ဝေးမြို့နယ် ကြာအင်းကျေးရွာအနီး မြို့ရှောင်ကားလမ်းဘေးရှိ စမ်းရေကြည် စားသောက်ဆိုင်အတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ဆိုင်အတွင်းထိုင်နေသော စောထူးဝါး လွယ်ထားသည့် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ထုပ် (စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀) သိမ်းဆည်းရမိသဖြင့် စောထူးဝါး(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မတ် ၁၃ ရက်က လယ်ဝေးမြို့နယ် သာဝတ္ထိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နေပြည်တော်ဘက်မှ သာဝတ္ထိဘက်သို့ မျိုးဇော်အောင် မောင်းနှင်လာသော လေးဘီးမော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် ကုတ်အင်္ကျီအိတ်ကပ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ သိမ်းဆည်းရမိသဖြင့် မျိုးဇော်အောင်(၂၂)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

နောင်မွန် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၂ ရက်က လားရှိုးမြို့နယ် နောင်မွန်ကျေးရွာ ဈေးရပ်ကွက်နေ အိုက်ကျော်၏နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်တွင် တွေ့ရှိရပြီး ၎င်း၏ယာဘက်လက်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၀၂ ကီလိုသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု ကောင်းဟုန်းကျေးရွာနေ လောက်ရှင်း နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်း ခုတင်ပေါ်မှ ဘိန်းဖြူ သုည ဒသမ ၀၀၂၀၆ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ တို့ကို ထပ်မံ သိမ်းဆည်းရမိသဖြင့် အိုက်ကျော် (၅၄)နှစ်နှင့် လောက်ရှင်း (၅၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

လုံးခင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၃ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာ ရပ်ကွက် (၄)ရှိ ရွှေကုဋ္ဌေ လက်ဖက်ရည်ဆိုင်အနီး လမ်းမပေါ်တွင် မော်စီစာကျေးရွာဘက်မှ ကုဋ္ဌေကျေးရွာဘက်သို့ စိုင်းထွန်းလှိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ ခါးပတ်အိတ်အတွင်းမှ အပြာရောင် ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းထွန်းလှိုင် (၅၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(မူးယစ်ဗဟို)**



စိုင်းထွန်းလှိုင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



စောထူးဝါးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လားရှိုးမြို့တွင် မီးလောင်မှုဖြစ်ပွား

**လားရှိုး မတ် ၁၅**

လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ (၄) သိန်းနီလမ်းတွင် ဖွင့်လှစ်ထားသော အောင်ဇမ္ဗူကားအောက်ပိုင်းပြင်သည့်အလုပ်ရုံ ဝဲဘက်ခြမ်းတွင် ခုံများထားသည့်နေရာ၌ ဖုန်အားသွင်းရာမှ အပူလွန်ကဲပြီး မတ် ၁၄ ရက် ညနေ ၆ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အလုပ်ရုံအတွင်းရှိ ပစ္စည်းများနှင့် အလုပ်ရုံထပ်ခိုးတို့ မီးကူးစက်လောင်ခဲ့ကြောင်း၊ မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့်တစ်စုံတစ်ဦးမျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse) များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝါယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# ဘုရားဆင်းတုတော်၊ ဓာတ်တော်များနှင့် မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေး

**နေပြည်တော် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မုန္တောကြီးကျေးရွာနေ ဦးဝင်းမြင့်(ခ)ပေါက်စ (၅၃)နှစ်၏ နေအိမ်အား သတင်းအရ မြစ်သား မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ဦးဝင်းမြင့်(ခ)ပေါက်စနှင့်အတူ ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာနေ သိန်းထွန်း(၄၄)နှစ်အား တွေ့ရှိရပြီး နေအိမ်ခြံဝင်းနွားစာတိုက် ကုလားပဲမှော်များထဲရှိ ပီနံအိတ်နှစ်လုံးအတွင်းမှ ဉာဏ်တော်ကိုးလက်မခွဲခန့်ရှိ ကြေးဆင်းတု တစ်ဆူ၊ ဉာဏ်တော် ခြောက်လက်မခွဲခန့်ရှိ ငွေဘုရား တစ်ဆူ၊ ဉာဏ်တော် လေးလက်မခွဲခန့်ရှိ ကြေးဆင်းတု တစ်ဆူ၊ ဉာဏ်တော် သုံးလက်မခန့်ရှိ အုတ်ဘုရား ရှစ်ဆူ၊ ဉာဏ်တော် နှစ်လက်မခွဲခန့်ရှိ အုတ်ဘုရား နှစ်ဆူ၊ ဉာဏ်တော် နှစ်လက်မခန့်ရှိ ငွေဘုရား တစ်ဆူ၊ ဉာဏ်တော် နှစ်လက်မခန့်ရှိ ဆင်စွယ်ရောင်ဘုရား တစ်ဆူ၊ တစ်လီတာဝင်ရေသန့်ဘူးအတွင်းထည့်ထားသည့် ဓာတ်တော်ဟုယူဆရသော အဖြူရောင်အလုံးသေး ၃၈၀ တို့အား လည်းကောင်း၊ နေအိမ်အတွင်းမှ လက်အိတ်တစ်စုံ၊ နှစ်ဖက်ချွန်သံတူးရွင်း နှစ်ချောင်း၊ ၁၄ ပေါင်သံတူခေါင်း တစ်ခု၊ ဓားရှည် တစ်ချောင်း၊ ဓားဦးချွန် တစ်ချောင်း၊ ဝါးရိုးတပ်သံတူးရွင်း တစ်ချောင်း၊ ဝါးရိုးတပ်ပေါက်ပြား တစ်လက်တို့အား လည်းကောင်း သိမ်းဆည်းရမိခဲ့သောကြောင့် ဦးဝင်းမြင့်(ခ)ပေါက်စနှင့် သိန်းထွန်းတို့အား မြစ်သားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# တရားမဝင်ရေနံချက်လုပ်ရောင်းချသူအား အရေးယူထား

**နေပြည်တော် မတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လင်းကယ်ကျေးရွာနေ အောင်ပန်း(ခ)တင်ဝင်းထွန်း (၃၂)နှစ်သည် မင်းလှမြို့နယ် ဒဟာတ်ပင်ရေနံမှော်အနီး လင်းကယ်ကျေးရွာနှင့် မင်းကန်ကျေးရွာကြားရှိ မင်းကန်ရိုးချောက်အတွင်း၌ တရားမဝင်ရေနံချက်လုပ်ရောင်းချနေကြောင်း သတင်းအရ မတ် ၁၄ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ ဖမ်းဆီးရာ၌ အောင်ပန်း(ခ)တင်ဝင်းထွန်းနှင့် ရေနံလာရောက်ဝယ်ယူနေသည့် သရက်မြို့နယ် တုတ်တိုင်းကျေးရွာနေ သန့်ဇင်(၃၀)နှစ်တို့အား တွေ့ရှိရပြီး ရေနံစိမ်းချက်လုပ်ရာတွင်အသုံးပြုသည့် ဂါလန် ၁၀၀၀ ဆံ့ သံလှောင်ကန် သုံးခုတွဲလျက် ရေနံဖို တစ်ဖို၊ အချင်းခြောက်ပေခန့်၊ အမြင့် ငါးပေခန့်ရှိ ဘွိုင်လာကန်တစ်လုံး၊ တစ်ပီပါလျှင် ဂါလန် ၄၀ ခန့်ပါ ဓာတ်ဆီပီပါ ငါးလုံး (ဂါလန် ၂၀၀ ခန့်)၊ တစ်ပီပါလျှင် ဂါလန် ၄၀ ခန့်ပါ ဒီဇယ်ပီပါ ၁၅ လုံး (ဂါလန် ၆၀၀ ခန့်)နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သောကြောင့် အောင်ပန်း(ခ)တင်ဝင်းထွန်းနှင့် သန့်ဇင်တို့အား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# ချဲထီလောင်းကစားပြုလုပ်သူများအား အရေးယူထား

**နေပြည်တော် မတ် ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပေါက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မတ် ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က သီးခြောက်ကျေးရွာအနီး ပေါက်-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ် (၄၄/၄-၅) ကြား၌ မြောက်ဘက်ကျေးရွာမှ သီးခြောက်ကျေးရွာဘက်သို့ ပေါက်မြို့နယ် မြောက်ဘက်ကျေးရွာနေ ကျော်စိန်သန်း (၅၁)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ကျော်စိန်သန်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၈၅၅၀ တို့ သိမ်းဆည်းရမိခဲ့သောကြောင့် ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ ဘူတာကြီးရပ်ကွက်၌ အဆိုပါရပ်ကွက်နေ စန်းမြင့် (၅၅)နှစ်သည် နှစ်လုံးထီလောင်းကစားပြုနေကြောင်း သတင်းအရ ကဝမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အုန်းနဲ့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မတ် ၁၃ ရက် ညနေ ၃ နာရီခွဲက သက္ကလမြို့ ပဲခူး-ခရမ်းကားလမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသော စန်းမြင့်အား စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်လာသည့် ထီးအတွင်းမှ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၅၃၁၅၀ တို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အုန်းနဲ့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးနေ စိန်းစိန်း (၅၅)နှစ်၏ နေအိမ်တွင် နှစ်လုံး/ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မတ် ၁၃ ရက် ညနေ ၃ နာရီခွဲက ဝင်ရောက်ရှာဖွေခဲ့ရာ စိန်းစိန်းအား နှစ်လုံး/ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၅၄၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိသောကြောင့် ရေတာရှည် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

**အတွေးအမြင်ဆောင်းပါး**

# အယဉ်အရိုင်း ယှဉ်မနိုင်းပါနှင့်

**ယမန်နေ့မှအဆက်**

## **a** တက္ကသိုလ်မြတ်သူ

သက်ရှိသတ္တဝါများ၏ သတ္တလောကတွင် ပြုပျက်ပြောင်းလဲဖန်ဆင်းစီရင် တတ်သောလောက နိယာမ သင်္ခါရကို သိသော သင်္ခါရလောက၊ ရေ မြေတောတောင်၊ နေ၊ လ၊ ကြယ်တာရာ၊ လေ တို့ကို စုစည်းခေါ်တွင် အပ်သော လောကကြီး သုံးပါးတွင် သတ္တလောကသားလူသားတို့ သည် လူနေမှု ယဉ်ကျေးမှု (Civilization)နှင့် အနုပညာယဉ်ကျေးမှု (Culture) နှစ်ရပ်ကို ထူထောင်နိုင်သော ရွှေဉာဏ်ရှင် လူယဉ်ကျေးများအဖြစ် တံခွန်စိုက်ထားပေ သည်။

> စည်းဟူသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ အမှန်နှင့် အမှား၊ အယဉ်နှင့် အရိုင်းတို့ကို ဟိုဘက် သည်ဘက်ခြားပေးထားသော ယဉ်ကျေးမှု မျဉ်းကြောင်းပင်ဖြစ်သည် . . . . .

လူနေမှုဘဝတွင် ယဉ်ကျေးသော လူသားတို့သည် ဒေသအလိုက်၊ နိုင်ငံအလိုက်၊ ဉတုရာသီ ရေမြေသဘာဝ အလိုက်၊ လူမျိုးအလိုက် အဆိုပါ လူနေမှု ယဉ်ကျေးမှုနှင့် အနုယဉ်ကျေးမှု ပုံစံချင်းမတူကွဲပြားကြ သော်လည်း ယဉ်ကျေးသည်ဟူရာ၌မူ မတူညီကြပေသည်။ နိုင်ငံအားလုံး လူသားအားလုံးသည် ယဉ်ကျေးမှုများဖြစ်၍ ယဉ်ကျေးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ရိုင်းစိုင်းခြင်းကို လက်မခံနိုင်ကြပေ။

ထို့ကြောင့် နိုင်ငံအလိုက်၊ လူမျိုးအလိုက် ကျင့်ဝတ်သိက္ခာကိုယ်စီ သတ်မှတ်မိကြပြီးသား ဖြစ်သည်။ ကိုးကွယ်ရာဘာသာတရားများ ကလည်း ဘာသာဝင်တို့ကို တရားဓမ္မ၊ လောကကျင့်ဝတ်များဖြင့် သွန်သင်ထားပေသည်။ ယဉ်ကျေးခြင်းနှင့် ရိုင်းစိုင်းခြင်းတို့အကြားတွင် ကျင့်ဝတ်သိက္ခာအသိတရားတို့က စည်းခြားပေးထားသည်။

စည်းဟူသည် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အမှန်နှင့်အမှား၊ အယဉ်နှင့်အရိုင်း တို့ကို ဟိုဘက် သည်ဘက်ခြားပေးထားသော ယဉ်ကျေးမှုမျဉ်းကြောင်းပင်ဖြစ်သည်။ မြစ်၊ ချောင်း၊ ပင်လယ်သမုဒ္ဒရာ၊ အင်းအိုင်၊ ရေကန်တို့နှင့် ကုန်းမြေကို ခြားပေးထားသော မျဉ်းမှာ ကမ်း (ကမ်းပါး၊ မြစ်ကမ်း၊- ချောင်းကမ်း၊ ပင်လယ် သမုဒ္ဒရာကမ်းခြေစသည်)ဖြစ်သည်။ စည်းနှင့်ကမ်းသည် အနက်ဆိုလိုချက်တူညီသည်။ မြန်မာမှုတွင် ပရိယာယ် နှစ်ချက်ဆင့် မြင့်သော အနက်ထွက်မြဲသည်ဟု ဆိုသည့် အတိုင်းအဖြူနှင့်အမည်းအကြား ခြားထားသော စည်းအပြင်ကမ်းပါ ပူးတွဲပါသဖြင့် ပိုမိုလိုက်နာရလောက်အောင် လေးနက်မြင့်မားသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။

လူ့ယဉ်ကျေးမှုတွင် လူ့စည်းကမ်းဟူ၍ရှိသည်။ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ အသင်းအဖွဲ့စည်းကမ်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ရုံးစည်းကမ်း၊ စက်ရုံစည်းကမ်းစသည်ဖြင့် လူယဉ်ကျေးတို့လိုက်နာရမည့် စည်းကမ်းများသည်လည်း ကျင့်ဝတ်သိက္ခာ ပုဒ်တို့နှင့်အတူ ဘာသာတရားအဆုံးအမနှင့် အတူရှိလေသည်။

လူ့လောကကြီးတစ်ခုလုံး နိုင်ငံအားလုံး၌ တစ်နိုင်ငံမှ နိုင်ငံသားတိုင်း ငါးပါးသီလလုံခြုံ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ကြမည်ဆိုလျှင် ဥပဒေတို့၊ ရဲတို့၊ တရားရုံးတို့၊ အချုပ်ထောင်တို့၊ ကြိုးစင်တို့ ရှိရန် မလိုအပ်ပေ။တစ်ကမ္ဘာလုံးတစ်ယောက်မကျန် ငါးပါးသီလကို လုံခြုံလျှင်စစ်ပွဲလည်းမရှိ။ နယ်ချဲ့စနစ် ဖက်ဆစ်ဝါဒလည်း မရှိတော့ပေ။ ထိုအခါမျိုးတွင် စရိတ်ကုန်ခံပြီး စစ်တပ်များပင် ထားစရာမလိုတော့ပေ။ သို့သော် လက်တွေ့ကဏ္ဍ၊ လက်ငင်း မြန်မာနိုင်ငံ၌ ထိုသို့မဟုတ်ပါချေ။ သီလမရှိ၊ သမာဓိမရှိ၊ ကိုယ်ကျင့်တရားပျက်ပြား၊ ဥပဒေရှိလျက်ပင် ဥပဒေချိုးဖောက် စည်းကမ်းစည်းမျဉ်းရှိလျက် မလိုက်နာ၊ ကျင့်ဝတ်ကိုယ်စီရှိပါလျက် ဖောက်ဖျက်နေကြသဖြင့် အနိဋ္ဌာရုံများဖြစ်နေရသည်။ ဖမ်းကြဆီးကြ၊ သတ်ကြဖြတ်ကြ၊ လုကြယက်ကြ၊ အဓမ္မပြုကျင့်ကြ၊ အင်အားသုံး ကျူးကျော် နယ်ချဲ့ကြဖြင့် လူ့လောက ယဉ်ကျေးမှု အပျက်တရားများ ထောင်းလမောင်းထ သောင်းကျန်း နေပေသည်။

ဥပဒေဟူသည် လူ့လောက လုံခြုံရေး ငြိမ်းချမ်း တည်ငြိမ်ရေး၊ သာယာဝပြောရေး တို့အတွက် ဥပဒေပြုပိုင်ခွင့်ရှိသူများ အများ အပြားအတွက် ပြဋ္ဌာန်းပေးထားခြင်းဖြစ် သည်။

ထို့ကြောင့်ဥပဒေအထက်တွင် မည်သူမျှမရှိ၊ ဥပဒေအထက်တွင် နိုင်ငံရေးဝါဒ၊ ပါတီ၊ ခေါင်းဆောင်လည်းမရှိ၊ ဒီမိုကရေစီလည်း ဥပဒေအထက်တွင် မရှိ၊ ဥပဒေချိုးဖောက်၊ စည်းကမ်းပျက်လျှင် ဒီမိုကရေစီ အစစ်အမှန် မဟုတ်ပေ။

ဤသို့သာ ဥပဒေဆန့်ကျင်သောင်းကျန်း နေကြမည်ဆိုလျှင် လူ့လောကတွင် တောတွင်း ဥပဒေ (Jumgle Law) က မင်းမူလာတော့ မည်ဖြစ်ကြောင်းပါခင်ဗျား။

# ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်း(ERLIP) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဘုတ်ပြင်း မတ် ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်း (ERLIP) မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၂ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းအား စီမံကိန်းကာလ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ထောက်ပံ့ငွေ ကျပ် ၁၂ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ ကျေးရွာအုပ်စု ၉၆ အုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉ အုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်မိုးလှိုင်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

ဆက်လက်၍ အကြံပေးအဖွဲ့ဝင် ဦးဘော်ဘီက နည်းပညာအကူအညီ အစီအစဉ်များ၊ ညွှန်ကြားရေးမှူး ဦးကျော်မိုးလှိုင်က စီမံကိန်းနှင့် ပတ်သက်သည်များ အားဆွေးနွေးပြောကြားခဲ့သည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စခန်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား၍ အမကလွှန် (၅၄)ရှိ မိုးရေသိုလှောင်ကန်မှ ရေများအသုံးပြုခဲ့ရသည့်အတွက် ကျေးရွာနေပြည်သူများ အခက်အခဲမရှိစေရန် ရေများ ပြန်လည်ဖြည့်တင်းပေးနေစဉ်။ (ကြေးမုံ)**

**POSSIBLE Travels & Tours**

| | | |
|---|---|---|
| ➤ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ | Mar 26 (Scania 2+1)VIP | (175000/Ks) |
| ➤တောင်ကြီး-အင်းလေး-ပင်းတယ | Mar 26 | (110000/Ks) |
| ➤မန္တလေး-မုံရွာ-အလောင်းတော်ကဿပ | Mar 26 | (110000/Ks) |
| ◈သံတောင်ကြီး-ဖိုးကျားဆင်စခန်း | Mar 21,26,28/April 4 | (35000/Ks) |
| ◈ကရင်ပြည်နယ်-ဘီးလင်း-မဲလံဆံတော်ရှင် | Mar 21,26,28/April 4 | (35000/Ks) |
| ◈မော်လမြိုင်-ကျိုက္ခမီ-စက်စဲ | Mar 21,26,28/April 4 | (35000/Ks) |

➤အဆင့်မြင့် Scania ကား၊ အဆင့်မြင့်ဟိုတယ်များဖြင့်သာ စီစဉ်ပေးပါသည်။➤

**Ph: 01-706716, 01-372795,09-259257821~3**

**နန်းဦးလှိုင် ထားဝယ်ရှင်ကိုးရှင်၊ မြိတ်**

- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ(၆)ရက်–ဆက်၍–မြိတ်(ဘိတ်)ပါ (၈)ရက်
- အင်းတော်ကြီး၊ရွှေမဉ္ဇူ၊ မြစ်ကြီးနား၊ မေခ–မလိခမြစ်ဆုံ၊ ရွှေဘို (၇)ရက်–မိုးကုတ်၊ မန္တလေးပါ (၁၀)ရက်
- ရွှေစက်တော်၊ စက္ကိန်းတဲ၊နဂါးပွက်၊ကျောင်းတော်ရာ၊မကွေးမြသလွန်၊ပြည်(၃)ရက် သကြန်ခရီးစဉ်များ
- ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူသီဟိုဠ်ရှင် (၅)ရက် ကြိုတင်ရောင်းပြီ
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊စွယ်တော်လေးဆူ၊တောင်ကြီး၊အင်းလေး၊ထမ့်စမ်းဂူ၊မွေတော်ကက္ကူ(၈)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
- တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ပြင်ဦးလွင်၊အလောင်းတော်ကဿပ (၈)ရက်
- ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် ●အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ (၃)ရက်
- တောင်ကြီး၊အင်းလေး၊ထမ့်စမ်းဂူ(၄)ရက်–ကယားပြည် လွိုင်ကော် ပါ (၆)ရက် ☎ 01-391577

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

**ဆုပြည့်** 09-31815390,09-792432296 09-31815395,09-792298138

**နွေရာသီကျောင်းပိတ်ရက်ခရီးစဉ်**
ရွှေစက်တော်၊ပြည် (ဘုရားစုံ)(ငြိမ်း) ၄၅,၀၀၀/
အလောင်းတော်ကဿပ(သီးသန့်ငြိမ်း) ၅၀,၀၀၀/
ရွှေစက်တော်၊ ပုဂံညောင်ဦး(ငြိမ်း) ၈၀,၀၀၀/

**6+1 FREE Package**
ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/
ငွေဆောင်(ငြိမ်း)၅၅,၀၀၀/
ကျိုက်ထီးရိုး (ငြိမ်း)၃၅,၀၀၀/

**သင်္ကြန်ပိတ်ရက်အထူးအစီအစဉ်(၅)ရက်ခရီး:Apr 12**(ဟိုတယ်၊စားသောက်ဆင့်သွားပါ)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ကလော(ငြိမ်း) ၁၅၀,၀၀၀/
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(ငြိမ်း) ၁၆၀,၀၀၀/
ချောင်းသာ(၂ည၊၃ရက်) –၁၂၀,၀၀၀/- (Guest House) ] Apr 13,14 ကြိုတင်
ငွေဆောင်(၂ည၊၃ရက်)–၁၅၀,၀၀၀/- (Hotel) ] လက်မှတ်

အခြေခံ ဆရာဦးသိန်းဝင်း
**ပန်းချီသင်တန်း**
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျာကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

**Fully Light Travels & Tours Co.,LTD**
B-801,Dagon Center I,Bargarya Road,Myaynigone
သင်္ကြန်အတွက်ကျန်ရှိသော ခရီးစဉ်များ

- ဟောင်ကောင် ၊ မကာအို (စိမ်းကျိတ် ၊ ကွမ်ကျိုး ၊ ကျူဟိုင်) 11.Apr.15
- ကိုရီးယား ၊ (ဂျေဂျူး ၊ ဖူဆန် ၊ ချောင်းဂျူး ၊ဆိုးလ် ခရီးစဉ် ) 11.Apr.15
- ပီကင်း ၊ ရှန်ဟဲ (နန်ကျင်း ၊ ဝူစည် ၊ ဟန်ကျိုး ခရီးစဉ် ) 12.Apr.15
- ဗီယက်နမ် (ဟိုချီမင်း ၊ ဟန္နိုင်း ၊ ဟာလောင်းဘေး ခရီးစဉ် ) 14.Apr.15

မော်(လ်)ဒိုက် ခရီးစဉ်ကို (၂) ဦးမှစ၍ ကြိုက်နှစ်သက်ရာရက်တွင် စီစဉ်ပေးနေပါပြီ

Tel: 01-503815 , 01-516932 , 01-516964 , 01-516985
09-32640826 , 09-421013085 , 09-421013086 , 09-420179519

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သွက်ထက်[၁၂/ပဘတ (နိုင်)၀၃၂၃၂၂) ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ် M-389453 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၅၁၆၂၈

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်ခိုင်ဦး၏ CDC အမှတ်- ၇၀၁၂၄ ကိုင်ဆောင်သော 4 ticket လက်မှတ် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉၇၉၂၃၂၀၁၃၇

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များအား (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်အတွက် လေလံလုပ်ကိုင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်း-တံတားအသုံးပြုခ ကောက်ခံရေးဂိတ်စခန်း(၁၂)ခု၏ ၁-၄-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၆ ရက်အထိ လမ်း-တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းလိုင်စင်များကို (B.O.T ကုမ္ပဏီ+ပုဂ္ဂလိက)များအား လေလံ(မဲစနစ်ဖြင့်) ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) မဲစနစ်ဖြင့် လေလံလုပ်ကိုင်ခွင့်ပြုမည့်လမ်းဂိတ်များ

| ကြမ်းခင်းဈေးနှုန်းကျပ်(သိန်း) | |
|---|---|
| (၁) ပဲခူး(သနပ်ပင်) ဂိတ် (ပဲခူးခရိုင်) | ၇၀၄. ၀၀ |
| (၂) ရွှေကျင်-ဝင်းကံဂိတ်(ပဲခူးခရိုင်) | ၁၉၉. ၄၀ |
| (၃) အုတ်တွင်း-ဗောဓိကုန်းဂိတ် (တောင်ငူခရိုင်) | ၁၀၀. ၃၉ |
| (၄) သာဂရဂိတ်(တောင်ငူခရိုင်) | ၁၀၀. ၀၀ |
| (၅) မင်းလှ (စိန်ကန့်လန့်)ဂိတ်(သာယာဝတီခရိုင်) | ၁၁၀. ၉၁ |
| (၆) ပေါက်ခေါင်း (တာဝ+ရွာပု)ဂိတ် (ပြည်ခရိုင်) | ၂၉၈. ၀၅ |
| (၇) ပန်းတောင်း(ပုသိမ်-မုံရွာလမ်း) ဂိတ်(ပြည်ခရိုင်) | ၆၀၆. ၄၀ |

(ခ) မဲစနစ်ဖြင့် လေလံလုပ်ကိုင်ခွင့်ပြုမည့် တံတားဂိတ်များ

| | |
|---|---|
| (၁) စစ်တောင်းတံတား(ရွှေကျင်မြို့) (ဂ) အဆင့် (ပဲခူးခရိုင်) | ၅၉၂. ၀၀ |
| (၂) ပဲခူးမြစ်ကူးတံတား(ကဝမြို့) (ဃ) အဆင့် (ပဲခူးခရိုင်) | ၄၄. ၇၁ |
| (၃) စစ်တောင်းမြစ်ကူး (နတ်သံကွင်းတံတား) (ဃ) အဆင့် (တောင်ငူခရိုင်) | ၅၉. ၀၆ |
| (၄) မြစ်မခတံတား(ဂ) အဆင့်တံတား (သာယာဝတီခရိုင်) | ၁၁၄. ၀၂ |
| (၅) သူရဲတန်းတံတား(ဂ) အဆင့်တံတား (ပြည်ခရိုင်) | ၆၈၂. ၅၅ |

(ဂ) လေလံဖွင့်လှစ်မည့်အချိန် -၂၃-၃-၂၀၁၅ ရက်(တနင်္လာနေ့)၊ ၉း၀၀ နာရီ

(ဃ) လေလံဖွင့်လှစ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးမြို့။

၂။ ဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ်စည်းကမ်းချက်များ၊ စိတ်ပါဝင်စားကြေးပေးသွင်းရမည့်ငွေကြေး၊ ငွေပေးသွင်းရမည့်ဘဏ်၊ စာချုပ်ပါစည်းကမ်းများကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့တွင် ၁၇-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး၊ လေလံတင်သွင်းလွှာများကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့တွင် ၂၀-၃-၂၀၁၅ ရက်(သောကြာနေ့) ညနေ ၄း၃၀ နာရီ နောက်ဆုံး ထားတင်သွင်းနိုင်ပါသည်။


၃။ အသေးစိတ်သိလိုသော အချက်များကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးမြို့ (ဖုန်း-၀၅၂-၂၁၅၂၃)၊ (ဖုန်း-၀၅၂-၂၁၂၂၀) (ဖုန်း-၀၅၂-၂၄၅၇၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လမ်းတံတားအသုံးပြုခ လေလံလုပ်ကိုင်ခွင့် ကြီးကြပ်ရေးကော်မတီ
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*၁၃-၃-၂၀၁၅ ရက်မှအဆက်*

ဦးပိုးဖြူကြီးသည် ရွှံ့ရေများကို ပါစပ်မှ မှုတ်ထုတ်ရင်း ပါးစပ်မှလည်း " နင့်အမေကလွှား . . . နင့်အမေကလွှား" နှင့် အော်နေသည်။

ဦးပိုးဖြူကြီးဖြစ်နေပုံမှာ ရယ်စရာကောင်းသည်။

ကျွန်တော်က ကြောက်၍အောင့်အီးနေသော်လည်း ခိုင်က ရယ်သည်။ ရိုးရိုး မရယ်။ လက်ခုပ်လေးများ တီးရင်း ခုန်ဆွခုန်ဆွနှင့် ရယ်သည်။

"ဟဟ . . . ဘိုးဘိုးကြီးက ရယ်စရာကြီး။ မောင်ရေ . . . မောင်ရေ . . . ကြည့်စမ်း . . . ဘိုးဘိုး မျက်နှာကြီးက ရာဘာသီးအခြောက်နဲ့ မတူဘူးလား "

ရာဘာသီးအခြောက်ကို ဦးပိုးဖြူကြီးလည်း နားလည်သည်။ ထို့ကြောင့် ဦးပိုးဖြူသည် အလွန်ဒေါသထွက်သွားပြီး ကျွန်တော်တို့ကို ဆဲသည်။

"တယ် . . . လရှိုး၊ နင်တို့ကြောင့်လည်း ငါကျရသေးတယ် . . . ငါ့ကိုလည်း ရာဘာသီးအခြောက်နဲ့ တူတယ်ပြောရသလား။ နေနှင့်ဦး . . . နေနှင့်ဦး"

ဦးပိုးဖြူကြီးသည် ဆက်စိတ်မတိုတော့ဘဲ တစ်မျိုးအကြံထုတ်သည်။

ကမ်းပါးအခြေ၌ ကျောက်စရစ်ခဲ ဖြူဖြူကလေးများရှိသည်။ ဦးပိုးဖြူကြီးသည် ကျောက်စရစ်ခဲများကိုကျုံး၍ ချောနေသောနေရာများကို ဖြန့်ခင်းသည်။ ထို့နောက် သူတစ်ယောက်တည်း အရင်တက်သည်။

စိတ်ကျေနပ်မှ ပြန်ဆင်းကာ ကျွန်တော်တို့ကို တစ်ဦးချင်းပွေ့ခေါ်၍ အပေါ်သို့ တင်ပေးသည်။ အပေါ်သို့ ရောက်သောအခါ ခိုင်ရော ကျွန်တော်ရော မရယ်နိုင်ကြတော့။ အကြောင်းမှာ ဦးပိုးဖြူကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို လက်တစ်ဖက်စီဖြင့်ဆွဲကာ ကျောင်းသို့ တောက်လျှောက်ခေါ်သွားသည်။

ထိုနေ့က ခိုင်ရော ကျွန်တော်ရော တင်ပါး၌ တစ်ယောက်ငါးချက်စီ ဆိုင်ရာဆရာမတို့၏အရိုက်ခံရသည်။

**(၆) ပုံပမာတင်ပြသည်**

ကျွန်တော်တို့နေခဲ့သော မက်သဒစ်ကျောင်းကြီးသည် စည်းကမ်းကြီးသည်။

ဆရာ၊ ဆရာမများသည် ကရင်လူမျိုးများဖြစ်ကြ၍ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။

ကျွန်တော်ကား မြန်မာဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။ သို့ရာတွင် ကရင်ခရစ်ယာန်များဖြစ်ကြသည့် ကျွန်တော့်ဆရာ၊ဆရာမများကို တစ်သက်မမေ့နိုင် . . .။

သူတို့အသံမှာ ဝဲဝဲဖြစ်သည်။ ဓမ္မသီချင်းများကို ဆိုသော်အသံဝဲဝဲသည် ကောင်းကင်ဘုံအထိ ပျံ့စည်ဝေလွင့်တက်သွားသည်ထင်ရ၏။ တပည့်များကို ချော့မော့သောအခါ၌ သူ့တို့လက်များသည် တီးတိုးညင်သာသော သူတို့အသံနှင့် ဖြူစင်ရိုးသားသောမျက်နှာများ၌ မိဘကရုဏာကို အပြည့်အဝ ဖော်ပြနိုင်စွမ်းရှိကြသည်။

ဤသို့ ကြင်နာယုယတတ်သကဲ့သို့ စည်းကမ်းကိုလည်း ပိုင်နိုင်စွာ ကိုင်တတ်ကြသည်။

ထိုစဉ်က ကျွန်တော့်ဆရာ၊ ဆရာမများ အမြင်တွင် ချမ်းသာသူ၏သားသမီး၊ ဆင်းရဲသူ၏သားသမီး၊ ဂုဏ်နိမ့်သူ၏ သားသမီးဟု ကွဲပြားခြားနားမှုမရှိ။ စာတော်သူကို ချစ်ခင်သည်။ စည်းကမ်းရှိသေသူကို မြှောက်စားသည်။ သူတို့အား လက်ဆောင်ပဏ္ဏာ ပေးရမည် ဝေးစွ၊ ခရစ္စမတ်နှင့် နှစ်သစ်ကူးအခါများတွင် စာတော်ကာ စည်းကမ်းရှိသော သူတို့တပည့်များကို သူတို့က ပန်းချီကတ်ပြားလှလှလေးများနှင့် ဖဲကြိုးဖြူနီပြာဝါ စည်းအပ်သော ကစားစရာလက်ဆောင်များ ပေးတတ်သည်။

စာမကြိုးစားသူ၊ စည်းကမ်းဖျက်သူများ ဆိုလျှင်ကားကြိမ်လုံးဖြင့် ခပ်စပ်စပ်ကလေး ရိုက်ဆုံးမ တတ်သည်။

ကျွန်တော်တို့အတန်းတွင် စာလည်းကြိုးစား၍ စည်းကမ်းလည်းရှိသဖြင့် ကျွန်တော်တို့ဆရာမ မအေးမြ၏ အချစ်ဆုံးတပည့်သုံးယောက်ရှိသည်။

တစ်ယောက်ကား ဂါဝန်နွမ်းနွမ်းပွပွကိုသာ အမြဲတမ်းဝတ်နိုင်သော အဲမလီခေါ် ကရင်မလေးဖြစ်သည်။ အခြားတစ်ယောက်ကား မြို့တွင်းမှ ဓာတ်ပုံဆရာသား ငြိမ်းမောင်ဖြစ်သည်။ ကျန်တစ်ယောက်ကား ကျွန်တော် ကိုယ်တိုင်ဖြစ်ပါ၏။ ကျွန်တော်တို့သုံးဦးလုံး တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြသည်။

ထိုနေ့က မိခိုင်နှောင့်သဖြင့် ကျွန်တော်တို့ အရိုက်မခံစဖူးခံရသောအခါ အဲမလီသည် မျက်ရည်လေး စမ်းစမ်းဖြင့် လာရှာ၏။

"မောင်ရာ . . . နင် အရိုက်ခံရတာ ငါစိတ်မကောင်းပါဘူးဟယ်၊ နင်ကလည်း ဘာလို့ ကျောင်းနောက်ကျနေရတာလဲဟဲ့ . . "

" ငါ တမင်နောက်ကျတာ မဟုတ်ပါဘူး အဲမလီ . . .၊ လူတစ်ဖက်သားကို ကူညီနေတာနဲ့ နောက်ကျတာပါ . . . "

ကျွန်တော်က ထိုသို့စကားချီ၍ ဖြစ်ခဲ့သမျှကို အဲမလီကို ပြန်ပြောသည်။ ကျွန်တော့်စကားဆုံးသောအခါ အဲမလီသည်သူ့အသံဝဲဝဲလေးဖြင့် ဆုတောင်းသည်။

"နင်က . . . အဲဒါတွေ ဘာလို့အကုန် ဆရာမကို ပြန်မပြောလဲ။ အေးလေ . . . နင်က လူတစ်ဖက်သားကို ကူညီတာပဲ . . .၊ ဘုရားသခင်က ကောင်းချီးပေးပါလိမ့်မယ် "

အဲမလီက ခရစ်ယာန်မလေးပီပီ ထိုသို့ ဆုတောင်းပေးသော်လည်း ငြိမ်းမောင်ကမူ တစ်မျိုးဆိုသည်။

ကျွန်တော့် သူငယ်ချင်း ငြိမ်းမောင်သည် ကတုံးဆံတောက်ဗိုက်ရွှဲရွှဲလေးနှင့်ဖြစ်သည်။ မှတ်မိသမျှ ကျွန်တော်တို့ ဒုတိယတန်းရောက်သည်အထိ ငြိမ်းမောင်သည်




သူ့အမေနှင့် အစ်မက လိမ်းပေး၍ဟုဆိုကာ မျက်နှာ၌ သနပ်ခါးလိမ်းပြီး ကျောင်းတက်သည်။ ကျွန်တော်တို့ယောကျ်ားလေးများမှာ ဘောင်းဘီတိုလေးများ ဝတ်ကြသည်။

သူကမူ ကုလားမယက် ချည်လုံချည်အစိမ်းကွက်၊ ပန်းရောင်စပို့ရှပ်လေးများစသည် ဝတ်ရတတ်၏။

ကျွန်တော် အရိုက်ခံပြီးသောအခါ ငြိမ်းမောင် လာတွေ့၏။ ယခုအခါ သူသည် သနပ်ခါးမလိမ်းတော့သော်လည်း သူ့မျက်နှာလေးမှာ ဖြူလျော်လျော်ဖြစ်နေသည်။ အသံမှာ တုန်ယင်နေသဖြင့် ကျွန်တော့်ထက် သူအရိုက်ခံရဟန်ပိုတူသည်။

"မောင်က . . . ဘာလို့ အရိုက်ခံရအောင် လုပ်သလဲကွ"

"ငြိမ်းမောင်ရာ . . . တမင်တော့ ဘယ်အရိုက်ခံချင်မလဲကွ "

"အေးလေ . . . ဒါပေမယ့် မင်းအရိုက်ခံရတာ . . . ဟုတ်ကြိုင်တို့၊ အယ်ဒီတို့၊ အောင်ကြည်တို့က သိပ်သဘောကျနေကြတယ် "

" သူတို့က သဘောကျမှာပေါ့။ သူတို့က အမြဲအရိုက်ခံနေရတဲ့ ကောင်တွေဆိုတော့တို့ကိုဘယ်နာလိုမလဲ "

"အေးလေ၊ အဲဒါကြောင့် ငါပြောတာ၊ သူတို့သဘောကျအောင် မင်းက အရိုက်ခံရအောင် ဘာလို့လုပ်ရသလဲ"

ကျွန်တော်သည် အရိုက်ခံပြီးစ နာနေဆဲဖြစ်၍ စိတ်တိုနေသောကြောင့် ငြိမ်းမောင်ကို ဘုပြန်ပြောသည်။

"သူတို့သဘောကျကျ၊ မကျကျ၊ ငါဂရုမစိုက်ဘူး . . . မင်းသာ ငါ့လို အရိုက်မခံရပါစေနဲ့ " ငြိမ်းမောင် စိတ်ဆိုးသွားသည်။

"ငါက အကောင်းပြောတာပါ။ အေးပါ . . . ဂရုမစိုက်ချင်လည်းနေပေါ့။ တို့တော့ ဘယ်တော့မှ အရိုက်မခံရသေးဘူး"

ငြိမ်းမောင်က သူ့ကိုယ်သူ ယုံကြည်စွာပြောသည်။ သို့ရာတွင် သူရော ကျွန်တော်ပါ မကြာမီ အရိုက်ခံကြရသည်။ မိခိုင် နှောင့်၍ပင်တည်း။ ဤအကြောင်းကို ကျွန်တော်ရှင်းပြပါမည်။

မိုးမကုန်မီ တစ်နေ့သ၌ မိုးမိကာ အအေးဖမ်းကာ ကျွန်တော်ဖျားသည်။ ကျွန်တော် ဖျားသော်လည်း မိခိုင်တစ်ယောက်တည်း . . . သို့မဟုတ် သူမလိုက်ချင်သော မြိုင်တို့နှင့်အတူ ကျောင်းတက်ရမည်ကို စိုးသဖြင့် ဦးလေးကိုဖိုးခင်မှတစ်ဆင့် ငြိမ်းမောင်ကို မှာကာ ခိုင့်ကို အဖော်ပြုစေရသည်။

ငြိမ်းမောင်သည် နံနက်တိုင်း တာဝန်ကျေပွန်စွာ ခိုင့်ကို ဝင်ခေါ်ရှာသည်။ နှစ်ဦးလုံးသည် ကျောင်းသို့မသွားမီ ကျွန်တော်ထံသို့ ဝင်တွေ့မြဲဖြစ်သည်။ အဖျားကျ၍ သက်သာသော တစ်နံနက်တွင် ခိုင့်အကြောင်းသိသဖြင့် စိတ်မချသူ ကျွန်တော်က ငြိမ်းမောင်ကို မေးသည်။

"ခိုင်မင်းနဲ့ ကျောင်းကောင်းကောင်း လိုက်ကဲ့လား . . . "

ငြိမ်းမောင်သည် ရုတ်တရက်မဖြေဘဲ ခိုင့်ကို လှမ်းကြည့်သည်။ သူကြည့်ပုံမှာ ထိတ်လန့်တကြားနိုင်၍ စိုးရိမ်ဟန်လည်းပြသည်။ ခိုင်ကသာ မျက်မှောင်ကြုတ်ကာ အမိန့်ပေးဟန်ဖြင့် ငြိမ်းမောင်ကို လှမ်းဆိုသည်။

" ဖြေလိုက်လေ . . .။ ခိုင် ကောင်းကောင်းလိုက်သလား၊ မလိုက်လား ဆိုတာ "

ထိုအခါမှ ငြိမ်းမောင်သည် သံပတ်ပေးထားလိုက်သော စက်ရုပ်ကဲ့သို့ ပျာပျာသလဲ ဖြေရှာသည်။

" လိုက် . . . လိုက်ပါတယ်၊ ခိုင် ကောင်း . . . ကောင်းကောင်း လိုက်ပါတယ် "

ခိုင် ကောင်းကောင်းမလိုက်ကြောင်း ငြိမ်းမောင် ထစ်ထစ်ငေါ့ငေါ့ဖြေခြင်းအား ထောက်ကာ ကျွန်တော်ရိပ်မိသည်။ ခိုင်ကမူ ငြိမ်းမောင်ကို မကျေမနပ်ဟန် မသိမသာ မျက်စောင်းတစ်ချက် ထိုးလိုက်သေးသည်။ သူတို့အမူအယာကို ကြည့်၍ ကျွန်တော်က အခြေအနေမှန်ကို သိလိုက်ပြီးဖြစ်သည်။ သဘောကောင်း၊ စိတ်အေးချမ်းသမျှ ကြောက်တတ်သော ငြိမ်းမောင်ကို မိခိုင် ကောင်းကောင်းနိုင်နေပြီ ဆိုခြင်းပေတည်း။

ကျွန်တော် အဖျားသက်သာ၍ နားနေသောအချိန်များအတွင်း ခိုင်၏ ချစ်စရာ၊ စိတ်ဝင်စားစရာ အပြုအမူကလေးများကိုလည်း တွေ့ရသေးသည်။

ညနေတိုင်း ခိုင်သည် ကျွန်တော့်အိပ်ရာဘေး ရောက်ရောက်လာသည်။ ကိုယ်အေး မအေး သူ့လက်ဖဝါးနုနုလေးများဖြင့် ကျွန်တော့်နဖူးကို စမ်းကြည့်တတ်သည်။ လူကြီးတွေလုပ်သည်ကို ဘယ်အချိန်က အတုခိုးထားမှန်းမသိ။ ကျွန်တော့်လက်ဖျံထိပ်ရှိ သွေးကြောများကို လက်မလေးဖြင့် ထောက်လျက်စမ်းပြီးမှင်သေသေနှင့် " အဖျားသွေး မရှိတော့ဘူး "ဟုလည်း မှတ်ချက်ချတတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**


အထူးအာစီအာစဉ် Special Discount
ဒဏ္ဍာရီ
ဆံပင်ဖြောင့် + ပေါင်းတင် + မျက်နှာပေါင်းတင်
အထူးဆံပင်ဖြောင့်ဆိုင်
အထူးနှုန်း 15000 ks.
ဗညားဒလလမ်း၊ အောင်မင်္ဂလာမှတ်တိုင်နှင့်သီတာလမ်းမှတ်တိုင်ကြား၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။

**မိခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(A)မှ မောင်ဇွဲခန့်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်တိုးတိုး [၅/ ဝလန(နိုင်)၀၁၃၉၇၄] ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဇေယျာဝင်း[၁၂/တကန(နိုင်)၁၆၇၄၇၄]၏ ပတ်စ်ပို့(နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၉၈၉၃၀၉


သင် ---------------- ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ
ဆရာရှင်မင်း(B.A)
အကြားအမြင် မနောစွမ်းအား
မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ ရောက်ရှိလာပါပြီ
ဖြစ်လိုသောကိစ္စများကိုအစွမ်းထက် မနောစွမ်းအား ဂဠုရည်ပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ မနောစွမ်းအားဖြင့် အစက်အစမ်းများအောင်မြင်စေရမည်။ နှုန်း၃၀၀၀ိ/
တိုက်အမှတ်(၄၄)၊ မထပ်၊ မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်၊ ရန်ကုန်၊ 09-421164758, 09-425028226

**စန္ဒရားမျိုးနိုင်**
**သောကတောင်တန်း**
သိန်းတန်(မြန်မာပြည်)၏ သီချင်းများကို တီးခတ်ထားသည်
မန်းမြေမှာလေးနှစ်တာ
ရွှေမြိုင်မှာပဲနေတော့မယ်
မြစ်ဆုံကိုလွမ်းစိတ်မပြေ
မနောအလှပန်းမောင့်ချစ်သူ
နှင်းပွင့်သစ္စာ
သောကတောင်တန်း
တစ်ပါးသူမနမ်းစေချင်
မေတ္တာရိပ်မှတိတ်တိတ်ခိုးထွက်သူ
မေတ္တာရေလှိုင်းနဲ့အသည်းပြင်ရိုင်း
မိုးနဲ့မြေ
အမုန်းကမ္ဘာမကြေသူသို့
ရွှေရုပ်ကလေးကောက်ရသူ
စနေထောင့်ပန်းလှူမယ်
ထုတ်လုပ် / ဖြန့်ချိရေး - ပြည်တော်ဦး
အမှတ်(၁၂၉) ၊ အနောက်ဘက်တန်း ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး ၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၉၆၆ (၃၆၀) ၊ ၀၉ ၇၃၂၄၃၉၂၅ ၊ ၀၁၃၂၂၂၉၀၀



Star Light Star Bright

Weekday Preschool Program (Mon to Fri ; 2 - 6 years old)
(Wholechild approach with a balanced program)
Weekend English Classes 3 - 8 years old
On Every Saturday
Enrichment Classes 2 - 6 years old
Art & Craft
Baking
English Language & Phonics with Native Speaker
Summer Classes Opening Now !
Play day with parents
( 2 - 6 Years old )
Book early to avoid disappointment!
Address
1A-71, U Za Nar St.,
Mya Thida Housing Estate,
South Okkalapa,Yangon.
Tel: 09-254105127, 09-43084360

## ပြည်တွင်းရေးရာ

# ရွှေကျောင်းကျေးရွာမှ ရေစကြိုမြို့တက်လမ်း ကျောက်ချောလမ်းခင်း ရာသီမရွေးအဆင်ပြေစွာ သွားလာနိုင်တော့မည်

**ရေစကြို မတ် ၁၅**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရေစကြိုမြို့နှင့် ရွှေကျောင်းကျေးရွာကို ဆက်သွယ်သည့် ရွှေကျောင်းကျေးရွာမြို့တက်လမ်းကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူ၍ ကျောက်ချောလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအနက်တစ်ခုဖြစ်သည့် ယင်းလမ်းပိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၂၄၅ သိန်းဖြင့် တည်ဆောက်လျက်ရှိသည်။

"ယခုဆောင်ရွက်နေတဲ့လမ်းက ရွှေကျောင်းကျေးရွာနဲ့ ရေစကြိုမြို့ကို ဆက်သွယ်တဲ့ ရွှေကျောင်းကျေးရွာမြို့တက်လမ်းဖြစ်ပါတယ်။ ယခင်မြေသားလမ်းကို ကျောက်ချောလမ်းနေတာပါ။ အခု အောက်ခံကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်နေတာ လေးပုံတစ်ပုံသာသာ ပြီးစီးနေပါပြီ။ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ပြောသည်။

ယခင်က ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာပေါင်း ၂၀ ခန့်က ဒေသခံများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကူးတို့ဖြင့် ပေါက်တောရွာသို့ ကူးပြီး ပေါက်တော-ရွှေကျောင်းလမ်းမှ တစ်ဆင့် ရေစကြိုမြို့ကို လာကြရသောကြောင့် မိုးတွင်းကာလတွင် ရွှံ့တွေဗွက်တွေနှင့် လာရသကဲ့သို့ နွေ၌ ဖုန်ထူလေသည်။

ကျောက်ချောလမ်း ပြီးစီးပါက ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ခြင်းလုပ်ငန်း ၅၀ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် မတ် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဖိုဇောင်းတောင် အောင်မောဠီတောင်ညွန့်တွင် တည်ထားကိုးကွယ်မည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်ခြင်းလုပ်ငန်းကို ပုပ္ပသီရိမြို့နယ် အေစီအီး အလုပ်ရုံဝင်းအတွင်းတွင် MORE C.N.C Group ကတာဝန်ယူပြီး အချောထည်ထုဆစ်ပူဇော်ရာ မတ် ၁၄ ရက်တွင် ၅၀ ရာခိုင်နှုန်းပြီးမြောက်သွားပြီ ဖြစ်ကြောင်းသိရသည်။

အဆိုပါ ထုဆစ်ပူဇော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ လုပ်သား ၂၀ ကျော်ဖြင့် နေ့၊ ည နှစ်ဆိုင်းခွဲ၍ ၂၄ နာရီ ထုဆစ်ပူဇော်နေခြင်းဖြစ်ပြီး ထုဆစ်ပူဇော်ရန် ကျန်ရှိနေသော သက်န်းဒေါက်၊ ခြေတော်နှင့် ပလ္လင်တော်များကို ဆက်လက်ထုဆစ်ပူဇော်သွားမည်ဖြစ်ကြောင်း စက်ပိုင်းဆိုင်ရာတာဝန်ယူသူ ဦးနေမျိုးထွန်း၏ ပြောကြားချက်အရ သိရသည်။

ထုဆစ်ပူဇော်ခြင်းကာလတစ်လျှောက် နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူများသာမကဘဲ နေရာအနှံ့အပြားတွင်ရှိသော ရဟန်းရှင်နှင့်ပြည်သူများပါ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြောင်းလည်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၁၅**

ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လွိုင်ကော်ခရိုင်အင်ဂျင်နီယာမှူး ဦးသန်းဇော်နှင့်အဖွဲ့သည် မတ် ၁၃ ရက် နံနက်ပိုင်းက ဒီမော့ဆို-ဒေါသြေးခူလမ်းပေါ်ရှိ ဒေါဖုရွာအနီး၌ မိုးရေတိုက်စားမှုကြောင့် လမ်းများ ပြိုကျပျက်စီး၍ မြေထိန်းနံရံပြုလုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက်ဒေါသြေးခူ-ဘောလခဲကျောက်ချောလမ်း ဖောက်လုပ်နေမှုနှင့် တံတားများ တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါကျောက်ချောလမ်းသည် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၆၅ ဒသမ ၃၄၀ ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဒေါသြေးခူကျေးရွာသည် ဒီမော့ဆိုမြို့နယ်အတွင်း တည်ရှိပြီး ဒီမော့ဆိုမြို့နှင့် ၂၈မိုင်ကွာဝေးပြီး ဘော်လခဲမြို့နှင့် ၁၁ မိုင်ကွာဝေးသည်။ ယခင်က အရေးပေါ်လူနာများ သွား ရောက်ဆေးကုသရာတွင် လူနာများကို ဝါးပိုးဝါးဖြင့် ထမ်း၊ တောလမ်းအတိုင်းသွားပြီး တောင်ကမ်းပါးယံများကို ဖြတ်၍ ဘော်လခဲမြို့နယ်ဆေးရုံသို့ ခြေကျင်ခရီးဖြင့် သွားရောက်ဆေးကုသရကြောင်း ဒေါသြေးခူကျေးရွာနေ ဦးစိုးနိုင်က ပြောသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဘော်လခဲမြို့နယ်ရှိ ရေနီပေါက်တံတား တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါရေနီပေါက်တံတားသည် လွိုင်ကော်-မော်ချီး-တောင်ငူလမ်းပေါ်တွင် တည်ရှိပြီး၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း၁၃၆ ဒသမ ၄၉ ဖြင့် နိုင်မင်း ကုမ္ပဏီက တာဝန်ယူတည်ဆောက်သောတံတားအမှတ် (၁/၁၄၁) ပေ ၆၀ သံကူကွန်ကရစ်တံတား၊ လွိုင်ကော်-ဖရူဆိုလမ်းပိုင်း အကျယ်၁၂ ပေမှ၁၈ပေသို့ အဆင့်မြင့်တိုးချဲ့ဖောက်လုပ်နေမှု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်သည့် ဒီမော့ဆိုမြို့ရှိ ငွေတောင်ဆည်ဘောင်ရှောင်ကွင်းလမ်း၊ အရှည် ၁၂၀ပေ၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားနှင့် ငွေတောင်ဆည်တာဘောင်ရှောင်ကွင်းလမ်း ပေ၅၆၀၀အား ကတ္တရာလမ်း ဆောင်ရွက်နေမှုအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်ပြန်/ဆက်**




လန်းဆန်းပျော်ရွှင် စိတ်သစ်လွင် ဝန်ဆောင်မှုပြည့်ဝ "ပံသုခ"

PAN THU KHA Travels & Tours Co., Ltd.

ပြောက်ဦးခရီးစဉ်နှင့် အတာသကြံန် အထူးပလိကမ်းဂြေခရီးစဉ်

Hot Line: 09 250200212, 09 5095586

သင်္ကြန်ပန်းခိုင် တစ်မြိုင်မြိုင် ရခိုင်ပြည်ဘုရားဖူး ခရီးစဉ် March (26)/ April (12)

3Star Hotel & All Included

ရခိုင်ပြည်၏ ရှေးဟောင်း အမွေအနှစ်များ ထွန်းကားခဲ့ရာ နေရာများနှင့် မျက်နှာတွင် ပါးရဲထိုးထားသော ချင်းအမျိုးသမီးကြီးများ ရှိရာ ချင်းရွာသို့ သွားရောက်လည်ပတ်မည့် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဘုရားဖူး နှင့် လေ့လာရေး ခရီးစဉ်။

ပလိကမ်းဂြေနှင့် သံတွဲ ဘုရားဖူးခရီးစဉ် April (12 & 14)

Hotel at the Rock တွင်တည်းခိုပြီး Hotel တွင်ပင်လယ်စာနှင့် ရိုးရာအစားအစာများဖြင့် ညဉ့်ခံကျွေးမွေးမည့် ကမ်းခြေမီးပုံပွဲ နှင့် နှစ်သစ်ကူး ပျော်ရွှင်ဖွယ်ရာခရီးစဉ်။

Find us on: facebook. Pan Thu Kha Myanmar

ပန်းတိုင်မြေ Travels & Tours

ခရီးစဉ်အားလုံးကို April 12 နေ့တွင် စတင်ထွက်ခွာပါမည်။

Compurter, Hand Set, Camera, Tablet

- တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (5 D/4 N)
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး (6 D /5 N )
- ပုဂံ-ပုပ္ပါး-ပခုက္ကူ (5 D/4 N )
- ပုဂံ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် (6 D /5 N )
- မုံရွာ-စစ်ကိုင်း-မန္တလေး-ပြင်ဦးလွင် (5 D /4 N )
- မန္တလေး-ပြင်ဦးလွင်-တောင်ကြီး-အင်းလေး (7 D /6 N)

Ph : 01-525856, 01-523077, 09-73129785, 09-420023148, 09-5089235

အတ်တိုလို အဆင့်မြင့် ခရီးသွားကုမ္ပဏီ

စစ်တွေ-မြောက်ဦး-ငပလီ — မတ်လ ၂၆ ၊ ဧပြီလ ၁၂ရက်

ထားဝယ်-မောင်းမကန်-ကန်ချနာဘူရီ — ဧပြီလ ၁၂ရက်

01-389187, 09-32109138, 09-795418474

ရွှေစည်းစိမ် မှ အင်းတော်ကြီးရွှေမဉ္ဇူဘုရားသို့

- ရွှေစက်တော် နှင့် အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း ✧ တောင်ကြီး (သီးသန့်)
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ မွေတော်ကက္ကူ
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ ✧ အလောင်းတော်ကဿပ (သီးသန့်)
- ထားဝယ်ရွှင်ကိုးရွှင်၊ မောင်းမကန်ကမ်းခြေ

01-248970, 09-73051455, 09-250641705


### ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်-၁၀အိုင် ၃၊ မြေကွက်အမှတ်(၁၃)၊ (၀. ၀၈၀)ဧကရှိ ဌာနပိုင်မြေပေါ်တွင် (၅၅×၁၄. ၅) ပေ×အမြင့်(၆၂)ပေ လေးခန်းတွဲခြောက်ထပ် RC ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက်၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်-၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးတွင် ၁၆-၃-၂၀၁၅ရက်(တနင်္လာနေ့)မှ ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) အထိရုံးချိန်အတွင်းထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

### ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၄၅၆/ဘီ)၊ မြေ(၀. ၀၈၃)ဧကရှိ ဌာနပိုင်မြေပေါ်တွင် (၅၄×၁၄. ၅)ပေ×အမြင့်(၆၂)ပေ လေးခန်းတွဲခြောက်ထပ် RC ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက်၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်-၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးတွင် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)မှ ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) အထိရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့


## Recruitment

## Walk In Interview

1. **Marketing Executive (24)**
2. **Business Advisor(18)**

**Requirement:**

- Degree/Diploma (all fields)
- Experience not necessary, training provided
- Good communication skills
- Able speak English is an advantage
- Good salary(bonus+Incentives)
- Age 23 to 35 years.

**Royal Futures Trading**

The Penthouse 12th Floor, MMB Tower, No.166 Upper Pansonden Road

Mingalar Taungnyunt Township, Yangon.

Office: (+95-1) 383191, 383192, 383193, 383195

## အလှဆင်အင်ကြင်းကျောက် ဈေးကောင်းရနေ

**နွားထိုးကြီး မတ် ၁၅**

အင်ကြင်းကျောက် အထွက်နှုန်းနည်းလာသော်လည်း အလှဆင်အင်ကြင်းကျောက် အရောင်းအဝယ်နှင့် အင်ကြင်းကျောက် အချောကိုင်လုပ်ငန်းမှာ အားကောင်းနေကြောင်း၊ အင်ကြင်းကမ္ဘာ့အလှဆင် ကျောက် အရောင်းဆိုင်မှ ဦးသန်းလွင်ကပြောသည်။

နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက် ကုမ္ပဏီ ၂၀ ကျော်ရှိပြီး အင်ကြင်းကျောက် အချောကိုင်လုပ်ငန်းကြောင့် ဒေသခံများပါ အလုပ်အကိုင်အဆင်ပြေနေသည်။ တရုတ်ဈေးကွက်ထက် ထိုင်း၊ ဥရောပ၊ ဟောင်ကောင်၊ မကာအိုဈေးကွက်တွင်ပါ အင်ကြင်းကျောက် အကြောင်း အင်တာနက်မှ အသိပေး၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်တွင် ချောင်းငါးချောင်းမှ ထွက်ရှိသောအင်ကြင်းကျောက်မှာမိုးကုတ်ကျောက်ထက် ဈေးကောင်းရနေကြောင်း သိရသည်။ **ခင်စာမွန်မြင့်(ဥပဒေ)**

## ယခုနှစ် မုံရွာ အလုံဘိုးတော်ကြီးရိုးရာပွဲသို့ လာရောက်သူများပြား

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလုံဘိုးတော်ကြီး ရိုးရာပူဇော်ပွဲအား မတ် ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယခင်နှစ်များနှင့်မတူ ယခုနှစ်တွင် ပွဲတော်သို့ လာရောက်သူ များပြားကြောင်းသိရသည်။

ပွဲတော်ကျင်းပမှုနှင့်ပတ်သက်ပြီး "မုံရွာမြို့နယ်တစ်ဝိုက်မှာကျင်းပတဲ့ ရိုးရာပူဇော်ပွဲတွေထဲတော့ အစည်ကားဆုံးပွဲတစ်ခုလို့တော့ ပြောရမယ်။ အခုနှစ်ကပွဲတော်ကို လာရောက်ကြတဲ့ပရိသတ်က ပိုပြီးများတယ်။ သုံးနှစ်တစ်ကြိမ်ကတော့ စည်ကားမြဲပဲ။ ဒီပွဲမှာ ထူးခြားတာလေးတွေက အလုံဘိုးတော်ကြီးပွဲ လှည်းဝင်တဲ့ မတ် ၁၃ ရက် (တပေါင်းလပြည့်ကျော် ၉ ရက်) မှာ ရပ်ဝေးကလာတဲ့ ဧည့်သည်တွေ အများဆုံးပဲ။ အဲဒီနေ့မှာပဲ လက်ဖက်ထုပ်ပေါက်တဲ့သူတွေ၊ လက်ဖက်ထုပ်ကောက်တဲ့သူတွေ၊ ပန်းစည်းပေါက်တဲ့သူတွေ၊ ပန်းစည်းကောက်တဲ့သူတွေ ရိုးရာအရ လုပ်ကြရတယ်။ မတ် ၁၅ ရက် (တပေါင်းလပြည့်ကျော် ၁၁ ရက်မှာကျတော့ အလုံနဲ့ အနီးဝန်းကျင်က ဧည့်သည်တွေ လာကြတယ်။ အဲဒီနေ့မှာကျတော့ ခြေကျင်လျှောက်ပြီး လာကြတဲ့သူတွေ၊ လှည့်ဦးချပြီးလာကြရတဲ့သူတွေ နောက်တစ်ခုက ပွဲတော်ကျင်းပစဉ်ကာလအတွင်းမှာ အိပ်ဖန်စောင့်လာကြရတဲ့ သူတွေလည်းရှိတယ်။ သူတို့က ဘိုးတော်ကြီး နတ်နန်းကို ညစောင့်ပြီးအိပ်ရတဲ့ သူတွေလည်း ရှိတယ်။ အဲဒါတွေကတော့ ရိုးရာအရလုပ်ရတဲ့ ထူးခြားမှုလေးတွေပါပဲ။

ဒီပွဲတော်ကာလ အတွင်းမှာ မြန်မာပြည် အရပ်ရပ်က အလည်လာကြတဲ့သူတွေ၊ လေ့လာလိုသူတွေ၊ ရိုးရာအရလာကြရတဲ့သူတွေ၊ ပွဲတော်လာခြင်းနဲ့ အတူ ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေ ပြန်ဆုံကြတဲ့ပွဲလည်း



ဖြစ်တာကြောင့် အမြဲစည်ကားနေပါတယ်"ဟု ပွဲတော်ကျင်းပရေး ကော်မတီမှ တာဝန်ရှိသူက ပြောသည်။

အလုံဘိုးတော်ကြီး ရိုးရာပူဇော်ပွဲအား မတ်လ ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိပြီး မတ် ၁၇ ရက်တွင် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းလောင်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မန္တလေး မတ် ၁၅**

မူးယစ်တပ်ဖွဲ့စု (၁၇)မှ ဒုရဲမှူးလှလွင် ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ မတ် ၁၁ ရက် ညနေ ၄ နာရီ ၄၅မိနစ်ခန့်က ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ရပ်ကွက်၊ ကျွဲဆည်ကန်လမ်း၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် ဆိုင်တွင်းသို့ ဝင်ရောက်ထိုင်နေသည့် ရာဟာမက်အလီ (ခ) ပန်ဘုနှင့် တင်ဌေး(ခ)အလီ တို့နှစ်ဦးအား ရှာဖွေရာ ဟာမက်အလီ (ခ)ပန်ဘုဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းမှ အနက်ရောင် ပလတ်စတစ် အိတ်အတွင်း အပြာရောင်တိပ်ဖြင့် ပတ်လျက် ငွေရောင်ခဲစက္ကူဖြင့် ထပ်မံထုပ်ပိုးထားသည့် ကမ္ဘာလုံးတံဆိပ်ပါအပြာရောင်ကပ်ခွာအိတ်အတွင်းထည့်လျက် ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ လေးထုပ်၊ အပြား ၈၀ပါ တစ်ထုပ် စုစုပေါင်း ငါးထုပ် စုစုပေါင်း ဆေးပြား ၈၈၀ ပြား၊ အလေးချိန် ၈၈ ဂရမ် ကို ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။

ရာဟာမက်အလီ(ခ)ပန်ဘု အား စစ်မေးရာ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား လွန်ခဲ့သည့် ၁၅ ရက်ခန့်က ကွတ်ခိုင်မြို့သို့ ရောက်ရှိစဉ် နွားခြံတွင် အလုပ်လုပ်ကိုင်ရင်းခင်မင်ခဲ့သည့် လအိုင်ဆိုသူထံက စိတ်ကြွရူးသွပ်ဆေးပြား ငါးထုပ်အား တစ်ထုပ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ပြီး လက်ပံကျေးရွာရှိ အိမ်သို့ရောက်သည့်အခါ ဆေးပြားထုပ်အား ပုဆိုးဟောင်းဖြင့်ပတ်ကာ ခြံထဲရှိ ဆိတ်ခြံတွင် ဝှက်ထားခဲ့ကြောင်း၊ ယင်းဆေးပြားများအနက် သုံးစွဲရာမှကျန်ရှိသည့် ဆေးပြားများအားရောင်းချရန် တစ်ရွာတည်းနေ တင်ဌေး (ခ) အလီအား ခေါ်ဆောင်ပြီး ကျောက်ဆည်မှ မန္တလေးသို့ နှစ်ဦးအတူ ထွက်ခွာခဲ့ကြောင်း၊ ဆေးပြားများရောင်းချပြီးပါက တင်ဌေး (ခ)အလီအား ငွေ ၁၀၀၀၀ ကျပ်ပေးမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူနှင့်ရောင်းချပေးသူ များအားပြည်ကြီးတံခွန် မြို့မရဲစခန်းက မယ(ပ)၇/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က) /၂၁ အရအမှုဖွင့်ထားသည်။ **မောင်ပြည်သူ(မန္တလေး)**


## ပမ္မတီးရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မြစ်ကြီးနား မတ် ၁၅**

မိုးပွင့်(အထူး)စီမံချက်အရ မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနောင်နှင့် ဝန်ထမ်းများ ပမ္မတီးရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲတွင် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားများပြောကြားခဲ့သည်။ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူ များက ရပ်ကွက်နေနိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၅၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**




| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ၊ မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်၊ မမှန်စစ်ဆေးခြင်း (Hip & Club Foot) | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာ စစ်ဆေးခြင်း (PSA) | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားခါတ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်း (Hep B Screening) HBsAg & HbsAb | 9,900 ks |

လာရောက်စစ်ဆေးသူတိုင်းအား အရိုးပွမှုတိုင်းတာခြင်းကိုအခမဲ့ ပြုလုပ်ပေးမည်ဖြစ်ပါသည်...

အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းနှင့် မျက်မှောက်... စာမျက်နှာ ၂၂မှ

သင်တန်းများပေးခြင်း၊ လက်ကမ်း စာစောင်၊ စာအုပ်များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ပေးရန်၊ အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းများကိုသာ သုံးစွဲရန်နှင့် ဘက်ထရီအသုံးပြုရာတွင် ကနဦးကုန်ကျစရိတ် ကာမိစေရန်သာမက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအား အကာအကွယ်ဖြစ်စေမည့် ပြန်လည်အသုံးပြုနိုင်သော (Battery Recycling) စနစ်ကို အစပျိုး အကောင်ထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်ပြီးနယ်မြေများတွင် ထပ်မံဆောင်ရွက်မိခြင်းမျိုး မဖြစ်ရလေအောင် စနစ်တကျကွင်းဆင်း ဆောင်ရွက်သွားရန် စသည့်အချက်များကို ထည့်သွင်းဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း တွေ့ရှိရသည်။

လက်ရှိတွင် ကျေးလက်နေပြည်သူများ အနေဖြင့် မီးလင်းရေးစနစ်အလိုက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ နည်းပညာပိုင်း သာမက အသိပညာပိုင်း၌ပါသိရှိမှု အားနည်းနေသေးသည်ဖြစ်ရာ ပြည်သူအများစု သိရှိနားလည်စေရေး (Public Awareness)အတွက် အသိပညာပေး အစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရည်အသွေးပြည့်ဝ စွမ်းဆောင်ရည်မြင့်မားကြမှသာ အချိန်တိုအတွင်း ထိရောက်မှု မြန်ဆန်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဖြစ်သောကြောင့် ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စီမံခန့်ခွဲမည့် ဝန်ထမ်းများ အားလုံးအတွက် လိုအပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) သင်တန်းများ အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ ယင်းလုပ်ငန်းစဉ်များ အားလုံးကို ပင်မဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများပါမကျန် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ လိုရာခရီး လျင်မြန်စွာ ပေါက်ရောက်လိမ့်မည် ဖြစ်ပါသည်။

# မုံရွာတွင် စံပယ်အိမ်ရာစီမံကိန်း စတင်မိတ်ဆက်ရောင်းချ

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် တည်ဆောက်လျက်ရှိသော စံပယ်အိမ်ရာ စီမံကိန်းနှင့် ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲနှင့် စတင်မိတ်ဆက်ရောင်းချပွဲကို မုံရွာမြို့ မြို့တော်ခန်းမတွင် မတ် ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

စာနယ်ဇင်းရှင်းလင်းပွဲနှင့် စတင်မိတ်ဆက်ရောင်းချပွဲကျင်းပရခြင်းနှင့် ပတ်သက်ပြီး ' ၁၂ ခန်းတွဲ ငါးထပ်ပါအဆောက်အအုံ ရှစ်လုံးကို စတင်ဆောက်လုပ်ဖို့အတွက် ဖောင်ဒေးရှင်းတူးခြင်းလုပ်ငန်းတွေ ပြီးစီးသွားပြီ၊ ဒီအဆောက်အအုံရှစ်လုံး ပြီးစီးရင် ခုနစ်လုံးကို ရောင်းချသွားမှာပါ၊ ၁၂ ခန်းတွဲ ငါးထပ်၊ အခန်း ၆၀ ပါ တိုက်တစ်လုံးကိုတော့ ဝယ်ယူဖို့ ငွေကြေးအခက်အခဲရှိတဲ့သူတွေကို အငှားစနစ်နဲ့ နေထိုင်နိုင်အောင်လို့ စီစဉ်ထားပါတယ်၊ ရောင်းချတဲ့နေရာမှာလည်း လက်ငင်းငွေချေတဲ့စနစ်၊ အရစ်ကျငွေချေတဲ့စနစ် နှစ်မျိုးနဲ့ရောင်းချသွားမှာပါ၊ အရစ်ကျငွေချေတဲ့စနစ်မှာ ဝယ်ယူသူအနေနဲ့ ဝယ်ယူခြင်းစတင်တာနဲ့ တန်ဖိုးရဲ့ ၄၀ ရာခိုင်နှုန်းကိုငွေပေးချေရမှာပါ။ နောက်ခြောက်လစီခြားပြီး တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းကို တစ်နှစ်ခွဲအတွင်း သုံးရစ်ငွေသွင်းစနစ်နဲ့ ရောင်းချသွားမှာပါ။

ဒီတိုက်ခန်းတွေကို လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံတော်အတွက် အသက်ပေးဆောင်ရွက်ကြတဲ့ တပ်မတော်သားတွေ့ရဲ့မိသားစုဝင်တွေ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ကြတဲ့ တပ်မတော်သားတွေ၊ အမှန်တကယ်နေထိုင်ဖို့လိုအပ်တဲ့ပြည်သူတွေကို ရောင်းချပေးသွားမှာပါ။ အဲဒီလို ရောင်းချတဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ အဆောက်အအုံအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းနဲ့ ဆောက်လုပ်ရေးကုမ္ပဏီက ၃၀ ရာခိုင်နှုန်းကို ရောင်းချပေးသွားမှာပါ၊ နောက်တစ်ခုက ဒီစီမံကိန်းဆောက်တဲ့ မြေတွေပါသွားတဲ့ ပြည်သူတွေ၊ အမှန်တကယ်နေစရာမရှိတဲ့အတွက် တိုက်ခန်းတွေမှာ အငှားစနစ်နဲ့ နေထိုင်ကြတဲ့ဒီဒေသကသူတွေက အပြီးဝယ်ယူချင်တယ်ဆိုရင်လည်း သူတို့ဝယ်ယူဖို့ အခက်အခဲမရှိစေရေးအတွက် နှစ်ရှည်ငွေသွင်းတဲ့စနစ်နဲ့ ရောင်းချနိုင်ဖို့အတွက် ဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

အဆောက်အအုံတွေရဲ့ ခံနိုင်ရည် စံနှုန်းတွေနဲ့ ပတ်သက်ပြီး ဒီစီမံကိန်းက လက်ပံတောင်းတောင်နဲ့ ကြေးစင်တောင် စီမံကိန်းနှစ်ခုကြားမှာ ရှိတဲ့အတွက် ၅ ဒသမ ၅ အဆင့်ရှိ တုန်ခါအား ဒဏ်ခံနိုင်တဲ့ Steel Structure စနစ်တွေ ထည့်သွင်းဆောက်လုပ်ထားပါတယ်။ ဝယ်ယူသူတွေ တစ်ဆင့်ပြန်ရောင်းချတဲ့အခါမှာလည်း အမည်ပေါက်ပေးတဲ့စနစ်ကိုလည်း အဆင်ပြေအောင် ထည့်သွင်းပေးထားပါတယ်”ဟု စံပယ်အိမ်ရာစီမံကိန်းလုပ်ငန်းဖော်ဆောင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးထက်နိုင်ဝင်းက ပြောသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို စံပယ်အိမ်ရာစီမံကိန်း လုပ်ငန်းဖော်ဆောင်ရေး ဦးဆောင်ကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်း လင်းဖြေကြားခဲ့သည်။

စံပယ်အိမ်ရာစီမံကိန်းအား ဆားလင်းကြီးမြို့နယ် ကံကုန်းတိုက်နယ်ဆေးရုံ အနီးရှိ ပုသိမ်-မုံရွာကားလမ်းမဘေးတွင် ဆောက်လုပ်လျက်ရှိရာ အခန်းတစ်ခန်းလျှင် အကျယ်အဝန်း ၂၂ × ၂၄ ပေရှိပြီး အပေါ်ဆုံးထပ်အား ငွေကျပ်သိန်း ၁၂၀ ဖြင့်လည်းကောင်း၊ လေးထပ်မြောက်အား တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၄၀ ဖြင့်လည်းကောင်း၊ တတိယထပ်အခန်းများအား တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၆၀ ဖြင့်လည်းကောင်း၊ ဒုတိယထပ်ရှိ အခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၁၈၀ ဖြင့်လည်းကောင်း၊ မြေညီထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း ၂၀၀ ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် လူနေအိမ်ခန်းများ အပါ အဝင်ရှောပင်းမော၊ ဈေးဆိုင်ခန်းများ၊ ကျောင်း၊ ကျန်းမာရေးစင်တာ၊ ကားရပ်နားစခန်းနှင့် ကွန်ကရစ်လမ်း ပန်းခြံများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ချောင်းဦး မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယှန်ကျေးရွာ၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ငါးယှန်ကျေးရွာ ဘုရားကြီးကျောင်းတိုက် မိဘဂုဏ်ရည်ဓမ္မဗိမာန်ဆောင်၌ မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးစီမံချက်ဆောင်ရွက်ရသည့် အခြေအနေအား ကျေးရွာသူ၊ ကျေးရွာသားများ သိသင့်သိထိုက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းထံသို့လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းခိုင်က ငါးယှန်ကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်စိန်ထံသို့ လည်းကောင်း၊ တိုက်နယ်မှူး လက်ထောက် လ.ဝ. ကမှူး ဦးကျော်မြင့်က ရပ်မိရပ်ဖ ဦးထွန်းထံသို့လည်းကောင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား ကျေးရွာသူ၊ ကျေးရွာသား ၁၁၁ ဦးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ငါးယှန်ကျေးရွာမှ အသက် (၉၃)နှစ် ရှိ အဘွား ဒေါ်မြကြည်အား စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်နှင့် ချောင်းဦးမြို့နယ် လ.ဝ. က ဦးစီးဌာနရုံးဝန်ထမ်းများက အိမ်တိုင်ရာရောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်(ချောင်းဦး)**







**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွက် လိုအပ်သော ၁၁/၀.၄ကေဗွီ၊ ၃၃/ ၀.၄ကေဗွီနှင့် ၃၃/၁၁ကေဗွီ ထရန်စဖော်မာများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | -၁၆-၃-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက် | -၂၃-၃-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်အချိန် | -၁၂:၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

**အမြန်ရောင်းမည်**

ပဲခူးမြို့ မြို့လယ်ခေါင်၊ ရွှေမော်ဓောဘုရားအနီး၊
နေရာကောင်း(ဘိုးဘွားပိုင်မြေ)၊
ပေ ၂၆ × ၁၉၈ အုတ်တံတိုင်းခတ်ပြီး
အုတ်ခံ၊ ပျဉ်ထောင်နှစ်ထပ် အိမ်၊ ရေ၊ မီး၊ ဖုန်းပါ
ဆက်သွယ်ရန် ဖုန်း - ၀၉ ၂၆၀ ၂၀၁ ၂၀၆

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက်

## ရွှေတောင်တန်းလမ်းဘဏ်ခွဲ

အမှတ်(၄၉၀)၊ ကမ်းနားလမ်းနှင့်ရွှေတောင်တန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၃၀၃၁၆၃/၆၄၊ ဖက်စ်(၀၁) ၂၃၀၃၁၆၀/၆၁

## ဟိုပုံးမြို့ဘဏ်ခွဲ

အမှတ်(၁၅၇)၊ ဗိုလ်ချုပ်လမ်း၊ အနောက်ရပ်ကွက်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
ဖုန်း(၀၈၁)၄၆၅၆၅/၆၆/၆၇/၆၈၊ ဖက်စ်(၀၈၁)၄၆၅၆၉/၇၀

## ဂန့်ဂေါမြို့ဘဏ်ခွဲ

အမှတ်(၁၃)၊ ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရပ်၊ ဂန့်ဂေါမြို့၊ မကွေးတိုင်းဒေသကြီး။
ဖုန်း(၀၆၂)၅၀၇၂၉/၃၀/၃၁၊ ဖက်စ်(၀၆၂)၅၀၇၃၂/၃၃

## မြစ်သားမြို့ဘဏ်ခွဲ

အမှတ်(၄/က–ခ)၊ ဗိုလ်ချုပ်လမ်း၊ ရှမ်းပွဲရပ်၊ မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၆၆)၆၀၀၆၅၊ ၆၀၃၉၃၊ ဖက်စ်(၀၆၆)၆၀၁၂၁၊ ၆၀၁၃၁

## တွံတေးမြို့ဘဏ်ခွဲ

အမှတ်(၁)၊ ဗိုလ်ချုပ်လမ်း၊ ဈေးသစ်ရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း(၀၄၅)၅၀၉၅၁/၅၂/၅၃၊ ဖက်စ်(၀၄၅)၅၀၉၅၉/၆၀

**တို့ကို (၁၆.၃.၂၀၁၅) တနင်္လာနေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## ကြော်ငြာ

MH မဟာခရီး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

- သင်္ကြန်-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ အထူးခရီးစဉ်များ Apr -11, 12 ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ပန်ကောက်မြဲဘုရား-ပတ္တရား-ချင်းမိုင် (၇) ရက်ခရီး
ပန်ကောက်-ကမ္ဘောဒီးယားအန်ကောဝပ် (၇) ရက်ခရီး
ပန်ကောက်-သီရိလင်္ကာ-မြတ်စွယ်တော်ဖူး (၇) ရက်ခရီး

အပတ်စဉ်ပုံမှန် (၃) ရက်ခရီး
ပန်ကောက် - မြဲဘုရား - အယုဒ္ဓယဈေးဝယ် Mar 27
ကမ္ဘောဒီးယား - အန်ကောဝပ် Fri သွား Sun ပြန် May 01

ပန်ကောက် မြဲဘုရား၊ ရွှေဘုရား၊ အယုဒ္ဓယ၊ ပတ္တရား၊ ချင်းမိုင်၊ ချင်းရိုင်၊ မယ်ဆိုင်၊ ရွှေတြိဂံ ဘုရားဖူးဈေးဝယ် သီရိလင်္ကာ ကန္ဒီဗုဒ္ဓမြတ်စွယ်တော် ၊ အနုရာဓပူရမှုလဟောမိပင် ၊ ကိုလံဘို၊ ကလျာဏီသိမ်၊ ဂင်္ဂါရာမ၊ မဟိယင်္ဂဏ ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ့၊ မဟာစေတီ၊ ထူပါရာမ၊ ကာလုတ္တရ၊ ဒမ္ဗုလလိုဏ်ဂူ May 01

ရန်ကုန် -(၃၈)၊ ၉လမ်း/ ၁၁၅၊မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၂၂၇၃၂၂ ကဆုန်ညောင်ရေသွန်းပွဲတော်
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း - ၀၉ ၉၁၀၀၉၅၃၆၊ ၀၂ ၃၄၆၇၄ စာရင်းပေးသွင်းနိုင်ပါသည်။
မော်လမြိုင် - အမှတ် (၄၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း-၀၉ ၈၇၀၁၆၈၀၊ ၀၉ ၄၉၈၀၀၂၈၆၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀

POPULAR STAR Travel & Services

Find us on Facebook

လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်ဆမ်း - ရွှေတော်ကဏ္ဍ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်

မန္တလေး - မင်းကွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်

Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဒဂုံနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်
ထားဝယ် ရှင်ကိုးရှင် နှင့် ထီးချိုး (တန်ချနာဂူရီ/ဖြူ ဘုရား)
၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၄ - ၂၀၁၅ ထိ
သုခဝိန်စာပေ ၀၁ ၂၅၁၀၉၉ / ၀၉ ၅၁ ၅၅၆၄၄ / ၀၉ ၁၀၁၀၈၄၁၃၅

ရွှေပင့်ကူ
မန်းရွှေစက်တော်(စားသောက်ပြီး) ၄၃၀၀၀/- (ညအိပ်ရက်)
မှော်လေးပုံပျှစ်ကိုင်းအလောင်းတော်ကဿပ(စားသောက်ပြီး)
တဆင့်သွားကားအပြီး ၄၅၀၀၀/- ကားစီးလုံးငှားစီစဉ်ပေးသည်။
March ပြန်ရက်ထွက်မည်။(သင်္ကြန်ခရီးစဉ်များကိုကြိုတင်လက်မှတ်ရောင်းမည်)
၀၉-၇၃၁၃၀၁၃၄၆၊ ၀၉-၄၂၈၇၂၀၀၄၇၊ ၀၉-၂၅၄၀၅၉၃၇၇

ဇမ္ဗူကြော် အိမ်အရောက်လက်မှတ်ပို့
ရွှေစက်တော် Mar(20)
ရွှေစက်တော်၊ပုဂံ Mar(20)
တောင်ကြီး၊လှိုင်ကော် Mar(26)
သင်္ကြန်ခရီးစဉ်များကိုကြိုတင်လက်မှတ်ရောင်း 09-73177727
095194608-09252899887-09250137066

သင်္ကြန်သုခ သင်္ကြန်ခရီးစဉ်များ
တိုက်(၂)၊ အခန်း ၂၀၆ မြို့တော်ခန်းမ ဗဟိုမြို့ ပရပ်ကျွန်း
✓ မြဝတီ၊ မဲဆောက်၊ ဘားအံ APR 13
✓ မူဆယ်၊ ရွှေလီ၊ မန်စီ-ဝမ်တိန် APR 12 09-423 743 233
✓ ထားဝယ်-မှင်တိုးရှင်၊ ဘန်ကောက်၊ ကန်ဘူရီ APR 13 09-421 014 940
✓ တောင်ကြီး၊ အင်းလေး APR 13 01-653575 (Ext:211)

Digi Smart Mobile Phone ပြုပြင်နည်းသင်တန်း

Apple IOS & Android OS Software Course Hardware Course

- Firmware Upgrade & Downgrade
- Backup Restore, Network Unlock & User Unlock
- Root, Jailbreak, CydiaSource, Myanmar Font, Bootloader Unlock, S on/off
- Flashing CustomRom, Official Rom
- Using Multi Software Tools
- iPhone, Samsung, HTC, Sony, China Phone Tablet and Other Brand.....
- Basic Electronic and Phone Hardware Studay
- EMMC, Resistor, Capacitor, Dioid, Memory IC, CPU, PowerDead, Circuit Board Troubleshooting, Soldering and Desoldering

- မိုဘိုင်းဖုန်းနည်းပညာဖြင့် အသက်မွေးလိုသူများအတွက် အထူးသင်ကြားပေးပါမည်။ ဖုန်းဆိုင်ဖွင့်လိုသူများအတွက်လည်း Handsetနှင့်Accessories များကို ဆိုင်ဖွင့်နိုင်သည်အထိ ပံ့ပိုးဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်အတွေ့အကြုံရှိသော ဆရာများ ကိုယ်တိုင် သင်ကြားပေးပါမည်။ စာတွေ့လက်တွေ့ လုပ်ငန်းခွင်ဖြင့် တွဲဖက်သင်ကြားပေးမည်ဖြစ်၍ တတ်မြောက်မှုအတွက် တာဝန်ယူပါသည်။ ဘဝအာမခံချက်ရှိသောသင်တန်း ဖြစ်ပါသည်။ နယ်မှသင်တန်းသားများအတွက် ရေ၊ မီးပြည့်စုံပြီး သန့်ရှင်းသပ်ရပ်သော အဆောင်(အခမဲ့) စီစဉ်ပေးပါမည်။

အပတ်စဉ်တန်းခွဲသစ်များရှိသည်။(သင်တန်းချိန်ညှိနှိုင်းပေးပါမည်။)
17-3-2015အတွင်း 30% Discount၊ 24-3-2015 အတွင်း 25%Discount၊
31-3-2015 အတွင်း 20% Discount များအဖြစ် သင်တန်းကြေးများ လျှော့ချပေးမည်ဖြစ်ပါသည်။
အမှတ်-၄၊ အေ-၄၊ အခန်း-၂၊ မြေညီထပ်၊ ပါရမီလမ်း(ချော်တွင်းကုန်းမီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၆၆၆၆၀၀၊ ၀၉-၄၂၀၂၁၈၉၉၉

စာမေးပွဲပြီးလျှင်...ကလေးတွေကိုစိတ်နေသဘောထားတွေ
ရင့်ကျက်မှန်ကန်လာအောင် ဤစာအုပ်များဝယ်ပေးပါ...
အောင်စိတ်မွေးမွှားအားပေးစကား
(တစ်မိနစ်ဖတ်စာ) (အုပ်ရေ ၁၄၀၀၀ ရောင်းပြီး)
ဘဝကိုပြောင်းလဲစေမည့်စိတ်နေသဘောထား
(All about Attitude) (အုပ်ရေ ၁၀၀၀၀ ရောင်းပြီး)
အင်္ဂလိပ်စကားပြောတတ်အောင် ဤစာအုပ်များဝယ်ပေးပါ
နေ့စဉ်သုံးအင်္ဂလိပ်စကားပြော
(Everyday Survival English) (အုပ်ရေ ၁၀၀၀၀ ရောင်းပြီး)
လွယ်ကူလေ့လာအင်္ဂလိပ်စာ
(English Fast & Easy) (အုပ်ရေ ၁၀၀၀၀ ရောင်းပြီး)
အခန်း(၁၂-၀၁) အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း၀၁-၂၅၆၆၀၂၊ ၀၉ ၃၀၂၂၀၈၀၂



GOLDEN GATE
INT'L DEVELOPMENT CO.,LTD.

Golden Gate Int'l Development Co., Ltd.မှ
အမှတ်(၃၂)၊ အုတ်ကျင်းဘုတာရုံလမ်း၊
လှိုင်မြို့နယ်တွင်တာဝန်ယူတည်ဆောက်နေသော

# ပြည့်စုံချမ်းသာ ကွန်ဒိုမီနီယမ်

"အလွှာတိုင်းအား
970 sq ft မှ 1840 sq sf အထိ
မတူညီသည့် အခန်းဖွဲ့စည်းပုံ (၁၅) မျိုး
နှင့် အခန်းတိုင်းအား
2 Master Bedrooms &
1 Single Bedroom
ဖြင့်ဖွဲ့စည်းပေးထားခြင်း"

**MMK 120,000 ~ 148,000psf**



- ဆိတ်ငြိမ်၍အချက်အချာကျသော ပတ်ဝန်းကျင်၊
- ပါရမီစိန်ဂေဟာ၊ သမိုင်း၊ လှည်းတန်း၊ အင်းယားကန်၊ MICT, ISM, ဘုရင့်နောင်၊ စော်ဘွားကြီးကုန်း၊ သီရိမင်္ဂလာဈေးတို့သို့ အလွယ်တကူ သွားရောက်နိုင်သောနေရာ၊
- နိုင်ငံတကာအဆင့်မီဓာတ်လှေကား (၅)စင်းနှင့်(၂၄)နာရီရေ၊ မီး ပေးဝေစနစ်၊
- အခန်းတစ်ခန်းဝယ်လျှင် ကားတစ်စီးနှုန်း နေရာစီစဉ်ပေးထားသည့် အပြင် ဧည့်သည် ကားများ အတွက်ပါ အပိုစီစဉ်ထားခြင်း၊
- မီးဘေးလုံခြုံရေးစနစ်နှင့် ခေတ်မီသော အမှိုက်ပစ်စနစ်၊
- ၃၀% လက်ငင်းပေးချေပြီးကျန်ငွေများအားလစဉ်အရစ်ကျ ပေးချေနိုင်သော စနစ်၊
- ချိုသာသောဈေးနှုန်းနှင့် ခိုင်မာသောပိုင်ဆိုင်မှု၊

မြေကြီးလုပ်ငန်း နှင့်
Pile လုပ်ငန်းများပြီးစီး၍
Foundation လုပ်ငန်းများ
လုပ်ဆောင်လျက်ရှိပါသည်။




ရန်ကုန်ရုံးချုပ် နှင့် ပြခန်းတည်နေရာ

အမှတ်(၂၁၉)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ (သံလမ်းမှတ်တိုင်အနီး)
၀၁-၈၅၅၁၃၃၄၊ ၀၁-၅၆၀၀၄၉၊ ၀၉-၄၉၂၀၂၉၂၂၊ ၀၉-၄၉၂၄၆၆၁၀
Email Address : goldengate@ggintldev.com
Website : www.goldengateintl.com

**HOT LINE : 09-250609049, 09-33166276**

# မွေးနေ့မင်္ဂလာဆုတောင်း

**ဒေါ်စန်းစန်းရင်**
**ဒုတိယအထွေထွေမန်နေဂျာ**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ရန်ကုန်မြို့။**

**အန်တီစန်း**၏ ၁၆-၃-၂၀၁၅ရက်တွင် ကျရောက်သည့် အသက်(၆၀)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပြီး ဘာသာ၊ သာသနာ အကျိုးအတွက် သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ချစ်သော တူ၊ တူမများက ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်တူ၊ တူမများ**
- မမိုးမာလာခိုင်-မောင်အောင်စိုးမိုး
- မခိုင်ဝတ်ရည်
- မောင်ဇင်ဝေကျော်
- မစုသန္တာနွယ်
- မောင်ဝင်းထွဋ်အောင်-မမေလွင်ဦး
- မောင်နိုင်လင်း-မဟန်ပိုသိန်း


## ရွှေပုပ္ပါး
ပုပ္ပါး ပုဂံ (အထူးခရီးစဉ်) (၃ညအိပ်၄ရက်)
မန်းရွှေစက်တော်(စားတည်းငြိမ်း) ၄၃၀၀၀ိ/- (၂ညအိပ်၃ရက်)
မန္တလေးမုံရွာစစ်ကိုင်းအလောင်းတော်ကဿပ(စားတည်းငြိမ်း)
တဆင့်သွားကားအငြိမ်း ၄၅၀၀၀ိ/-
March ၂၆ရက်ထွက်မည်
၀၁-၂၉၃၉၈၇၊ ၀၉-၇၃၀၂၈၅၉၇၊ ၀၉-၄၅၀၀၅၈၂၆၀

## MEGA TWO STAR
* ပုဂံ – ပုပ္ပါး – ပခုက္ကူ ၃ညာ၄ရက် ၈၀၀၀၀ိ/-
* တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ရွှေတော်ကဏ္ဍုပ္ပ၊ ထမိုးစီ ၄ည၅ရက် ၁၂၀၀၀၀ိ/-
Hotel, Restaurants
Mar 26 ထွက်ပါမည်။
(01) 8603651, (09) 5141446, 797942870, 251039391

## ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

## သုခလမ်းညွှန် Travels & Tours

| | |
|---|---|
| ◆ပုဂံ(ဆီမီး၀၀၀၀ပန်း၁၀၀၀)+ပုပ္ပါး+ပခုက္ကူ (Scania ၂ထပ်ကား) | Mar 26, Apr 17 |
| ◆တောင်ကြီး+အင်းလေး+ပင်းတယ+ကလော+လွိုင်ကော်+ဒီမောဆိုး | Mar 26 , Apr 12,18 |
| ◆ပြင်ဦးလွင်+ဒီးဂုတ်ရေတံခွန် နှင့် ရေပြာတိုင်+ဂုတ်ထိပ်တံတား | Mar 13,26,27,Apr13,12,18 |
| ◆ ချင်းပြည်နယ်+နတ်မတောင် | Mar 26, Apr 12,18 |
| ◆ ချင်းပြည်နယ်(ရိုစ်ရေကန်)+ကလေး+တမူး(မိုးရေး) | Mar 26, Apr 12,18 |
| ◆ မန္တလေး+ပြင်ဦးလွင်+စစ်ကိုင်း+မုံရွာ+အလောင်းတော်ကဿပ | Apr 13 |
| ◆ ထားဝယ်ရှင်ကိုးရှင်+မောင်းမကန်+စက်စဲ | Apr 12,18 |
| ◆ ရွှေစက်တော် + ပုဂံ + ပုပ္ပါး + ပခုက္ကူ | Apr 12 |

Ph : 01 539459, 09 252929722,33,44,55,66

## သိုးရာသီ ဓမ္မဒါန
ရွှေစက်တော်၊လပ်ဘုရားစုံ ခရီးစဉ်ငြိမ်း-၃၅၀၀၀ိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ိ
မန္တလေး-မေမြို့-အလောင်းတော်ကဿပ--၅၀၀၀ိ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ိ
Mar-20,27 သင်္ကြန်ခရီးစဉ်အတွက် ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797

## ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* **မန်းရွှေစက်တော်ဘုရားပွဲတော်** နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* **အလောင်းတော်ကဿပ** (ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်)ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လွိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ* မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလဘိုတောင်
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ကမီ
မဟာသင်္ကြန်ခရီးစဉ် လက်မှတ် ကြိုတင်ရောင်းပြီ
* ပြည်၊ အကောက်တောင်၊ နဂါးရုပ်တောင်ဆရာတော်ဖူး ☎371317,095124678, 09401589907

## ကား မျိုးစုံ
(Alphard/Crown/MarkII/အနီးစတုံး/Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126



ဘဂဝါ-သုဂတ-လောကနတ်-ဆရာ၏
မဟာသုတသောမဇာတ်လာ ဒေသနာ ဓမ္မအစဉ်တို့ကို
ထေရာသဘ အရှင် ဝရာဘိသံဃနာထမထေရ် သည်
စာအရှိမှန်စွာအညီ-ထိုထိုညီ၍ လိုပို မရှိ အများကောင်းရန်ဖို့
ပတ္တမြားနားတောင်းသဏ္ဌာန် ကဗိအစုံတကာ အထွတ်ပြုရသည့်

ပုံတော်စုံ
# မင်္ဂလကျွဲ
ဝတ္ထုတော်ကြီး

ဖြန့်ချိရေး
သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်
အမှတ်-၃၇၊ ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ။
ဖုန်း-၀၉-၃၁၇၈၁၉၈၁၊ ၀၉-၂၅၂၀၈၂၆၆၄၊ ၀၉-၅၀၉၉၃၇၆

ခင်ချိုထွန်းစာပေမှ
ထွက်ပြီ

မန္တလေး – နဂါးစာပေနှင့်ထွန်းဦးစာပေတို့တွင် ရရှိနိုင်ပါသည်။
ခင်ချိုထွန်းစာပေ၊ ဖုန်း – ၀၁ – ၅၄၂၀၅၆

## ၂၀၁၅ နှစ်သစ်ကူး မဟာသင်္ကြန်တွင်
## သင်္ကြန်မဏ္ဍပ် တပ်ဆင်ဆောက်လုပ်လိုသူများအတွက်
# သတင်းကောင်း !!!

အရည်အသွေးမြင့် **Scaffolding** များဖြင့်
◆ သေသပ်လှပသော ဒီဇိုင်းများဖြင့် အလှဆင်ဆောက်လုပ်နိုင်ခြင်း၊
◆ ပေါ့ပါးနိုင်ခံနိုင်ခြင်း။
◆ တပ်ဆင်ရလွယ်ကူပြီး အချိန်ကုန်သက်သာစေခြင်း၊

**OUR SERVICES**
| ကျွမ်းကျင်လုပ်သားများမှ လိုက်လံတပ်ဆင်ပေးခြင်း
| သင့်တင့်သော ဈေးနှုန်းများ သတ်မှတ်ပေးထားခြင်း

09 73201130, 09 31070936, 09 33243360



Hot Line No-0930500100

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် လက်တစ်ကမ်းတွင်ရှိနေပြီ အနည်းငယ်ကြိုးစားရုံဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိတော့မည်ဖြစ်



နေပြည်တော် မတ် ၁၅

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)တို့ ပထမဆုံးအကြိမ် နေပြည်တော်၌ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဆွေးနွေးပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ယနေ့

## မာတိကာ

ဒေသဖွံ့ဖြိုး ကျေးလက်အကျိုး

စာမျက်နှာ - ၂

ကမ္ဘာပတ်နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် မြန်မာနိုင်ငံသို့ မတ် ၁၉ ရက်တွင် ရောက်ရှိမည်

စာမျက်နှာ - ၄

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၁၅**

မတ်လ ၁၃ ရက်နေ့ ညနေပိုင်း ကိုးကန့်ဒေသအတွင်း ကိုးကန့်သောင်းကျန်းသူများနှင့် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းခရိုင် မုန်တိမ်မြို့ တာ့ရွှေရှန်းထုကျေးရွာအနီး ကြံခင်းတွင် တရုတ်နိုင်ငံသား ငါးဦးသေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအချင်းချင်းနှင့် တပ်မတော်များအချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့တပ်မတော်သည် အထက်ပါကိစ္စနှင့်ပတ်သက်၍ ပဏာမစုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေးရှုပြီး တစ်ဖက်နယ်နိမိတ်ကို ကျော်လွန်ခြင်းမရှိစေရန် ပစ်ခတ်တိုက်ခိုက်မှုများကို မိမိတို့နိုင်ငံ နယ်နိမိတ်အတွင်း၌သာ အထူးအလေးထား ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် တိုက်ခိုက်မှုများကြောင့် နယ်နိမိတ်နှင့်နီးကပ်စွာတည်ရှိသော တရုတ်နိုင်ငံတွင်းမှ ပြည်သူအချို့ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ရကြောင်း ဖော်ပြအပ်ပါသည်။

ဖြစ်စဉ်အသေးစိတ်နှင့် ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် မြေပြင်တွင် ပဏာမစစ်ဆေးမှုများပြုလုပ်ရန် ယနေ့(၁၅-၃-၂၀၁၅)ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် တရုတ်နိုင်ငံဘက်မှ ဒေသခံအာဏာပိုင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

## မြန်မာအသင်း နှစ်ပွဲဆက်နိုင် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်



**မြန်မာအသင်း အိန္ဒိယအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။**
(သတင်း၊ စာမျက်နှာ - ၈)




themirror.npt@gmail.com
www.facebook.com/themirrordaily